ကြေးမုံ
The Mirror Daily
ထွေထွေရာ မြို့ပြင် ဘွင် စာနယ်ဇင်းဆောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 22 November 2020 ၁၀၂၀၄

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဗြိတိန်ဝန်ကြီးချုပ်က ရွေးကောက်ပွဲအောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်စကား ပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောရစ်ဂျွန်ဆင်နှင့် ယမန်နေ့ ညနေပိုင်းတွင် တယ်လီကွန်ဖရင့်ဖြင့် ဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးရာတွင် ဗြိတိန်ဝန်ကြီးချုပ်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား မြန်မာနိုင်ငံ၌ မကြာမီကကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရရှိခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းကို ပြောကြားခဲ့ပြီး၊ နှစ်ဖက်ခေါင်းဆောင်များက နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဗြိတိန်နိုင်ငံတို့အကြား မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးကာလတွင် ရင်ဆိုင်နေရသည့် ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် စိန်ခေါ်မှုများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့အပြင် ဗြိတိန်ဝန်ကြီးချုပ်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား လာမည့်ဒီဇင်ဘာလတွင် ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး ဗီဒီယိုကွန်ဖရင့်သို့လည်းကောင်း၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုညီလာခံ (COP 26) သို့လည်းကောင်း ပါဝင်တက်ရောက်ရေးအတွက် ဖိတ်ကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်



အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။


**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၅၆ ဦးအား နယူးဒေလီမြို့ရှိ မြန်မာသံရုံး၏ အစီအစဉ်ဖြင့် Air India လေကြောင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၄၀ အပါအဝင် မြန်မာနိုင်ငံသား စုစုပေါင်း ၁၂၀ အား ကင်ဘာရာမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၆)ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻

**ကြေးမုံ ယနေ့ ဖတ်စရာ**

လူသားတို့ရဲ့ အသိပညာ၊ အတတ်ပညာတွေ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင့်မြင့်ပညာတွေကို အစဉ်မပြတ် ဖြန့်ဝေပေးခဲ့တဲ့ အထင်ကရ ပညာ့ဗိမာန် ရန်ကုန်တက္ကသိုလ်ကြီးဟာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ နှစ်(၁၀၀)ပြည့်ပါပြီ



စာမျက်နှာ » ၈

C B BANK
Best Digital Bank 2020
By ASIAMONEY
CB Pay မှတဆင့် မြန်မာတစ်နိုင်ငံလုံးရှိအခြားဘဏ်များသို့ ငွေလွှဲမယ်/ဘီလ်တွေဆောင်မယ်။
Other Banks Transfer
Meter Bill Payment
Mobile Phone Bill Top-up
Insurance Payment
Card Payment
IRD Tax Payment
Contact Center : 01-231 777 0
ငွေသွင်း/ငွေထုတ် အတွက်ဆို 24/7 CRM ရှိတယ်။

# အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတော်သမ္မတထံသို့ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ မွန်ဂျေအင်းက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၂၁**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတော်သမ္မတထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်းက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ -

### နိုင်ငံတော်သမ္မတထံသို့ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ မွန်ဂျေအင်းထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မကြုံစဖူး စိန်ခေါ်မှုများအကြား အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်သည့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၄၅)နှစ်ပြည့် အထိမ်းအမှတ်သည် မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ အပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ပါကြောင်း၊

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့နှစ်နိုင်ငံအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ခြင်းအပေါ် အားရကျေနပ်မိပါကြောင်း၊

မိမိတို့နှစ်နိုင်ငံအနေဖြင့် လက်ရှိစိန်ခေါ်မှုများကို အတူတကွကျော်လွှားနိုင်ပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာစေရန် မျှော်လင့်ပါကြောင်း၊

အဆွေတော်ကျန်းမာစေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာယာဝပြောမှု အစွန့်ရှည်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

# ကြေးမုံ

## အရေးကြီးဆုံးအခါတွင် အကောင်းဆုံးပြုမူ

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမှာ ယခုရက်ပိုင်းအတွင်း၌ ကူးစက်ဖြစ်ပွားနှုန်းတက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ရွေးကောက်ပွဲမတိုင်မီကာလက ရောဂါဖြစ်ပွားမှုမှာ ပိုးတွေ့လူနာ နေ့စဉ် တစ်ထောင်ဝန်းကျင်နှင့်အောက်ရှိခဲ့ရာမှာ ရွေးကောက်ပွဲအပြီး တစ်ပတ်၊ ဆယ်ရက်ကြာသည်နှင့် ပိုးတွေ့လူနာ နေ့စဉ် တစ်ထောင့်ငါးရာနှင့်အထက် ရှိလာသည်ကို တွေ့ရသည်။

ရွေးကောက်ပွဲနှင့်ပတ်ဝန်းကျင်ကာလဖြစ်သည့် ရွေးကောက်ပွဲအကြိုလှုပ်ရှားသည့်နေ့များနှင့် မဲဆန္ဒပေးသည့်နေ့က တစ်နိုင်ငံလုံး ပြည်သူလူထုတစ်ရပ်လုံးအရေးကိစ္စအနေဖြင့် လူအများစုရုံးမှုများနှင့် တွေ့ကြုံခဲ့ရသည်။ ထိုသို့ လူစုလူဝေးဖြစ်ခဲ့သောအခြေအနေကြောင့် ရောဂါကူးစက်မှုနှုန်းတက်လာမည့်အရေးကို ကြိုတင်ခန့်မှန်းခဲ့ကြရာ ခန့်မှန်းသည့်အတိုင်း ယနေ့ကြုံတွေ့နေရပြီဖြစ်သည်။ လာမည့်ရက်သတ္တပတ်နှင့် ရှေ့တစ်လတာကာလများတွင်လည်း ပြည်သူအားလုံးနှင့်သက်ဆိုင်သော နေ့ရက်များနှင့်လည်း ကြုံရဦးမည်ဖြစ်ရာ ပြည်သူများ ရောဂါမကူးစက်ရေးကို အလေးထားပြုမူဆောင်ရွက်ကြရမည် ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများသို့ အစီရင်ခံတင်ပြရာ၌ "ကာကွယ်ဆေး သိုလှောင်ဖို့၊ ဖြန့်ဖြူးဖို့၊ ထိုးပေးဖို့ အစီအစဉ်တွေလည်း စပြီးလုပ်နေပါတယ်။ ဒါကြောင့် ပြည်သူတွေက ဒီကြားထဲမှာ ရောဂါမရအောင်နေပါ။ ကာကွယ်ဆေး ပေါ်ခါနီးမှ ရောဂါရတယ်ဆိုရင် မကောင်းပါဘူး။ ဒါကြောင့် အားတင်းထားပါ။ ဂရုစိုက်ပါ။ တတ်နိုင်သမျှ ခရစ္စမတ်အချိန်၊ နှစ်သစ်ကူးအချိန်မှာ အပြင်မထွက်ကြပါနဲ့။ လူစုလူဝေး ဖြစ်အောင် မနေကြပါနဲ့" ဟု အသိပေးပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားခြင်းသည် ရောဂါပိုးရှိသူနှင့်ထိတွေ့ခြင်းမှ ကူးစက်ခြင်းဖြစ်၍ လူအချင်းချင်းထိတွေ့ရာမှ ရောဂါပြန့်ပွားခြင်း မဖြစ်စေရန် လူစုလူဝေးရှောင်ရှားခြင်း၊ မဖြစ်မနေ အပြင်ထွက်ရမည်ဆိုလျှင် ပါးစပ်၊ နှာခေါင်းစည်းအကာအကွယ် တပ်ဆင်ခြင်း၊ ဖြစ်နိုင်လျှင် ပါးစပ်၊ နှာခေါင်းစည်းအပြင် မျက်နှာအုပ်သည့် ပလတ်စတစ်အကာကိုပါ ထပ်မံတပ်ဆင်ခြင်းများ ဆောင်ရွက်ထားသင့်သည်။ ထို့အပြင် အပြင်ဘက်သို့ ဝင်ထွက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေသေချာချာဆေးကြောပေးရန် လိုအပ်ပါသည်။ ယင်းကိစ္စကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ပြည်သူများအား အကြိမ်အခါပေါင်း ရာနှင့်ချီ၍ အသိပေးပြောကြားလေ့ရှိသော်လည်း လိုက်နာမှုအပိုင်းတွင် အားနည်းနေသေးသည်ကို တွေ့ရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် တစ်နှစ်နီးပါးအချိန်သို့ ရောက်ရှိလာပြီဖြစ်၍တစ်ကြောင်း၊ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာ၍တစ်ကြောင်း၊ မကြာမီကာလတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရတော့မည်ဖြစ်၍ တစ်ကြောင်း ပြည်သူများအနေဖြင့် ယခုကာလတွင် ရောဂါကူးစက်ခြင်း မရစေရေးအတွက် သတိထားဆင်ခြင်၍ ကျန်းမာရေးဆိုင်ရာစည်းကမ်းများကို အလေးထားလိုက်နာကြရန် လိုအပ်မည်ဖြစ်သည်။

ယင်းသို့သောအနေအထားများကြောင့် လာမည့်ကာလတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကို ပိုမိုထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ရောဂါဖြစ်မှုပိုလျှင် စည်းကမ်းတိုး၊ ရောဂါဖြစ်မှုနည်းလျှင် စည်းကမ်းလျှော့သည့် ပိုတိုးနည်းလျှော့အစီအမံများ ထပ်မံပြုလုပ်ရသည်။ မြို့ကြီးများတွင် ကျန်းမာရေးဆိုင်ရာ လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများ ထုတ်ပြန်ထားပြီးဖြစ်သလို ရောဂါဖြစ်ပွားမှုများသော မြို့ကြီးများတွင် Stay at Home အစီအစဉ်များ ထုတ်ပြန်ထားပြီးဖြစ်သော်လည်း အတတ်နိုင်ဆုံး နေအိမ်တွင်သာ နေထိုင်ကြရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပန်ကြားချက် ထုတ်ပြန်ထားသည်။

မျက်မှောက်အချိန်ကာလသည် ရောဂါကပ်ဘေးမှအစ စိန်ခေါ်မှုများစွာတို့နှင့် ကြုံတွေ့ခဲ့ရသော ၂၀၂၀ ပြည့်နှစ်ကာလ ကုန်ဆုံးလုနီးပါးရှိလာပြီဖြစ်သည်။ လာမည့်နှစ်သစ်တွင် ပြည်သူများ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ကောင်းမွန်သောအနာဂတ်သစ်ကို တည်ဆောက်ရယူနိုင်ရန်အတွက် ယနေ့အချိန်အခါသည် အရေးအကြီးဆုံးအချိန်ကာလဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအတွက် အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်နေပြီး ပြည်သူများကလည်း ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို အလေးထားလိုက်နာပြီး စည်းလုံးညီညွတ်စွာဖြင့် အတူလက်တွဲပါဝင်ကြရမည် ဖြစ်ပါကြောင်း။ ။

## ကျေးလက်နေပြည်သူ ငါးထောင်ကျော်အကျိုးခံစားရမည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည်

**နေပြည်တော် နိုဝင်ဘာ ၂၁**

မွန်ပြည်နယ် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ် ၆၇၆ ဒသမ ၄ သန်းဖြင့် ကျေးလက်နေပြည်သူ ငါးထောင်ကျော်အကျိုးခံစားရမည့် ရေပေးဝေရေးလုပ်ငန်း၊ ကျေးရွာတွင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ ကျေးရွာကုန်ထုတ်လမ်းအား မြေသားဂဝံခင်းခြင်းလုပ်ငန်း၊ ကုန်ထုတ်တံတားနှင့် Box Culvert များ ဆောက်လုပ်ခြင်းတို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအား ပြည်ထောင်စုအစိုးရမှုလရန်ပုံငွေကျပ် ၄၆ ဒသမ ၈ သန်းဖြင့် ရေပေးဝေရေးလုပ်ငန်း ခုနစ်ခု၊ ဌာနမွမ်းမံ ရန်ပုံငွေကျပ် ၉ ဒသမ ၈ သန်းဖြင့် ရေပေးဝေရေးလုပ်ငန်း တစ်ခု၊ ယူနီဆက်ရန်ပုံငွေကျပ် ၉ ဒသမ ၇ သန်းဖြင့် ရေပေးဝေရေးလုပ်ငန်း တစ်ခုနှင့် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၆၁၀ ဒသမ ၄ သန်းဖြင့် မြေသားဂဝံခင်းခြင်းလုပ်ငန်း တစ်ခု၊ ကုန်ထုတ်တံတား ငါးစင်း၊ Box Culvert နှစ်စင်း၊ ကျေးရွာတွင်းကတ္တရာလမ်းခင်းခြင်းလုပ်ငန်း နှစ်ခုနှင့် ကျေးရွာချင်းဆက်တံတား တစ်စင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသများတွင် ဆောင်ရွက်ပေးလျက်ရှိရာ အထက်ပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လယ်ဧက ၄၁၄၀၊ အိမ်ခြေ ၁၄၄၀ နှင့် လူဦးရေ ၅၃၈၁ ဦးတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်(သတင်းစဉ်)**

MYANMAR Digital News
Presented by MPI
www.mdn.gov.mm



## ကော့ကရိတ်မြို့နယ်၌ သမိန်ဒွတ်-ခရင်း ကျောက်ခင်းလမ်းနှင့် Box Culvert သုံးစင်း တည်ဆောက်မည်

**နေပြည်တော် နိုဝင်ဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ကွပ်ကဲမှုအောက်ရှိ ကော့ကရိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောထူးနှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၉ ရက်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု)ရန်ပုံငွေဖြင့် ကော့ကရိတ်မြို့နယ်အတွင်း သမိန်ဒွတ်-ခရင်း ကျောက်ခင်းလမ်း(၁/၆)မိုင် ခွင့်ပြုရန်ပုံငွေကျပ် ၁၉၆ ဒသမ ၀၉၅ သန်းနှင့် အဆိုပါလမ်းပေါ်ရှိ ငါးပေ Box Culvert သုံးစင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၀၄၃ သန်းဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများနေရာ အတည်ပြုသတ်မှတ်ဆောင်ရွက်ရန်အတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါတည်ဆောက်ရေးလုပ်ငန်းများကို နိုဝင်ဘာ ၁၉ ရက်မှစ၍ လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေးနှင့် အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် အနီးကပ် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ချိုဆင့်**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| အကြီးတန်း | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးကျော်စွာလင်း၊ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ငုယင်ဖုကျောင့်၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်းနှင့် ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်းဒရက် ဘာဘိစ်ရှ် တို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် နိုဝင်ဘာ ၂၁

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ငုယင်ဖုကျောင့်၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်းနှင့် ချက်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ အန်းဒရက် ဘာဘိစ်ရှ် တို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ-

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ငုယင်ဖုကျောင့် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီကိုယ်စား မိမိအနေဖြင့် မကြာမီကကျင်းပခဲ့သည့် မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီက အောင်မြင်မှုရရှိခဲ့ခြင်းအတွက် အဆွေတော်နှင့်တကွ ပါတီခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊

ပြီးခဲ့သည့်နှစ်များအတွင်း အဆွေတော်ခေါင်းဆောင်သည့် NLD ပါတီ၏ ဦးဆောင်မှုဖြင့် မြန်မာအစိုးရအနေဖြင့် အခက်အခဲနှင့် စိန်ခေါ်မှုများစွာတို့ကို ရဲရင့်စွာရင်ဆိုင်ကျော်လွှားနိုင်ကာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မြှင့်တင်နိုင်ခဲ့ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားသည့် အောင်မြင်မှုများကို မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း၊ အထွေထွေရွေးကောက်ပွဲရလဒ်သည် NLD ပါတီ၏ ဦးဆောင်မှုအပေါ် မြန်မာပြည်သူများ၏ ထောက်ခံမှုနှင့် ယုံကြည်မှုတို့ကို ထပ်မံထင်ဟပ်ပြသခဲ့ခြင်းဖြစ်ပါကြောင်း၊

NLD ပါတီအနေဖြင့် စွမ်းဆောင်ရည်၊ လေးနက်သည့်ခံယူချက်၊ ထပ်မံဦးစီးဆောင်ရွက်ခွင့်များနှင့်အတူ မြန်မာပြည်သူများအား ဦးဆောင်ဦးရွက်ပြု၍ စိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းနိုင်ပြီး မကြာမီ ကမ္ဘာ့ကပ်ရောဂါအား ထိန်းချုပ်ကာကွယ်နိုင်၍ စီးပွားရေးပြန်လည်ကောင်းမွန်လာပြီးနောက် မြန်မာနိုင်ငံအား ငြိမ်းချမ်းသာယာ၊ စည်းလုံးပြီး သာတူညီမျှကြွယ်ဝတိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား တည်ထောင်ထားသည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးနှင့် မိမိတို့ပါတီနှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုခိုင်မာပြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် ဆန္ဒပြုပါကြောင်း၊

အဆွေတော်ကျန်းမာပျော်ရွှင်စေရန်နှင့် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်းထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မကြာမီကကျင်းပခဲ့သည့် မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် မြန်မာပြည်သူများ၏ တစ်ခဲနက်အားပေးထောက်ခံမှုဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အောင်နိုင်မှုရရှိခဲ့ခြင်းအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊

ယင်းရွေးကောက်ပွဲသည် အဆွေတော် စွမ်းဆောင်အောင်မြင်ခဲ့သည့် ရလဒ်ကောင်းများအပေါ် မြန်မာပြည်သူများ၏ ယုံကြည်မှုနှင့် ထောက်ခံအားပေးမှုကို ထုတ်ဖော်ပြသခဲ့ခြင်း ဖြစ်ပါကြောင်း၊ "ပြည်သူသာအဓိက"ဟူသည့် ဆောင်ပုဒ်နှင့်အညီ အဆွေတော်၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာပြည်သူများသည် ပျော်ရွှင်မှုနှင့် သာယာဝပြောမှုတို့ကို ရရှိခံစားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊

၂၀၂၀ ပြည့်နှစ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၄၅)နှစ်ပြည့်အထိမ်းအမှတ်မှသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများအပါအဝင် ကဏ္ဍစုံ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အစဉ်အမြဲ ခိုင်မာတိုးတက်စေရန် ထိန်းသိမ်းသွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုနှင့် ဘုံသာယာဝပြောမှုတို့ကို အတူတကွဆက်လက်ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊

အဆွေတော် ကျန်းမာစေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာယာဝပြောမှုတည်တံ့စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်းဒရက် ဘာဘိစ်ရှ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အလေးအနက်ထားပါကြောင်း၊ အဆွေတော်အနေဖြင့် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ထောက်ခံအားပေးသွားမည်ဟု မိမိအနေဖြင့် ခိုင်မာစွာယုံကြည်ပါကြောင်း၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များ အထူးသဖြင့် စီးပွားရေး၊ ယဉ်ကျေးမှု၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်များတွင် နှစ်နိုင်ငံ အပြန်အလှန် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါကြောင်း၊ အဆွေတော်အနေဖြင့် ကြီးလေးသောတာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

# ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ဆုများစိစစ်ရွေးချယ်ခြင်း အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ဆုများချီးမြှင့်ရေးအတွက် ဆုများစိစစ်ရွေးချယ်ခြင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ရွေးချယ်ထား

ရှေးဦးစွာ ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ကဗျာပြိုင်ပွဲဆုများ စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမြင့်( မောင်ရင့်မာ ကျောင်းကုန်း)က ကဗျာပြိုင်ပွဲတွင် ရန်ကုန်တက္ကသိုလ်ကို ချစ်မြတ်နိုးကြသူ ပြိုင်ပွဲဝင်ဦးရေ ၁၁၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပြိုင်ပွဲဝင် ကဗျာပေါင်း ၁၂၈ ပုဒ် ရှိပါကြောင်း၊ ကဗျာရွေးချယ်မှုတွင် အကဲဖြတ်ဒိုင်များက အကဲဖြတ်သည့် စိတ်ကူးများ မတူညီကြကြောင်း၊ ပြိုင်ပွဲတွင် ကဗျာစပ်ဆိုနည်းကို ကန့်သတ်ထားခြင်းမရှိကြောင်း၊ အကဲဖြတ်ဒိုင်များက ပြိုင်ပွဲဝင်စာမူများကို တစ်ဦးလျှင် အပုဒ်ရေ ၂၀ ခန့် စိစစ်အကဲဖြတ် ရွေးချယ်ထားကြကြောင်း၊ ယခုစိစစ်ရွေးချယ်ပွဲတွင် ပြိုင်ပွဲဝင်သူများ၏ စာမူများကို လေးစားသောအားဖြင့် အမှန်တကယ် ဆုရရှိထိုက်သူများကိုသာ စိစစ်ရွေးချယ်စေနိုင်ကြရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကဗျာပြိုင်ပွဲအကဲဖြတ်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးသိမ်းစိုး(မင်းချမ်းမွန်)၊ ဦးရန်စိန်(မောင်စံဖြော)၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာလှလှသန်းနှင့် လက်ထောက်ကထိက ဒေါက်တာအောင်ဆန်းတို့က ရွေးချယ်ထားသည့် ကဗျာများကို တင်ပြကြပြီး ယင်းတို့အနက်မှ အကဲဖြတ်အဖွဲ့ဝင်များ နှစ်သက်မှုအများဆုံးရရှိသည့် ကဗျာများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုငါးဆု အပါအဝင် စုစုပေါင်း ဆုရှစ်ဆုပေးရန် အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ကြသည်။

### ဖော်ညွှန်းရေးသား

ရန်ကုန်တက္ကသိုလ် နှစ်၁၀၀ ပြည့် အထိမ်းအမှတ် ကဗျာပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းအစဉ်အလာကြီးမားခဲ့မှုများ၊ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့်အညီ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနေမှုများ၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော တက္ကသိုလ်ကြီးတစ်ခု ပေါ်ပေါက်လာစေရန်နှင့် လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးကို အကျိုးပြုနိုင်သော စွမ်းဆောင်ရည် ပြည့်ဝသည့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရန် ကြိုးပမ်းဆောင်ရွက်နေမှုများ စသည်တို့ကို ဖော်ညွှန်းရေးသားယှဉ်ပြိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မုဒုံမြို့နယ် မြတ်ပညာ ငွေစုငွေချေးသမဝါယမအသင်း အစည်းအဝေးကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၁

မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေးသမဝါယမအသင်းမှ အသင်းသူ အသင်းသားများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါအသင်းရုံး၌ ကျင်းပရာ မုဒုံမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမအသင်းစု အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြတ်ပညာငွေစုငွေချေး သမဝါယမအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ အုပ်စုခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်ကာလ အသင်းသား ၂၅၆၄ ဦးအတွက် စုဆောင်းပေါ်အတိုး တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းကို လည်းကောင်း၊ အသင်းသားများ၏ သာရေးနာရေး စုစုပေါင်း ငွေကျပ် ၆၃၃၀၀၀၀ ကိုလည်းကောင်း၊ ပြင်ပလူမှုရေးလုပ်ငန်းများအတွက် ငွေကျပ် ၁၅၉၀၀၀၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြန်လည်ဆွေးနွေးခြင်းနှင့် ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တိရစ္ဆာန်ဥယျာဉ်နှင့် ကျောက်စိမ်းသိုလှောင်ရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၁**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ရေဆင်းရှိ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိရစ္ဆာန်ဥယျာဉ် ရှင်းလင်းဆောင်တွင် တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူးက ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ နိုင်ငံတွင်း ကူးစက်ပြန့်ပွားမှုကြောင့် ယခုနှစ် မတ် ၂၆ ရက်မှစ၍ တိရစ္ဆာန်ဥယျာဉ်များ ပိတ်ခဲ့ရသည့်အတွက် ဝင်ငွေကျဆင်းလာမှု၊ တိရစ္ဆာန်အစာရိက္ခာဝယ်ယူရန်၊ ဝန်ထမ်းလုပ်ခလစာနှင့် ပြုပြင်ထိန်းသိမ်းကုန်ကျစရိတ်များအတွက် ကြုံတွေ့ရသည့်အခက်အခဲများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိရစ္ဆာန်ဥယျာဉ်များအား သက်တမ်းတိုးဆက်လက်ငှားရမ်းဆောင်ရွက်မည့်အစီအစဉ်၊ ငှားရမ်းမှု သက်တမ်းကုန်ဆုံးချိန်၌ Package စနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့် အစီအစဉ်နှင့် ဌာနမှဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ သဘောထားမှတ်ချက်နှင့် ခွင့်ပြုချက်တင်ပြတောင်းခံထားမှု အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်ဥယျာဉ်များကို ပြန်လည်ဖွင့်လှစ်ပါက ဖွင့်လှစ်ချိန်အကန့်အသတ်၊ လူဦးရေအကန့်အသတ်များဖြင့် ဝင်ရောက်လေ့လာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကာ ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်နိုင်ပါက ကျောင်းသား၊ လူငယ်၊ ပြည်သူများလည်း စိတ်အပန်းဖြေနိုင်မည့်အပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ပြည်သူများ၏ စိတ်ဖိစီးမှုများကိုလည်း အတိုင်းအတာတစ်ခုအထိ လျှော့ချဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ တိရစ္ဆာန်ဥယျာဉ်၏ အခက်အခဲများကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများ၌ တိရစ္ဆာန်ဥယျာဉ်ဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေနှင့် ချမှတ်ဆောင်ရွက်ကြသည့် ကျန်းမာရေးလမ်းညွှန်ချက်များကို လေ့လာထားရှိရန်၊ တိရစ္ဆာန်များကိုလည်း အစာအာဟာရလုံလောက်စွာ ဖြည့်တင်းနိုင်ရေး ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကျန်းမာရေးအတွက်လည်း အထူးအလေးထား စောင့်ရှောက်စေလိုကြောင်း၊ တိရစ္ဆာန်ပြန်းတီးမှုနှင့် တိုးပွားမှုကို မှတ်တမ်းပြုစုထားရှိရန် လိုအပ်ကြောင်းနှင့် လိုအပ်သည့် ရန်ပုံငွေကို အချိန်နှင့်တစ်ပြေးညီ ရရှိရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ နေပြည်တော်သတ္တုတွင်း စီမံကိန်းရုံးဝင်းအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် RC လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုနှင့် ထပ်မံဆောက်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက နေပြည်တော်ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ကျောက်စိမ်းသိုလှောင်ရုံများ၌ ဖမ်းဆီးရမိကျောက်စိမ်းများ သိုလှောင်ထားရှိမှု၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချရန်အတွက် ကျောက်အတွဲများ အတွဲဖွဲ့ဆောင်ရွက်ထားရှိမှု၊ ယာယီလက်ခံသိမ်းဆည်းထားရှိသည့် ကျောက်စိမ်းများကို လုံခြုံမှုအာမခံအခန်းအတွင်း သိုလှောင်သိမ်းဆည်းထားရှိမှု၊ ဝန်ကြီးဌာနနှင့် အကျိုးတူကုမ္ပဏီများက တူးဖော်၍ အပ်နှံထားရှိသည့် ကျောက်စိမ်းရိုင်းများအား သိုလှောင်သိမ်းဆည်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အမျိုးသားအဆင့်စီမံကိန်း ဦးဆောင်ကော်မတီ- NPSC အစည်းအဝေး ဒုတိယအကြိမ် ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၁**
အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အမျိုးသားအဆင့်စီမံကိန်း ဦးဆောင်ကော်မတီ- NPSC ၏ ဒုတိယအကြိမ် အစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့်စီမံကိန်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က အဖွင့်အမှာစကား ပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က စီမံကိန်းနှင့်စပ်လျဉ်း၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုအဆင့် နည်းပညာအကြံပေးအဖွဲ့ဝင်များ၊ စီမံကိန်းဒေသများဖြစ်သည့် ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (International Fund for Agricultural Development-IFAD) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများမှ တစ်ခုအပါအဝင်ဖြစ်ပြီး IFAD ၏ ချေးငွေ၊ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၅၇ သန်းဖြင့် ချင်းပြည်နယ်(တောင်ပိုင်း)နှင့် မကွေးတိုင်းဒေသကြီး(မြောက်ပိုင်း) တို့တွင် မိသားစုဝင်ငွေတိုးပွားစေရန်၊ စားနပ်ရိက္ခာဖူလုံစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန်၊ အာဟာရပြည့်ဝစေရန်နှင့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်နိုင်စွမ်းအားကောင်းမွန်လာစေရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်တို့ကို ရည်ရွယ်၍ စီမံကိန်းကာလ ခြောက်နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်း လုပ်ငန်းများအဖြစ် ဆည်မြောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းများ၊ ကုန်ထုတ်လမ်း၊ ရေပေးရေးနှင့် မီးလင်းရေး စသည့် ထုတ်လုပ်မှုလုပ်ငန်းများအပြင် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နည်းပညာပြန့်ပွားရေးစင်တာများ ထူထောင်ခြင်းနှင့် နည်းပညာပံ့ပိုးခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ တောင်ကုန်းတောင်စောင်းစိုက်ပျိုးခြင်း နည်းပညာဖြန့်ဖြူးပေးခြင်း လုပ်ငန်းများ၊ ခေတ်မီမွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို ဆက်စပ်ဌာနများဖြစ်ကြသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းစတင်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ စိုက်ပျိုးမြေ ၂၆၂ ဧကဖော်ထုတ်ပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်အိမ်တွင်းသက်မွေးပညာဆိုင်ရာ သင်တန်းသား သင်တန်းသူပေါင်း ၅၅၇ ဦးကို နည်းပညာသင်တန်းများ ဆောင်ရွက်ပေးခြင်း လုပ်ငန်းများအပါအဝင် ကျေးလက်အိမ်ထောင်စုပေါင်း ၄၅၀၈ စုကို အကျိုးပြုစေခဲ့ပြီး စီမံကိန်းမှ နိုင်ငံတော်၏ စီးပွားရေးကုစားမှုအစီအစဉ်ကို အထောက်အကူပြုရန် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်နစ်နာရသည့် ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ခဲ့သည့် Cash for Work လုပ်ငန်း ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လုပ်သားအင်အား ၄၇၂၅ ဦးနှင့် အိမ်ထောင်စုပေါင်း ၃၁၄၈ စုကို ဝင်ငွေရရှိစေနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ် ငွေထုတ်ချေးမှု ကွင်းဆင်းဆောင်ရွက်

**ရေတာရှည် နိုဝင်ဘာ ၂၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်မတည်ငွေရင်း ကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာပေါင်း ၅၁ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာတွေကို ကျေးရွာအလိုက် ကော်မတီအဖွဲ့ရဲ့ ညှိနှိုင်းဆုံးဖြတ်ချက်တွေနဲ့ ချေးငွေများထုတ်ပေးရာမှာ အခု ဆွာမင်းကျေးရွာဆိုရင် တတိယအကြိမ်မြောက်ချေးငွေထုတ်ပေးခြင်းဖြစ်ပါတယ်။ လူဦးရေ ၁၃၈ ဦး၊ ထုတ်ချေးငွေ ၃၆၂ သိန်းရှိပါတယ်။ ငွေချေးတဲ့အခါမှာ အိမ်ထောင်စုတစ်စုကို ကျပ်တစ်သိန်းကနေ သုံးသိန်းအထိ ချေးပေးတာဖြစ်ပါတယ်"ဟု မြို့နယ် ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွှန့်က ပြောသည်။

ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများကို တိုးချဲ့နိုင်ခြင်း၊ ရရှိလာသော အတိုးရရှိငွေများကို ဘဏ်တွင်စုဆောင်း၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အကျိုးရှိစွာ သုံးစွဲနိုင်ကြမည်ဖြစ်သည်။

**ကိုလွင်**



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စည်းကမ်းများကို လိုက်နာစို့**

* ရှေ့ဖုံးမှ
ယနေ့ ည ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မော်လမြိုင်ရုံးခွဲ) ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မော်လမြိုင်ရုံးခွဲ) ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက မော်လမြိုင်မြို့ ဈေးကြိုအပိုင်းနားရှိ အဆိုပါရုံးသစ်၌ ကျင်းပခဲ့သည်။

**အခွင့်အရေးများ လက်လှမ်းမီစေ**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (မော်လမြိုင်ရုံးခွဲ)ဖွင့်ပွဲအခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မြန်မာနိုင်ငံတစ်ဝန်းတွင် နှစ်ကာလကြာရှည်စွာ အမြစ်တွယ်ရှင်သန်နေသည့် အဂတိလိုက်စားမှုပြဿနာများကို မိမိတို့အစိုးရအနေဖြင့် နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာဖြင့် ကိုင်တွယ်ဖြေရှင်းပေးနေစဉ် ယခုလို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မော်လမြိုင်ရုံးခွဲ)ကို ဖွင့်လှစ်ပေးရခြင်းအတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အဂတိလိုက်စားမှုများကို စိတ်ပါလက်ပါ ဆန့်ကျင်တိုက်ခိုက်ခြင်းဖြင့် အဂတိလိုက်စားမှုကင်းစင်သည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပေါ်စေနိုင်ပြီး တရားဥပဒေစိုးမိုးသော လူ့အဖွဲ့အစည်းတစ်ရပ်ကိုပါ ဖော်ဆောင်စေနိုင်ပါကြောင်း၊ ထို့အပြင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အင်စတီကျူးရှင်းများ တည်ဆောက်ရေးကိုပါ ဖြစ်ထွန်းစေမည်ဖြစ်သည့်အတွက် လူသားတိုင်း မိမိတို့ခံစားရရှိနိုင်သည့် အခွင့်အရေးများကို လက်လှမ်းမီစေပြီး စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာသော လူနေမှုဘဝများကို ပိုင်ဆိုင်စေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**လက်တွဲတွန်းလှန်တိုက်ဖျက်**

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးစိုးတင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန် မျှော်မှန်းချက်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူလျက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်ရုံးခွဲများဖွင့်လှစ်ခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို လက်လှမ်းမီစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မော်လမြိုင်မြို့သည် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးစိုက်ရာ မွန်ပြည်နယ်၏မြို့တော်ဖြစ်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၏ လမ်းဆုံလမ်းခွတွင် တည်ရှိသဖြင့် ယင်းတိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမို၍လက်လှမ်းမီစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မော်လမြိုင်ရုံးခွဲ) ဆိုင်းဘုတ်အား မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး ရုံးအဆောက်အအုံသစ်ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် ကော်မရှင်အဖွဲ့ဝင် ဦးစိုးတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အဆောက်အအုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မော်လမြိုင်ရုံးခွဲ)၏ (ပေ ၇၀ x ၅၅ ပေ) RCC လေးခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ကျင်းပရာ ပန္နက်တိုင်များကို မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က စိုက်ထူပေးပြီး ပန္နက်တိုင်အား မင်္ဂလာပန်းချည်နှောင်ပေးကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ဝေလင်း(ပြန်/ဆက်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် နောင်နန်းကျေးရွာအုပ်စုအတွင်း ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မြစ်ကြီးနား နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအုပ်စုအတွင်း ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်မိရပ်ဖများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ စီတာပူ (သီတာအေး)ရပ်ကွက်အတွင်း ရေဝပ်သည့် တက္ကသိုလ်ပတ်လမ်း အရှည်ပေ ၁၅၀၀ လမ်းအား ကတ္တရာလမ်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အဆိုပါရပ်ကွက်အတွင်းရှိ စက်မှုဇုန်အပိုင်း ခါနာမ်ရွာလယ်လမ်းမ ပေ ၁၉၇၀ နှင့် လမ်းမကြီးမှတစ်ဆင့် ဗလမင်းထင်ပရိယတ္တိစာသင်ကျောင်းသွားလမ်း ပေ ၁၂၅၀ ကို ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်က ရေဝပ်သည့်နေရာတွင် ကွန်ကရစ်လမ်းဖြင့် တွက်ချက်တင်ပြနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် နောင်နန်းကျေးရွာအုပ်စု ကဝါးခကျေးရွာ၌ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး ကျေးရွာလူထုမှ တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများ သန့်ရှင်းသာယာလှပကာ အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်လာရေးသည် အရေးကြီးသည့်အတွက် လိုအပ်ချက်များကို စီမံကိန်းလုပ်ငန်းများတွင်ရေးဆွဲပြီး ဘဏ္ဍာနှစ်အလိုက် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်**

ယင်းနောက် ရှစ်မိုင်ကျေးရွာ၌ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ကျေးရွာနယ်မြေ(၂၊ ၃၊၄)ကြားရှိ ရွာပတ်လမ်းအရှည်ပေ ၄၇၀၀၊ ရွာလယ်လမ်းမ ပေ ၄၁၀၀ နှင့် ဆုတောင်းစခန်းသွားလမ်း ပေ ၂၃၀၀ တို့ကို ကတ္တရာလမ်းခင်းပေးနိုင်ရေး ဌာနဆိုင်ရာများ၊ ကျေးရွာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ဆွမ်ပရာဘွမ်လမ်း နိုင်လွန်ကတ္တရာခင်းကျင်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လမ်းလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီတို့အား တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်သွားရေး မှာကြားသည်။



ပြည်နယ်(ပြန်/ဆက်)



# နိုင်ငံရပ်ခြားက ကျောင်းတော်သားတွေနဲ့ စည်ကားနေတဲ့ အမိတက္ကသိုလ်



■ ဒေါက်တာအောင်မြင့်ဦး

(ယမန်နေ့မှ အဆက်)

ရန်ကုန်တက္ကသိုလ်မှာ လာရောက်လေ့လာကြတဲ့၊ လာရောက်ပညာဆည်းပူးကြတဲ့ ပထမခြေလှမ်းတွေ အောင်မြင်ပြီးတဲ့နောက်မှာ မြန်မာစာ၊ မြန်မာမှု လေ့လာသင်ယူမှုကို အကြောင်းပြုပြီး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးတဲ့ တက္ကသိုလ်တွေ တိုးပွားလာခဲ့ပါတယ်။ ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် ကိုကူရှီကန် တက္ကသိုလ် (Kokushikan Universty) နဲ့ ရန်ကုန်တက္ကသိုလ်တို့ဟာ ၂၇-၂-၂၀၁၅ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမမှာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ လက်မှတ်ရေးထိုးပြီးနောက် ကိုကူရှီကန်တက္ကသိုလ်က မြန်မာဘာသာသင်ကျောင်းသားကျောင်းသူ ငါးဦးဟာ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းမှာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ သုံးပတ်ကြာ မြန်မာဘာသာ အနီးကပ်ကြီးကြပ်သင်တန်း တက်ရောက်ဖို့ ရောက်ရှိလာပါတယ်။ သူတို့နဲ့အတူ တိုကျိုနိုင်ငံခြားပညာရပ်များလေ့လာမှုတက္ကသိုလ် ဂျပန်ကျောင်းသားကျောင်းသူ ၁၀ ဦးကလည်း ဒုတိယအကြိမ် ရောက်ရှိလာပါတယ်။

### မြန်မာဘာသာ အနီးကပ်ကြီးကြပ်သင်တန်းတက်ရောက်

ထိုင်းနိုင်ငံ ချင်းမိုင်မြို့အခြေစိုက် ချင်းမိုင်တက္ကသိုလ် (Chiang Mai University) ကတော့ ၄-၄-၂၀၁၅ မှာ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမမှာပဲ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီးနောက် ချင်းမိုင်တက္ကသိုလ်က မြန်မာဘာသာသင် ကျောင်းသားကျောင်းသူ ကိုးဦးဟာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ နှစ်လကြာ မြန်မာဘာသာ အနီးကပ်ကြီးကြပ်သင်တန်း တက်ရောက်ဖို့ လာရောက်ခဲ့ကြပါတယ်။ ဒီအစီအစဉ်နဲ့ နှစ်စဉ် လာရောက်ခဲ့ကြပါတယ်။



နိုင်ငံခြားပညာသင်များ ဆရာ ဆရာမများနှင့်အတူ တောင်ငူဆောင်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

### ကိုရီးယားကျောင်းသား ကျောင်းသူ ၁၅ ဦး သင်တန်းတက်ရောက်

ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့အခြေစိုက် ဘူဆန်နိုင်ငံခြားပညာရပ်များ လေ့လာမှုတက္ကသိုလ် (Busan University of Foreign Studies) နဲ့ ရန်ကုန်တက္ကသိုလ်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာလည်း ၂၀၁၅ ခုနှစ်မှာ စတင်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှာ ကိုရီးယားကျောင်းသားကျောင်းသူ ၁၅ ဦးတို့ဟာ ဂျပန်ကျောင်းသားတွေလိုပဲ မြန်မာစာဌာနမှာ သုံးပတ်ကြာအနီးကပ်ကြီးကြပ်သင်တန်း တက်ရောက်ဖို့ ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့ကြပါတယ်။ ၂၇-၅-၂၀၁၅ ရက်နေ့မှာ ပါမောက္ခချုပ် ဒေါက်တာ အောင်သူ ခေါင်းဆောင်တဲ့အဖွဲ့ဟာ ဘူဆန်နိုင်ငံခြားပညာရပ်များလေ့လာမှု တက္ကသိုလ်ကို သွားရောက်ပြီး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ လက်မှတ်ရေးထိုးပြီးနောက် ဘူဆန်ဘာသာရပ်များ လေ့လာရေးတက္ကသိုလ်က မြန်မာဘာသာသင် ကျောင်းသား ကျောင်းသူတွေဟာ မြန်မာစာဌာနမှာ မြန်မာဘာသာ အနီးကပ်ကြီးကြပ်သင်တန်းနဲ့ ၃ + ၁ တစ်နှစ်သင်တန်း တက်ရောက်ဖို့ ရန်ကုန်တက္ကသိုလ်ကို နှစ်စဉ်ရောက်ရှိလို့လာခဲ့ပါတယ်။

### ဂျပန်ကျောင်းသား ကျောင်းသူ ၁၅ ဦး သင်တန်းတက်ရောက်

ဂျပန်နိုင်ငံ အိုဆာကာမြို့အခြေစိုက် အိုဆာကာတက္ကသိုလ် (Osaka University) ကလည်း ရန်ကုန်တက္ကသိုလ်ကို လာရောက်ပြီး ၁၈-၆-၂၀၁၅ ရက်နေ့က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမမှာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ လက်မှတ်ရေးထိုးပြီးနောက် ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ အိုဆာကာတက္ကသိုလ်က မြန်မာဘာသာသင် ဂျပန်ကျောင်းသား ကျောင်းသူ ၁၅ ဦးဟာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ သုံးပတ်ကြာ မြန်မာဘာသာအနီးကပ်ကြီးကြပ်သင်တန်းကို တက်ရောက်ခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ မြန်မာဘာသာ အနီးကပ်ကြီးကြပ်သင်တန်းနဲ့ ၃+၁ တစ်နှစ်သင်တန်း တက်ရောက်ဖို့ ရန်ကုန်တက္ကသိုလ်ကို နှစ်စဉ်လာရောက်ခဲ့ကြပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့အခြေစိုက် ယူနန်မင်ဇုတက္ကသိုလ် (Yunnan Minzu University) နဲ့ ရန်ကုန်တက္ကသိုလ်တို့ဟာ ၃-၇-၂၀၁၅ ရက်နေ့ ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမမှာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီနောက်မှာ ယူနန်မင်ဇုတက္ကသိုလ်က မြန်မာဘာသာသင် တရုတ်ကျောင်းသားကျောင်းသူတွေဟာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ ၃+၁ အစီအစဉ်နဲ့ နှစ်စဉ်လာရောက်သင်ယူလျက်ရှိပါတယ်။ ပေကျင်းမြို့အခြေစိုက် ပေကျင်းနိုင်ငံခြားဘာသာတက္ကသိုလ် (Beijing Foreign Studies University) ကလည်း

စာမျက်နှာ ၇ သို့ ❖




နိုင်ငံခြားကျောင်းသူများ၏ မြန်မာဘာသာကျွမ်းကျင်မှုစွမ်းရည်ပြပွဲနှင့် ယဉ်ကျေးမှုဖလှယ်ပွဲ။

**နိုင်ငံတကာတက္ကသိုလ်က ကျောင်းတော်သူ ကျောင်းတော်သားတွေဟာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ လေ့လာသင်ယူမှုအစီအစဉ် အမျိုးမျိုးနဲ့ နှစ်စဉ်လာရောက်လေ့လာဆည်းပူးနေခဲ့ကြတာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနအနေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ တက္ကသိုလ်တွေရဲ့ ပညာရပ်ဆိုင်ရာ လိုအပ်ချက်၊ လာရောက်နိုင်မယ့် အချိန်ကာလအပိုင်းအခြား၊ လေ့လာလိုတဲ့နယ်ပယ်တွေအပေါ် မူတည်ပြီး လိုအပ်တဲ့သင်ရိုးညွှန်းတမ်းတွေ၊ လေ့လာမှုအစီအစဉ်တွေကို ရေးဆွဲဖြည့်ဆည်းပေးရတာဖြစ်။**




နိုင်ငံခြားကျောင်းသူများ၏ မြန်မာဘာသာကျွမ်းကျင်မှု စွမ်းရည်ပြပွဲနှင့် ယဉ်ကျေးမှုဖလှယ်ပွဲ၌ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။



ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာလာရောက်သင်ယူကြသည့် ကိုရီးယားကျောင်းသူများ။

❖ စာမျက်နှာ ၆ မှ

၂၀၁၅ ခုနှစ်အတွင်းမှာ ရန်ကုန်တက္ကသိုလ်နဲ့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှု စတင်ခဲ့ပါတယ်။ ပေကျင်းနိုင်ငံခြားဘာသာတက္ကသိုလ်ရဲ့ အစီအစဉ်ကတော့ ၃၁/၂+၁/၂ အစီအစဉ်နဲ့ နှစ်နှစ်တစ်ကြိမ် စေလွှတ်တာဖြစ်ပါတယ်။ ၃၁/၂+၁/၂ အစီအစဉ်ဟာ သူတို့ တက္ကသိုလ်မှာ ပညာသင်နှစ် သုံးနှစ်ခွဲသင်ယူပြီး နိုင်ငံရပ်ခြားမှာ ပညာသင်နှစ် တစ်ဝက်သွားရောက်သင်ယူတဲ့ အစီအစဉ် ဖြစ်ပါတယ်။

### မြန်မာစာဌာနနဲ့ ပူးပေါင်းဆောင်ရွက်

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း ခေါင်းဆောင်တဲ့အဖွဲ့ဟာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့ကိုသွားရောက်ပြီး ၂၀-၁-၂၀၁၆ ရက်နေ့မှာ ကွမ်ကျိုးမြို့အခြေစိုက် ကွမ်တုံးနိုင်ငံရပ်ခြားလေ့လာမှုတက္ကသိုလ် (Guangdong University of Foreign Studies)နဲ့ ရန်ကုန်တက္ကသိုလ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အလားတူပဲ ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း ခေါင်းဆောင်တဲ့အဖွဲ့ဟာ မေလအတွင်း ယူနန်ပြည်နယ် ပေါင်ရှန်းမြို့အခြေစိုက် ပေါင်ရှန်းတက္ကသိုလ် (Baoshan University) ကို သွားရောက်ခဲ့ပြီး ၁၆-၅-၂၀၁၆ ရက်နေ့မှာ အဲဒီတက္ကသိုလ်နဲ့ နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ကြပါတယ်။ အဲဒီတက္ကသိုလ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးပြီးတဲ့နောက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အခြားတက္ကသိုလ်တွေလိုပဲ မြန်မာစာဌာနနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေစတင်ပြီး ကျောင်းသားကျောင်းသူတွေ နှစ်စဉ် ရောက်ရှိလာခဲ့ပါတယ်။

ဖော်ပြခဲ့တဲ့ ရန်ကုန်တက္ကသိုလ်နဲ့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားတဲ့ တက္ကသိုလ်တွေသာမက ရန်ကုန်တက္ကသိုလ်နဲ့ နားလည်မှုစာချွန်လွှာလက်မှတ်မရေးထိုးရသေးပေမယ့် ပူးပေါင်းဆောင်ရွက်လိုတဲ့ အခြားတက္ကသိုလ်တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတက္ကသိုလ်တွေကတော့ အမေရိကန်ပြည်ထောင်စု မြောက်ပိုင်း အီလီနွိုက်တက္ကသိုလ်၊ ပေကျင်းတက္ကသိုလ်၊ တဲဟုန်တက္ကသိုလ်၊ ယူနန်ဥပဒေဆိုင်ရာရဲတက္ကသိုလ် အစရှိတဲ့ တက္ကသိုလ်တွေပဲ ဖြစ်ပါတယ်။

နိုင်ငံတကာတက္ကသိုလ်က ကျောင်းတော်သားကျောင်းတော်သူတွေဟာ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ လေ့လာသင်ယူမှု အစီအစဉ်အမျိုးမျိုးနဲ့ နှစ်စဉ်လာရောက်လေ့လာဆည်းပူးနေခဲ့ကြတာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနအနေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ တက္ကသိုလ်တွေရဲ့ ပညာရပ်ဆိုင်ရာလိုအပ်ချက်၊ လာရောက်နိုင်မယ့်အချိန် ကာလအပိုင်းအခြား၊ လေ့လာလိုတဲ့နယ်ပယ်တွေအပေါ်မူတည်ပြီး လိုအပ်တဲ့ သင်ရိုးညွှန်းတမ်းတွေ၊ လေ့လာမှု အစီအစဉ်တွေကို ရေးဆွဲဖြည့်ဆည်းပေးရတာ ဖြစ်ပါတယ်။ မြန်မာဘာသာစကား၊ မြန်မာစာသာမက မြန်မာ့ယဉ်ကျေးမှုတွေဖြစ်တဲ့ မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့အစားအစာ စတဲ့လက်တွေ့ကျတဲ့ မြန်မာမှုသင်ရိုးတွေပါ ပေါင်းစပ်ပြီး မြန်မာစာဌာနက ဆရာဆရာမတွေက စနစ်တကျလေ့ကျင့်သင်ကြားပေးတာ ဖြစ်ပါတယ်။ ဒါ့အပြင် အချို့သင်ကြားရေးအစီအစဉ်တွေမှာ မြန်မာ့ရေးရာနဲ့ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ သမိုင်းဌာန၊ ရှေးဟောင်းသုတေသနပညာဌာန၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ မနုဿဗေဒဌာနက ဆရာဆရာမတွေကလည်း ဝိုင်းဝန်းအားဖြည့် ကူညီသင်ကြားပေးကြပါတယ်။

### ပူးပေါင်းပါဝင်မှုကို မြင်တွေ့ရ

နိုင်ငံရပ်ခြားက ကျောင်းတော်သားတွေဟာ သူတို့ရောက်ရှိနေချိန်မှာ ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ ကျောင်းသားကျောင်းသူတွေရဲ့ အဆောင်တွေမှာပဲ မြန်မာကျောင်းသားကျောင်းသူတွေနဲ့အတူ ရင်းနှီးချစ်ခင်စွာ နေထိုင်ကြပါတယ်။ အစောပိုင်းကာလတွေမှာ သူတို့နေထိုင်ကြတဲ့ အဆောင်တွေကတော့ ကျောင်းသူတွေက အင်းလျားဆောင်၊ သီရိဆောင်တွေမှာဖြစ်ပြီး ကျောင်းသားတွေကတော့ ပင်းယဆောင်၊ ပဲခူးဆောင်တွေမှာ ဖြစ်ပါတယ်။ နောက်ပိုင်း ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေမှာ ကျောင်းသားဆောင်အသစ်ဆောက်လုပ်ပြီးစီးချိန်မှာတော့ ကေတုမတီဆောင်မှာ နေထိုင်ခဲ့ကြပါတယ်။ နိုင်ငံတကာ ကျောင်းသား ကျောင်းသူတွေဟာ သူတို့ရောက်ရှိစဉ်ကာလမှာ ပညာသင်ယူတာတစ်မျိုးတည်း မဟုတ်ဘဲ ရန်ကုန်တက္ကသိုလ်ရဲ့ လှုပ်ရှားမှုအမျိုးမျိုးမှာ တက်တက်ကြွကြွ ပါဝင်ခဲ့ကြပါတယ်။ အားကစားပြိုင်ပွဲတွေ၊ အဆောင်လှုပ်ရှားမှုတွေ၊ ဟောပြောဆွေးနွေးပွဲတွေ၊ ယဉ်ကျေးမှုဖလှယ်ပွဲတွေ စတာတွေမှာ ဒီကျောင်းသားကျောင်းသူတွေရဲ့ ပူးပေါင်းပါဝင်မှုကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

### ရင်းနှီးချစ်ကြည်မှုတွေ ပိုမိုရရှိလာစေမှာဖြစ်

နိုင်ငံတကာက ကျောင်းသား ကျောင်းသူတွေ ရန်ကုန်တက္ကသိုလ်ကို ပညာသင်လာရောက်ခြင်းဟာ ရန်ကုန်တက္ကသိုလ်ရဲ့ ဂုဏ်သိက္ခာနဲ့ အဆင့်အတန်းကို ပိုမိုမြင့်မားလာစေပါတယ်။ ဒီကျောင်းသားတွေဟာမြန်မာကျောင်းသားတွေနဲ့ လက်ပွန်းတတီး အတူတကွနေထိုင်ပြီး ပညာရှာမှီးကြတာဖြစ်လို့ နှစ်ဦးနှစ်ဖက် ကျောင်းသားတွေအတွက် အတွေ့အကြုံသစ်တွေ တိုးပွားစေပါတယ်။ နိုင်ငံခြားပညာသင်တွေကို မြင်တွေ့ရတဲ့အတွက် ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ကြားသင်ယူလိုစိတ်ကို နိုးကြားတက်ကြွလာစေပါတယ်။ နိုင်ငံရပ်ခြားကျောင်းသား ကျောင်းသူတွေဟာ သတ်မှတ်ထားတဲ့ ကျောင်းလခ၊ အဆောင်လခတွေကို ပေးသွင်းရတာဖြစ်လို့ နိုင်ငံတော်အတွက် ဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းက တိုးပွားစေပါတယ်။ ဒါ့အပြင် နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနဲ့တစ်မျိုး၊ တက္ကသိုလ်တစ်ခုနဲ့တစ်ခုတို့အကြား အပြန်အလှန် နားလည်မှုတွေ၊ ရင်းနှီးချစ်ကြည်မှုတွေ ပိုမိုရရှိလာစေမှာ ဖြစ်ပါတယ်။

အခြားအခြားသော ဘာသာရပ်ဌာနအသီးသီးမှာလည်း နိုင်ငံခြားပညာသင်တွေ ရှိပါသေးတယ်။ ရာပြည့်ကာလမှာ ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးလုပ်ငန်းတွေ တဖြည်းဖြည်း အရှိန်အဟုန်မြင့်မားအောင်မြင်လာတာနဲ့အတူ ပညာရပ်တွေပိုမိုဖွံ့ဖြိုးလာပြီး တက္ကသိုလ်ရဲ့ အဆင့် ပိုမိုမြင့်မားလာတာနဲ့အမျှ ရန်ကုန်တက္ကသိုလ်ဟာ နိုင်ငံတကာ ကျောင်းတော်သားတွေ မျက်စိကျတဲ့ တက္ကသိုလ်တစ်ခုဖြစ်လာမှာ မလွဲဧကန်ဖြစ်ပါတယ်။ မကြာမီကာလမှာ ရန်ကုန်တက္ကသိုလ်ကြီးဟာ သားရွှေအိုးထမ်းမယ့်တက္ကသိုလ်တစ်ခုအဖြစ် ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ လတ်တလောကျရောက်နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ချုပ်ငြိမ်းသွားမယ့် ရန်ကုန်တက္ကသိုလ် ရာပြည့်အလွန်ကာလမှာ နိုင်ငံရပ်ခြားက ပညာလာရောက်ဆည်းပူးကြတဲ့ ကျောင်းတော်သားတွေနဲ့ ပိုမိုစည်ကားသိုက်မြိုက်နေမယ့် အမိတက္ကသိုလ်ကြီးကို မြင်ယောင်ရင်းကြည်နူးပီတိဖြစ်နေမိပါတော့တယ်။ ။



မြန်မာကျောင်းသား ကျောင်းသူများနှင့် နိုင်ငံခြားကျောင်းသားကျောင်းသူများ အပြန်အလှန်ဆွေးနွေးဖလှယ်ကြစဉ်။



အောက်စဖို့ဒ်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ မြန်မာစာသင်ယူနေကြစဉ်။

# လူသားတို့ရဲ့ အသိပညာ၊ အတတ်ပညာတွေ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင့်မြင့်ပညာတွေကို အစဉ်မပြတ် ဖြန့်ဝေပေးခဲ့တဲ့ အထင်ကရ ပညာ့ဗိမာန် ရန်ကုန်တက္ကသိုလ်ကြီးဟာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ နှစ်(၁၀၀)ပြည့်ပါပြီ

တာဝန်ခံပါမောက္ခချုပ်ဆရာကြီး ဒေါက်တာထွန်းခင်

## ရန်ကုန်တက္ကသိုလ် (၂၀၀၆-၂၀၀၈)တွင် တာဝန်ခံပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဆရာကြီးဒေါက်တာထွန်းခင်နှင့် တွေ့ဆုံမေးမြန်းခြင်း

**တွေ့ဆုံမေးမြန်း - မွန်းဦးနဒီ**

ရန်ကုန်တက္ကသိုလ်၌ ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ တာဝန်ခံ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဆရာကြီးဒေါက်တာထွန်းခင်အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။** ။ ဆရာကြီးရဲ့ မွေးဇာတိ၊ အခြေခံပညာ သင်ကြားအောင်မြင်ခဲ့တဲ့ကျောင်းတွေနဲ့ တက္ကသိုလ်စတင်တက်ရောက်ခဲ့တာတွေနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ် ဆရာကြီးရှင့်။

**ဖြေ။** ။ ကျွန်တော့်ဇာတိက ညောင်ဦးမြို့နယ် သဲပြင်တောရွာ ဖြစ်ပါတယ်။ မိဘတွေကတော့ ဦးကံသာနဲ့ ဒေါ်စာတင်ပါ။ ကျွန်တော့်ကို ၁၉၄၆ ခုနှစ် မေလ ၂၅ ရက်နေ့မှာ မွေးဖွားခဲ့ပါတယ်။ ကျွန်တော် မူလတန်းပညာကို ရွာက မူလတန်းကျောင်းမှာ သင်ယူခဲ့ပါတယ်။ စတုတ္ထတန်းအတန်းတင်စာမေးပွဲနဲ့ ပညာသင်ဆု (Scholarship) စာမေးပွဲတွေကို ၁၉၅၈ ခုနှစ်မှာ အောင်မြင်ခဲ့ပါတယ်။ ကျွန်တော် အလယ်တန်းနဲ့ အထက်တန်းပညာကို ညောင်ဦးမြို့ အထက်တန်းကျောင်းမှာ သင်ယူခဲ့ပါတယ်။ သတ္တမတန်း အတန်းတင်စာမေးပွဲနဲ့ ပညာသင်ဆု(Scholarship) စာမေးပွဲတွေကို ၁၉၆၁ ခုနှစ်မှာ အောင်မြင်ခဲ့ပါတယ်။

ကျွန်တော်တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ ဂုဏ်ထူးနဲ့ ၁၉၆၄ ခုနှစ်မှာ အောင်မြင်ခဲ့ပါတယ်။ တက္ကသိုလ်ပညာရေးစနစ်သစ်ကို ၁၉၆၄-၆၅ ပညာသင်နှစ်မှာ စခဲ့ပါတယ်။ အဲဒီနှစ်မှာပဲ ကျွန်တော် မကွေးဥပစာကောလိပ်ကို ရူပဗေဒအဓိကနဲ့ ပထမနှစ် သိပ္ပံတန်းတက်ရောက်ခဲ့ပါတယ်။ ၁၉၆၅-၆၆ ပညာသင်နှစ် ဒုတိယနှစ် သိပ္ပံတန်းတက်ရောက်နေစဉ်မှာ တက္ကသိုလ် လူရည်ချွန်အဖြစ် အရွေးခံရပါတယ်။ ကျွန်တော် ငပလီလူရည်ချွန်အပန်းဖြေစခန်းကို သွားခဲ့ရပါတယ်။ ကျွန်တော် ဒုတိယနှစ်သိပ္ပံတန်း အောင်မြင်ပြီးတော့ မန္တလေးတက္ကသိုလ်မှာ တတိယနှစ်နဲ့ စတုတ္ထနှစ် သိပ္ပံတန်းတွေကို တက်ရောက်ခဲ့ပါတယ်။ ၁၉၆၆-၆၇ နဲ့ ၁၉၆၇-၆၈ ပညာသင်နှစ်တွေမှာ ဖြစ်ပါတယ်။

**မေး။** ။ ဆရာကြီး ရရှိခဲ့တဲ့ ဘွဲ့တွေနဲ့ပတ်သက်ပြီး သိလိုပါတယ်ရှင့်။

**ဖြေ။** ။ ကျွန်တော် B.Sc(Physics)ဘွဲ့ကို မန္တလေးတက္ကသိုလ်က ၁၉၆၈ ခုနှစ်မှာ ရရှိခဲ့ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ပညာသင်အဖြစ် ကျွန်တော် အင်္ဂလန်နိုင်ငံ ဆာရေးတက္ကသိုလ်(University of Surrey)မှာ ၁၉၇၃ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ခြောက်နှစ်ခန့် ဘွဲ့လွန်ပညာတွေ ဆည်းပူးခွင့်ရခဲ့ပါတယ်။ Colombo Plan အစီအစဉ်အရ British Council ရဲ့ အထောက်အပံ့နဲ့ သွားခဲ့တာဖြစ်ပါတယ်။ ကျွန်တော် အဲဒီတက္ကသိုလ်က ၁၉၇၄ ခုနှစ်မှာ M.Sc(Spectroscopy)ဘွဲ့နဲ့ ၁၉၇၉ ခုနှစ်မှာ Ph.D(Molecular Spectroscopy) ဘွဲ့ကို ရရှိခဲ့ပါတယ်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကပေးတဲ့ (Diploma in Education Management -DEM)ကို ၂၀၀၂ ခုနှစ်မှာ ရရှိပါတယ်။



၂၀၀၆ ခုနှစ်က အိန္ဒိယနိုင်ငံသမ္မတကြီး Dr.A.P.J Abdul Kalam မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်စဉ် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ မိန့်ခွန်းပြောကြားစဉ်။

**မေး။** ။ ဆရာကြီး ဘယ်တက္ကသိုလ်တွေမှာ တာဝန်ထမ်းဆောင်ခဲ့သလဲဆိုတာနဲ့ ရန်ကုန်တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်ခဲ့ချိန်တွေကိုလည်း ပြောပြပေးပါဦးရှင့်။

**ဖြေ။** ။ မကွေးဥပစာကောလိပ် ရူပဗေဒဌာနမှာ ၁၉၆၉ ခုနှစ် မေလ ၂ ရက်နေ့ကစပြီး သရုပ်ပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဆရာ့ဘဝတစ်လျှောက်လုံး မကွေးတက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ်တို့မှာပဲ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ မကွေးတက္ကသိုလ်မှာ သရုပ်ပြနဲ့ ကထိကအဖြစ် ခြောက်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှာ သရုပ်ပြမှ ပါမောက္ခအထိ ရာထူးအဆင့်ဆင့် ၂၂ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

**မေး။** ။ ရန်ကုန်တက္ကသိုလ်မှာတာဝန်ခံပါမောက္ခချုပ်အဖြစ် ဘယ်အချိန်မှာ တာဝန်ထမ်းဆောင်ခဲ့တာပါလဲရှင့်။

**ဖြေ။** ။ ကျွန်တော် ရန်ကုန်တက္ကသိုလ်မှာ ဒုတိယပါမောက္ခချုပ်တာဝန်ကို ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါတယ်။ ဒီကြားထဲ တာဝန်ခံပါမောက္ခချုပ်အဖြစ် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နှစ်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ တကယ်တော့ ကျွန်တော်ဟာ ၂၀၀၆ ခုနှစ် မေလထဲမှာ အငြိမ်းစားယူရမှာပါ။ ပညာရေးဝန်ကြီးက တာဝန်ပေးလို့ အငြိမ်းစားမယူရဘဲ ကျွန်တော် တာဝန်ခံပါမောက္ခချုပ်အဖြစ် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နှစ်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့တာပါ။ ၂၀၀၉ ခုနှစ် မေလ ၂၆ ရက်နေ့မှာ ဒုတိယပါမောက္ခချုပ်ရာထူးနဲ့ အငြိမ်းစားယူခဲ့ပါတယ်။

**မေး။** ။ ရန်ကုန်တက္ကသိုလ်မှာ တာဝန်ယူစဉ်အချိန်က အမှတ်တရဖြစ်စဉ်တွေရှိရင် ပြောပြပေးပါ။

**ဖြေ။** ။ ကျွန်တော့်အတွက် ထူးခြားမှုရှိတဲ့ဖြစ်စဉ်တွေကို အမှတ်တရဖြစ်စဉ်တွေအဖြစ် ပြောပြပါမယ်။ ပထမဖြစ်စဉ်ကတော့ ၂၀၀၆ ခုနှစ်က ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံသမ္မတကြီး Dr. A.P.J Abdul Kalam မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး လာရောက်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် မတ်လ ၁၀ ရက်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်မှာ ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူတွေက အိန္ဒိယနိုင်ငံသမ္မတကြီးကို ရန်ကုန်တက္ကသိုလ်ရဲ့ အထူးဧည့်သည်တော်အဖြစ် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမှာ ကြိုဆိုဧည့်ခံပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်တွေက ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူအချို့ တက်ရောက်ခဲ့ပါတယ်။ သမ္မတကြီးက ပညာရပ်ဆိုင်ရာ ဟောပြောခြင်းပြုလုပ်ခဲ့ပါတယ်။ ဟောပြောပွဲအပြီးမှာ သမ္မတကြီးက ရန်ကုန်တက္ကသိုလ်ကို သိပ္ပံနဲ့ စီမံခန့်ခွဲမှုဆိုင်ရာစာအုပ်တွေ လက်ဆောင်ပေးပါတယ်။ တာဝန်ခံပါမောက္ခချုပ် ကျွန်တော်က စာအုပ်တွေကို လက်ခံယူခဲ့ပါတယ်။(သမ္မတကြီးကတော့ ၂၇-၇-၂၀၁၅ နေ့မှာ ကွယ်လွန်သွားခဲ့ပါပြီ။)

ဒုတိယဖြစ်စဉ်ကတော့ ရန်ကုန်တက္ကသိုလ်ကို လာရောက်ပညာသင်ယူတဲ့ နိုင်ငံခြား ကျောင်းသူတစ်ဦးကို ပါရဂူဘွဲ့အပ်နှင်းခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီကျောင်းသူဟာ တရုတ်နိုင်ငံက ကျောင်းသူ မစ္စရှီရင်း (Ms.Shi Yin)(ခေါ်) မယဉ်ယဉ်မေ ဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့က ကျင်းပတဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ (၁၁၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားမှာ တာဝန်ခံပါမောက္ခချုပ် ကျွန်တော်က မစ္စရှီရင်း(Ms.Shi Yin)(ခေါ်) မယဉ်ယဉ်မေကို သမိုင်းဘာသာရပ်မှာ ပါရဂူဘွဲ့အပ်နှင်းခဲ့ပါတယ်။

စာမျက်နှာ ၉ သို့ ❍



၂၀၀၆ ခုနှစ်က မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သော အိန္ဒိယသမ္မတကြီးက တာဝန်ခံပါမောက္ခချုပ် ဆရာကြီး ဒေါက်တာထွန်းခင်ထံ ရန်ကုန်တက္ကသိုလ်အတွက် သိပ္ပံနှင့်စီမံခန့်ခွဲမှုဆိုင်ရာစာအုပ်များ လက်ဆောင်ပေးစဉ်။

**ရန်ကုန်တက္ကသိုလ်ကြီးဟာ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်မဖြစ်သေးပါဘူး။ ဒါပေမဲ့ သိပ္ပံဘာသာရပ်အချို့မှာ ပြုလုပ်နေတဲ့ သုတေသနလုပ်ငန်းအချို့ဟာ ကမ္ဘာ့အဆင့်မီတယ်လို့ ပြောနိုင်ပါတယ်။ အဲဒီသုတေသနတွေက ရရှိတဲ့ တွေ့ရှိချက်တွေကို နိုင်ငံတကာအဆင့်မီ သုတေသနဂျာနယ်တွေမှာ ထည့်သွင်းဖော်ပြပေးလို့ ကမ္ဘာ့အဆင့်မီတယ်လို့ ပြောတာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်က ဘွဲ့ရပြီး ပြည်ပနိုင်ငံတွေမှာ အလုပ်လုပ်နေကြတဲ့ ထူးချွန်ပညာရှင်တွေရှိပါတယ်။**



၂၀၀၇ ခုနှစ်က ကျင်းပသော ရန်ကုန်တက္ကသိုလ်၏ (၁၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် တရုတ်ကျောင်းသူ မစ္စရှီရင်း ပါရဂူဘွဲ့လက်မှတ် လက်ခံယူစဉ်။

# ဒေါက်တာထွန်းခင်၏ ကိုယ်ရေးအကျဉ်း



- ❖ ညောင်ဦးမြို့နယ် သဲပြင်တောရွာ အဖ ဦးကံသာ-အမိ ဒေါ်စာတင်တို့မှ ၁၉၄၆ ခုနှစ် မေလ ၂၅ ရက်နေ့တွင် မွေးဖွားသည်။
- ❖ အခြေခံပညာကို သဲပြင်တောရွာ မူလတန်းကျောင်းနှင့်ညောင်ဦးမြို့ အထက်တန်းကျောင်းတွင် သင်ယူသည်။
- ❖ အဆင့်မြင့်ပညာကို မကွေးဥပစာကောလိပ်(ယခုမကွေးတက္ကသိုလ်)နှင့် မန္တလေးတက္ကသိုလ်တို့တွင် ရူပဗေဒ အဓိကဖြင့် ပညာသင်ယူခဲ့သည်။
- ❖ ၁၉၆၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ B.Sc(Physics)ဘွဲ့ရရှိသည်။ အင်္ဂလန်နိုင်ငံ ဆာရေးတက္ကသိုလ်မှ ၁၉၇၄ ခုနှစ်တွင် M.Sc(Spectroscopy) ဘွဲ့နှင့် ၁၉၇၉ ခုနှစ်တွင် Ph.D (Molecular Spectroscopy)ဘွဲ့ ရရှိခဲ့သည်။
- ❖ ၁၉၆၉ ခုနှစ် မေလ ၂ ရက်တွင် မကွေးဥပစာကောလိပ် ရူပဗေဒဌာနတွင် သရုပ်ပြဆရာအဖြစ် စတင်တာဝန် ထမ်းဆောင်သည်။
- ❖ မကွေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် သရုပ်ပြမှ ပါမောက္ခအထိ ရာထူးအဆင့်ဆင့် ၂၈ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ တက္ကသိုလ်များသိပ္ပံဌာနတွင် ဌာနမှူးအဖြစ် ခြောက်နှစ်တွဲဖက်တာဝန် ထမ်းဆောင်ခဲ့သည်။
- ❖ M.Sc(Physics)ဘွဲ့အတွက် သုတေသနကျမ်း ၁၁၃ ခုနှင့် Ph.D(Physics)ဘွဲ့အတွက် သုတေသနကျမ်း ၄၇ ခုကို ကျမ်းကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့သည်။ Ph.D(Physics)ဘွဲ့အတွက် နှုတ်မေးစာမေးပွဲ ၅၁ ခုတွင် ပြင်ပစာစစ်သူ (External Examiner)အဖြစ် ဆောင်ရွက်ခဲ့သည်။
- ❖ အခြေခံပညာတက္ကသိုလ်ဝင်တန်းအဆင့် အစိုးရပြဋ္ဌာန်းစာအုပ် Physics နှင့် တက္ကသိုလ်အဆင့် ပြဋ္ဌာန်းစာအုပ် လေးအုပ် ပြုစုခဲ့သည်။
- ❖ ၂၀၀၄ ခုနှစ်မှ၂၀၀၉ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် ဒုတိယပါမောက္ခချုပ်တာဝန် ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ တာဝန်ခံပါမောက္ခချုပ်တာဝန် ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ် မေလ ၂၆ ရက်နေ့တွင် ဒုတိယပါမောက္ခချုပ်ရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။

❍ စာမျက်နှာ ၈ မှ

မယဉ်ယဉ်မေဟာ ရန်ကုန်တက္ကသိုလ်က အပ်နှင်းတဲ့ ပါရဂူဘွဲ့ကို လက်ခံရယူခဲ့တဲ့ ပထမဦးဆုံး နိုင်ငံခြားကျောင်းသူဖြစ်ပါတယ်။ သူဟာ ရန်ကုန်တက္ကသိုလ်သမိုင်းဌာနမှာ ၂၀၀၃ ခုနှစ်မှစတင်ပြီး ပါရဂူဘွဲ့အတွက် သုတေသနတွေပြုလုပ်ခဲ့ပါတယ်။ ဒေါက်တာရှီရင်း တင်သွင်းတဲ့ ပါရဂူဘွဲ့ယူ သုတေသနကျမ်းခေါင်းစဉ်မှာ "တရုတ်-မြန်မာယဉ်ကျေးမှု ဆက်ဆံရေး(၁၉၅၀-၂၀၀၆)"ဖြစ်ပါတယ်။ သူ့ရဲ့ ပါရဂူဘွဲ့ကျမ်း ကြီးကြပ်သူတွေကတော့ ဆရာကြီး ပါမောက္ခ ဒေါက်တာခင်မောင်ညွန့်နဲ့ ဆရာမကြီး ပါမောက္ခ ဒေါက်တာ မာဂရက်ဝေါင်းတို့ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်သမိုင်းဌာနမှာ သုတေသနကျောင်းသူမဖြစ်မီ ဒေါက်တာ ရှီရင်းဟာ ပေကျင်းတက္ကသိုလ်ကနေ မြန်မာစာနဲ့ ဘွဲ့ရရှိပြီး ယူနန်နော်မယ်တက္ကသိုလ်က သမိုင်းဘာသာရပ်နဲ့ မဟာဘွဲ့ ရရှိထားသူ ဖြစ်ပါတယ်။

တတိယဖြစ်စဉ်ကတော့ ၂၀၀၈ ခုနှစ် မေလ ၂ ရက်၊ ၃ ရက်နေ့တွေမှာ တိုက်ခတ်ခဲ့တဲ့ နာဂစ်မုန်တိုင်းကြောင့် ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာ အပျက်အစီးတွေ ရှိတဲ့ အကြောင်းပါပဲ။ ဘွဲ့နှင်းသဘင်၊ စာသင်ဆောင်တွေ၊ ဝန်ထမ်းအိမ်ရာတွေရဲ့ ခေါင်မိုးတွေနဲ့ အကာအရံတွေ ထိခိုက်ပျက်စီးမှုရှိခဲ့ပါတယ်။ သက်တမ်းရင့်ကျွန်းပင်ကြီးတွေ၊ သစ်တိုပင်ကြီးတွေအပါအဝင် သစ်ပင်အရွယ်စုံ၊ အမျိုးစုံ ၂၀၀ ကျော် ပြိုလဲပါတယ်။ အဓိပတိဂိတ်အနီး ယူနီယံကွင်းထဲက တစ်ပင်တည်းသာရှိတဲ့ ရှားပါးအပင်ဖြစ်တဲ့ ကညင်ဖြူပင်ကြီးပါ ပြိုလဲပါတယ်။ အလွန်နှမြောမိပါတယ်။ လမ်းဘေးက သစ်ပင်ကြီး၊ သစ်ပင်ငယ်အမျိုးစုံ လမ်းပေါ်ကို ပြိုလဲကျလို့ အဓိပတိလမ်းကြီးပိတ်သွားပါတယ်။ ကျောင်းထဲက ဝန်ထမ်းတွေ နေ့ရော၊ ညပါ ကြိုးစားရှင်းလင်းလို့ မုန်တိုင်းစဲပြီး တစ်ပတ်လောက်အကြာမှာ လမ်းပွင့်သွားပါတယ်။ အခက်အခဲတွေ အများကြီးရှိတဲ့ကြားထဲက တက္ကသိုလ်ဝင်စာမေးပွဲ အဖြေစာအုပ်တွေကို သက်ဆိုင်ရာဘာသာရပ်ဆရာ ဆရာမတွေက အချိန်မီပြီးစီးအောင် စစ်ဆေးပေးနိုင်ခဲ့ပါတယ်။

မုန်တိုင်းပြင်းထန်ပေမယ့် သစ်ပုပ်ပင်ကြီးကတော့ ဘာမှမဖြစ်ပါဘူး။ အဲဒါဟာ အဆိုးထဲက အကောင်းတစ်ခုပါပဲ။ အဲဒီတုန်းက သစ်ပုပ်ပင်ကြီးရဲ့ အခြေအနေကို သိချင်လို့ လာကြည့်တဲ့လူတွေ အများကြီးပါပဲ။ တစ်လလောက်ကြာတဲ့အထိ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာကြည့်ကြတာ တွေ့ရပါတယ်။ သစ်ပုပ်ပင်ကြီး အကောင်းပကတိရှိတာကို တွေ့ရလို့ လာကြည့်တဲ့လူတိုင်းဟာ ဝမ်းသာပီတိဖြစ်နေတာကို တွေ့ရပါတယ်။ ကျွန်တော်လည်း သူတို့လို ကြည်နူးမိပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ပတ်သက်ဖူးသူတိုင်း၊ အဓိပတိလမ်းကို လျှောက်ဖူးသူတိုင်း သစ်ပုပ်ပင်ကြီးကို သံယောဇဉ်ရှိကြပါတယ်။ အဲဒီထူးခြားဖြစ်စဉ် သုံးခုကတော့ ကျွန်တော့်အတွက် အမှတ်တရ ဖြစ်စဉ်တွေပါပဲ။

**မေး။ ။ ရန်ကုန်တက္ကသိုလ်ရဲ့ ရာပြည့်သဘင်အတွက် အမှတ်တရစကား ပြောကြားပေးပါရှင့်။**

**ဖြေ။** ။ ရန်ကုန်တက္ကသိုလ်ကို ကံ့ကော်တောလို့ ချစ်စနိုးခေါ်ကြသလို တက္ကသိုလ်လာ မြကျွန်းသာလို့လည်း အမြတ်တနိုးခေါ်ကြတယ်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ စတင်ပေါက်ဖွားခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးဟာ သမိုင်းအစဉ်အလာကြီးမားပြီး အမိနိုင်ငံအတွက် ထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေ မွေးထုတ်ပေးခဲ့ပါတယ်။ လူသားတို့ရဲ့ အသိပညာ၊ အတတ်ပညာတွေ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင့်မြင့်ပညာတွေကို အစဉ်မပြတ် ဖြန့်ဝေပေးခဲ့တဲ့ အထင်ကရ ပညာ့ဗိမာန် ရန်ကုန်တက္ကသိုလ်ကြီးဟာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ နှစ်(၁၀၀)ပြည့်ပါပြီ။ ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင် ဂုဏ်ပြုကျင်းပရေးကော်မတီအသီးသီးကလည်း စာပေ၊ ဂီတ၊ အနုပညာ စသည့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲအနေနဲ့ မြန်မာ့ရုပ်မြင်သံကြားနဲ့ မြဝတီရုပ်မြင်သံကြားက တက္ကသိုလ်ရနံ့တွေ သင်းနေတဲ့ တေးသီချင်းတွေထုတ်လွှင့်ပေးပါတယ်။ အငြိမ့်ပွဲတွေနဲ့လည်း ဖျော်ဖြေပါတယ်။ နေ့စဉ်ထုတ်သတင်းစာတွေကလည်း တက္ကသိုလ်နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ဆောင်းပါးတွေ၊ အင်တာဗျူးတွေနဲ့ ဝေဝေဆာဆာ ဖော်ပြပြီး ဂုဏ်ပြုပါတယ်။ ဂုဏ်ပြုသဘင်ပွဲအတွက် စီစဉ်သူများ၊ စာပေပညာရှင်တွေ၊ အနုပညာရှင်တွေ၊ ဂီတပညာရှင်တွေ၊ ရုပ်မြင်သံကြားဌာနများမှ စီစဉ်ရိုက်ကူးထုတ်လွှင့်သူတွေနဲ့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သူ အားလုံးကို တက္ကသိုလ်ကြီးရဲ့ကိုယ်စား ကျွန်တော်ဝမ်းမြောက်ဝမ်းသာနဲ့ ကျေးဇူးတင်ဂုဏ်ယူမိပါတယ်။ တက္ကသိုလ်ကြီးနဲ့ ပတ်သက်ဖူးသူတိုင်းလည်း အတိတ်ကအိပ်မက်တွေနဲ့ လွမ်းတသသဖြစ်မယ်။ ဂုဏ်ယူဝမ်းသာပီတိ ဖြစ်မယ်ဆိုတာ ယုံကြည်ပါတယ်။ ကိုဗစ်ကပ်ဘေးကြောင့် လူအများ ပါဝင်ခွင့်မရပေမယ့် ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင် ဂုဏ်ပြုပွဲကို ကဏ္ဍအလိုက် အောင်မြင်အောင် ဆောင်ရွက်နိုင်ကြလို့ ဂုဏ်ယူဝမ်းသာပီတိဖြစ်မိပါတယ်လို့ ပြောချင်ပါတယ်။



ရူပဗေဒမိသားစု ညစာစားပွဲကျင်းပစဉ်က သစ်ပုပ်ပင်၏ညအလှ။

**မေး။ ။ ဆရာကြီးအခြားဖြည့်စွက်ပြောကြားလိုတာတွေရှိရင်လည်း ပြောကြားစေလိုပါတယ်။**

**ဖြေ။** ။ ရန်ကုန်တက္ကသိုလ်ကြီးဟာ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်မဖြစ်သေးပါဘူး။ ဒါပေမဲ့ သိပ္ပံဘာသာရပ်အချို့မှာ ပြုလုပ်နေတဲ့ သုတေသနလုပ်ငန်းအချို့ဟာ ကမ္ဘာ့အဆင့်မီတယ်လို့ ပြောနိုင်ပါတယ်။ အဲဒီသုတေသနတွေက ရရှိတဲ့ တွေ့ရှိချက်တွေကို နိုင်ငံတကာအဆင့်မီ သုတေသနဂျာနယ်တွေမှာ ထည့်သွင်းဖော်ပြပေးလို့ ကမ္ဘာ့အဆင့်မီတယ်လို့ ပြောတာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်က ဘွဲ့ရပြီး ပြည်ပနိုင်ငံတွေမှာ အလုပ်လုပ်နေကြတဲ့ ထူးချွန်ပညာရှင်တွေ ရှိပါတယ်။ ဥပမာအနေနဲ့ ပြောရရင် ရန်ကုန်တက္ကသိုလ်က ရူပဗေဒဘာသာနဲ့ ဘွဲ့ရခဲ့ကြတဲ့ ဒေါက်တာ ပဒေသာတင်က အမေရိကန်နိုင်ငံ အမျိုးသားလေကြောင်းနဲ့ အာကာသအုပ်ချုပ်ရေးအဖွဲ့(နာဆာ)မှာ သုတေသနပညာရှင်၊ ဒေါက်တာ ခင်မောင်မောင်က University of Southern Mississippi မှာ ရူပဗေဒပါမောက္ခ၊ ဒေါက်တာ စောဝေလှက Ohio University မှာ ရူပဗေဒပါမောက္ခ အသီးသီး တာဝန်ထမ်းဆောင်နေပါတယ်။ ထူးချွန်သူတွေ ဖြစ်ပါတယ်။ မြန်မာ့ဂုဏ်ဆောင်တဲ့ အဲဒီပညာရှင်တွေကို ကျွန်တော် ဂုဏ်ယူချီးကျူးပါတယ်။ ရန်ကုန် တက္ကသိုလ်ဘာသာရပ်အသီးသီးက ဆရာ ဆရာမတွေကလည်း နိုင်ငံအကျိုးပြုသုတေသနတွေနဲ့ ဘာသာရပ်ဖွံ့ဖြိုးတိုးတက်မှုအတွက်သုတေသနတွေ ယခုထက်ပိုပြီး ဆောင်ရွက်ကြပါလို့ မေတ္တာရပ်ခံတိုက်တွန်းပါတယ်။

နောက်ဆုံးအနေနဲ့ သမိုင်းအစဉ်အလာကြီးမားတဲ့ ရန်ကုန်တက္ကသိုလ်ကြီး ရှေ့ဆက်နှစ်ပေါင်းများစွာ အစွန့်ရှည်တည်တံ့ပါစေ၊ နိုင်ငံအကျိုးကို သယ်ပိုးနိုင်မယ့် ထူးချွန်ထက်မြက်တဲ့ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ ဆက်လက်မွေးထုတ်ပေးနိုင်ပါစေ၊ ပညာပန်းတွေ အရောင်စုံအောင်၊ ရနံ့စုံအောင် ဖူးပွင့်ပေးနိုင်တဲ့ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီး မကြာမီ ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

အားလုံးကျန်းမာပျော်ရွှင်နိုင်ကြပါစေ။ ။

# ၂၀၂၀ ရွေးကောက်ပွဲရက်များနှင့် နိုင်ငံပိုင်သတင်းစာ


*(ယမန်နေ့မှအဆက်)*

**တစ်နိုင်ငံလုံးစိတ်ဝင်စားသည့်နေ့ရက်**

နိုဝင်ဘာ ၈ရက်။ ထိုနေ့သည် တစ်နိုင်ငံလုံး စိတ်လှုပ်ရှားရသည့် နေ့ရက်ဖြစ်သကဲ့သို့ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ သတင်းပြန်ကြားရေး လုပ်ငန်းများ ဆောင်ရွက်နေကြသူများလည်း အလားတူ စိတ်လှုပ်ရှားရသည့် နေ့ရက်ဖြစ်သည်။ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သတင်းရယူရန် ဌာနအကြီးအကဲများ၏ အမှာအကြားများ၊ မြန်မာ့သတင်းစဉ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သတင်းအဖွဲ့များနှင့် အနယ်နယ်အရပ်ရပ်ရှိသတင်းထောက်များထံမှ ပေးပို့လာသည့် သတင်းများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာသည့် သတင်းအချက်အလက်များကို စိစစ်ကာ စာမျက်နှာများတွင် ထည့်သွင်းဖော်ပြကြရန် မိမိတို့ ပြင်ဆင်ကြရသည်။

မိခင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူအဆင့်ဆင့်က မှာကြားသည့် အမှားအယွင်းကင်းစင်ရေး၊ အချိန်နှင့်တစ်ပြေးညီ သတင်းများ ဖော်ပြနိုင်ရေးနှင့် သတင်းအချက်အလက်များကို အများပြည်သူတို့ အလွယ်တကူရရှိနိုင်ရေးတို့ကို ဦးတည်လျက် နိုင်ငံပိုင် သတင်းစာတိုက်များ၏ သတင်းခန်းများတွင် ပုံမှန်နေ့ရက်များနှင့်မတူဘဲ အထူးတာဝန်တစ်ရပ်အဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြရသည်။

ရွေးကောက်ပွဲမတိုင်မီ လများကပင် ကြိုတင်ပြင်ဆင်ထားခဲ့သလို ရွေးကောက်ပွဲရလဒ်များအား စာရင်းဇယားများဖြင့် တင်ဆက်ရန်၊ သို့မဟုတ် ပိုမိုရှင်းလင်းလွယ်ကူစွာ သိရှိနိုင်အောင် အခြေပြဇယား(ဂရပ်ဖ်ပုံ)များဖြင့် မြင်သာအောင် ပြသရန်အတွက် ရွေးကောက်ပွဲ အထူးစာမျက်နှာများကိုဖန်တီးရန်သီးသန့်တာဝန်ပေးထားသူများ၊ ရွေးချယ်ခံရသည့် ကိုယ်စားလှယ်လောင်းများစာရင်းကို အဆင့်ဆင့်စစ်ဆေးပေးနေသည့် တာဝန်ရှိသူများ၊ စာတည်းများ၊ စာပြင်များ၊ စာမျက်နှာဖွဲ့စည်းသူများ အားလုံးက ဆန္ဒမဲပေးသည့်နေ့ရက်မှ လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်များအားလုံး အတည်ပြုထွက်ပေါ်လာသည်အထိ အထူးဂရုပြု ဆောင်ရွက်ခဲ့ကြခြင်းဖြင့် ပြည်သူများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးခဲ့ကြသည်။



၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေကို အခြေပြဇယား(ဂရပ်ဖ်ပုံ)များဖြင့် ဖော်ပြခဲ့စဉ်။

**နိုင်ငံပိုင်သတင်းစာများကပြောသော သမိုင်းမှတ်တမ်း**

ဆန္ဒမဲပေးပြီး နောက်တစ်နေ့ (နိုဝင်ဘာ ၉ ရက်ထုတ်) နိုင်ငံပိုင်သတင်းစာများတွင်

## ခင်ရတနာ

ကိုဗစ်-၁၉ ရောဂါအတွက် ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ဆန္ဒမဲလာရောက်ပေးသူများ၏ ရင်တွင်းစကားသံများ၊ ဆန္ဒမဲပေးမှုမြင်ကွင်းများကို ထည့်သွင်းဖော်ပြနိုင်ခဲ့ပြီး သမိုင်းတွင်မည့် နိုင်ငံတော်၏အထူးနေ့ရက်ပုံရိပ်များအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ထိုသို့ဖော်ပြရာတွင် နိုင်ငံတော် အကြီးအကဲများ၊ အစိုးရအဖွဲ့ဝင်များ၏ ကြိုတင်ဆန္ဒမဲပေးသည့် သတင်းများကို ဖော်ပြပေးသကဲ့သို့ ဝေးလံခေါင်ဖျားဒေသများတွင် ဆန္ဒမဲပေးနေသည့် သတင်းဓာတ်ပုံများ၊ သက်ကြီးဘိုးဘွားများ ကြိုတင်ဆန္ဒမဲပေးနေသည့် သတင်းဓာတ်ပုံများ၊ မသန်စွမ်းသူများနှင့် အမြင်အာရုံမသန်စွမ်းသူများ အထူးစနစ်ဖြင့် ဆန္ဒမဲပေးသည့် သတင်းများ၊ မဲရေတွက်နေမှု မြင်ကွင်းများအပြင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ မှတ်တမ်းများစသည်ဖြင့် ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံ၊ လူတန်းစားအလွှာပေါင်းစုံ၊ နေရာစုံတို့မှ သတင်းနှင့် သတင်းမြင်ကွင်းများကို အများပြည်သူတို့ တွေ့မြင်ဖတ်ရှုနိုင်ရန်အတွက် ရွေးချယ်တည်းဖြတ် ဖော်ပြခဲ့ရသည်မှာလည်း ငါးနှစ်တွင် တစ်ကြိမ်သာ ကြုံရသည့် အမှတ်တရ အတွေ့အကြုံများဖြစ်ပါသည်။

အများပြည်သူတို့ ဆန္ဒမဲပေးကြသည့် နေ့ရက်တွင် အနယ်နယ်အရပ်ရပ်မှ ပေးပို့လာသည့် သတင်းထောက်များ၏ ရွေးကောက်ပွဲမြင်ကွင်း သတင်းများကို ရွေးချယ်၍ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တစ်နိုင်ငံလုံးမှရွေးကောက်ပွဲ သတင်းပုဒ်ရေ ၃၀ ကျော်၊ သတင်းဓာတ်ပုံမြင်ကွင်း စာမျက်နှာ ငါးမျက်နှာခန့်နှင့် ပြည်ထောင်စု

**စာမျက်နှာ ၁၁ သို့** »»

**ရွေးကောက်ပွဲမတိုင်မီ လများကပင် ကြိုတင်ပြင်ဆင်ထားခဲ့သလို ရွေးကောက်ပွဲရလဒ်များအား စာရင်းဇယားများဖြင့် တင်ဆက်ရန်၊ သို့မဟုတ် ပိုမိုရှင်းလင်းလွယ်ကူစွာ သိရှိနိုင်အောင် အခြေပြဇယား(ဂရပ်ဖ်ပုံ)များဖြင့် မြင်သာအောင် ပြသရန်အတွက် ရွေးကောက်ပွဲ အထူးစာမျက်နှာများကိုဖန်တီးရန် သီးသန့်တာဝန်ပေးထားသူများ၊ ရွေးချယ်ခံရသည့် ကိုယ်စားလှယ်လောင်းများစာရင်းကို အဆင့်ဆင့်စစ်ဆေးပေးနေသည့် တာဝန်ရှိသူများ၊ စာတည်းများ၊ စာပြင်များ၊ စာမျက်နှာဖွဲ့စည်းသူများအားလုံးက ဆန္ဒမဲပေးသည့်နေ့ရက်မှ လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်များအားလုံး အတည်ပြုထွက်ပေါ်လာသည်အထိ အထူးဂရုပြု ဆောင်ရွက်ခဲ့ကြခြင်းဖြင့် ပြည်သူများ၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးခဲ့ကြ**



၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် မဲရုံအသီးသီး၌ မဲဆန္ဒရှင် ပြည်သူများ အေးချမ်းလုံခြုံစွာ ဆန္ဒမဲပေးကြသည့် သတင်းများနှင့် သတင်းဓာတ်ပုံမြင်ကွင်းစာမျက်နှာများကို ကြေးမုံသတင်းစာတွင် အထူးကဏ္ဍအဖြစ် ဖော်ပြခဲ့သည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နေ့စဉ်ထုတ်ပြန်သည့် လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်အမည်စာရင်းများကို ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့ရာ စာမျက်နှာအချို့ကို တွေ့ရစဉ်။

»» **စာမျက်နှာ ၁၀ မှ**

ရွေးကောက်ပွဲကော်မရှင်၏ အသိပေးချက်များ စသည်တို့ကို ဖော်ပြပေးခဲ့ပါသည်။ ယင်းနေ့ နိုဝင်ဘာ ၉ ရက်ထုတ် သတင်းစာမျက်နှာ အများအပြားကို ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် သတင်းများ ဖော်ပြပေးနိုင်ခဲ့သည့် အခြေအနေပင်ဖြစ်ပါသည်။

မိမိတို့ သတင်းစာများသည် အများပြည်သူ သိသင့်သိထိုက်သည့် သတင်းများကို ဖော်ပြရာတွင် စာဖတ်သူများက မိမိတို့ သတင်းစာကို သတင်းများဖတ်ရှုရန်သာမက မှတ်တမ်းများအဖြစ် သိမ်းဆည်းရန်၊ အချက်အလက်များ ကိုးကားရန်အတွက်လည်း အသုံးပြုကြသည်ဖြစ်ရာ မှန်ကန်တိကျခိုင်မာသည့် သတင်းများဖြစ်လာစေရန် သက်ဆိုင်ရာတို့မှ အတည်ပြုချက်များကို ရရှိပြီးမှ ဖော်ပြခြင်းဖြစ်ပါသည်။

ရွေးကောက်ပွဲကာလ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သတင်းများဖော်ပြရာတွင် ဆန္ဒမဲပေးမှုမြင်ကွင်း၊ မဲရုံမြင်ကွင်းနှင့် မဲရေတွက်မှုမြင်ကွင်းများကို ဦးစားပေးဖော်ပြခဲ့ပြီး ဆန္ဒမဲရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် အခါမှသာ အမှားအယွင်းကင်းအောင် ဂရုစိုက် စိစစ်ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

နိုဝင်ဘာ ၁၀ ရက်နေ့ထုတ်မှ စတင်၍ ရွေးကောက်ပွဲကော်မရှင်က နေ့စဉ်ထုတ်ပြန်သည့် လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်အမည်စာရင်းများကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပြီး မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ ကိုယ်စားပြုပါတီတို့ကို ဇယားများဖြင့် ရှင်းလင်းစွာဖော်ပြပေးခဲ့ပါသည်။

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းစာရှင်းလင်းပွဲများ၊ ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများနှင့် သီးခြားတွေ့ဆုံမေးမြန်းမှုများ၊ ရွေးကောက် ပွဲလေ့လာစောင့်ကြည့်ခဲ့ကြရသည့် ပြည်တွင်းပြည်ပ စောင့်ကြည့်လေ့လာသူများ၏ သတင်းထုတ်ပြန်ချက်များ၊ နိုင်ငံတကာမှ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်စွာ သတင်းစကား ပြောကြားမှုများကိုလည်း နောက်ဆက်တွဲ သတင်းများအဖြစ် ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှာ ယခုအခါ အောင်အောင်မြင်မြင်ဖြင့် ပြီးဆုံးသွားခဲ့ပြီဖြစ်ပါသည်။ ပြည်သူများက ဆန္ဒမဲတစ်ပြားစီဖြင့် ထုတ်ဖော်ရွေးချယ်ခဲ့ကြသည့် လွှတ်တော်အသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များလည်း ထွက်ပေါ်လာခဲ့ပြီ ဖြစ်ပါသည်။ မိမိတို့ သတင်းစာများသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် တာဝန်ကျေပွန်ခဲ့ပါပြီ။

နောင်ကာလတွင်လည်း နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု၊ အစိုးရဌာနအသီးသီးတို့၏ ဆောင်ရွက်မှု၊ ပြည်သူတို့၏ လူမှု၊ စီးပွားဘဝဖြတ်သန်းမှု စသည့်အမျိုးမျိုးသော သတင်းအချက်အလက်များကို ပေးအပ်ရန်အတွက် စာဖတ်ပရိသတ်ပြည်သူများ အားပေးလက်ခံသည့်နေ့ရက်များအထိ ဆက်လက်ရပ်တည်နိုင်မည်ဟု မျှော်လင့်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။






၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ရင်တွင်းစကားပြောကြားချက်များနှင့် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးမှုမြင်ကွင်းများကို ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့ရာ စာမျက်နှာအချို့ကို တွေ့ရစဉ်။

- မိမိတို့သတင်းစာများသည် အများပြည်သူ သိသင့်သိထိုက်သည့် သတင်းများကို ဖော်ပြရာတွင် စာဖတ်သူများက မိမိတို့သတင်းစာကို သတင်းများဖတ်ရှုရန်သာမက မှတ်တမ်းများအဖြစ် သိမ်းဆည်းရန်၊ အချက်အလက်များ ကိုးကားရန်အတွက်လည်း အသုံးပြုကြသည်ဖြစ်ရာ မှန်ကန်တိကျခိုင်မာသည့် သတင်းများ ဖြစ်လာစေရန် သက်ဆိုင်ရာတို့မှ အတည်ပြုချက်များကို ရရှိပြီးမှ ဖော်ပြခြင်းဖြစ်
- ရွေးကောက်ပွဲကာလ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သတင်းများဖော်ပြရာတွင် ဆန္ဒမဲပေးမှုမြင်ကွင်း၊ မဲရုံမြင်ကွင်းနှင့် မဲရေတွက်မှုမြင်ကွင်းများကို ဦးစားပေးဖော်ပြခဲ့ပြီး ဆန္ဒမဲရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့်အခါမှသာ အမှားအယွင်းကင်းအောင် ဂရုစိုက် စိစစ်ဖော်ပြခဲ့ခြင်းဖြစ်

# အာရှရာစုခေတ် စာမျက်နှာသစ် လှစ်ပြချိန်

■ ကိုရင်ဩ

ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို အာရှ- ပစိဖိတ်ဒေသရှိ နိုင်ငံပေါင်း ၁၅ နိုင်ငံတို့က တက်စေ့လက်စေ့ လက်မှတ်ရေးထိုးလိုက်ကြသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ "စစ်မျက်နှာ" အတွင်း ဒဏ်ရာဒဏ်ချက် ပြင်းပြင်းရရှိခဲ့ကြသည့် နိုင်ငံများ စီးပွားရေးအရ ပြန်လည်နာလန်ထူလာနိုင်စေမည့် ဝါယမပြုကြိုးပမ်းမှုအဖြစ် ရှုမြင်မိရင်း ယင်းသဘောတူညီချက်၏ အကျိုးသက်ရောက်မှုများ မည်သို့ရှိလာနိုင်သည်ကို စေ့ငုလေ့လာမိလေ၏။

**လက်မှတ်ရေးထိုး**

ကမ္ဘာ့စီးပွားရေးနယ်ပယ်၏ သုံးပုံတစ်ပုံခန့်အထိ လွှမ်းခြုံထားသော ကုန်သွယ်ရေးသဘောတူညီချက်အဖြစ် "ဒေသဆိုင်ရာ အလုံးစုံစီးပွားရေး မိတ်ဖက်ပြုရေး" (Regional Comprehensive Economic Partnership) အမည်ရှိ သဘောတူညီချက်ကို နိုဝင်ဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြလေသည်။

RCEP (ဝါ) "အာရ်ဆက်" ဟု ခေါ်တွင်သော အဆိုပါသဘောတူညီချက်သည် လွတ်လပ်သော ကုန်သွယ်ရေးစာချုပ်များအနက် အကြီးကျယ်ဆုံး စာချုပ်အဖြစ် သမိုင်းဝင်သမိုင်းတွင်ရစ်ပေပြီ။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင် ၁၀ နိုင်ငံနှင့်အတူ တရုတ်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဂျပန်နှင့် နယူးဇီလန်နိုင်ငံတို့သည် "အာရ်ဆက်" သဘောတူညီချက်တွင် ပါဝင်ကြ၏။

၂၀၂၀ ပြည့်နှစ် အခြေပြစာရင်းဇယားအရ ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့် (လူဦးရေ ၂ ဒသမ ၂ ဘီလီယံ)၊ ကမ္ဘာ့ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းခန့်(ဒေါ်လာ ၂၆ ဒသမ ၂ ထရီလီယံ)တို့ကို လွှမ်းခြုံထားသော နိုင်ငံပေါင်း ၁၅ နိုင်ငံတို့က အဆိုပါ ကုန်သွယ်ရေးသဘောတူညီချက်တွင် ပါဝင်ကြ၏။

အာဆီယံနှင့် ယင်း၏ ကုန်သွယ်ဖက်နိုင်ငံများအနက်မှ နိုင်ငံငါးနိုင်ငံတို့သည် ယခင်ရှိရင်းစွဲနှစ်နိုင်ငံ အပြန်အလှန် သဘောတူညီချက်များကို အခြေပြုလျက် ဒေသဆိုင်ရာ ကုန်သွယ်ရေးအုပ်စုအဖြစ် အခိုင်အမာ ရပ်တည်လာနိုင်စေမည့် "အာရ်ဆက်" သဘောတူညီချက်ကို အသက်သွင်းကြပေတော့မည်။

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် ကမကထပြုသော အာဆီယံထိပ်သီးဆွေးနွေးပွဲကို "အွန်လိုင်း" အသုံးပြု၍ ကျင်းပခဲ့ပြီး ကမ္ဘာ့သမိုင်းတွင် အကြီးကျယ်ဆုံး ကုန်သွယ်ရေးသဘောတူညီချက်ကို အစပျိုးနိုင်ခဲ့လေပြီ။

**တစ်ပြိုင်နက် အာဏာသက်ဝင်မည်**

"အာရ်ဆက်"တွင် ပါဝင်လက်မှတ်ရေးထိုးကြသော နိုင်ငံများအနက် အာဆီယံဒေသမှ အနည်းဆုံးအရေအတွက် နိုင်ငံခြောက်နိုင်ငံ၊ အာဆီယံမဟုတ်သော နိုင်ငံများအနက် အနည်းဆုံးအရေအတွက် နိုင်ငံသုံးနိုင်ငံတို့က သဘောတူညီချက်ကို အတည်ပြုပေးပြီးသည်နှင့် တစ်ပြိုင်နက်တည်း အဆိုပါသဘောတူညီချက်မှာ အာဏာသက်ဝင်လာပေလိမ့်မည်။

"အာရ်ဆက်"တွင်ပါဝင်သော နိုင်ငံများကို ကြည့်လျှင် "ဝင်ငွေနိမ့်နိုင်ငံများ"၊ "ဝင်ငွေအလယ်အလတ်ရှိ နိုင်ငံများ" နှင့် "ဝင်ငွေမြင့်နိုင်ငံများ" ဟူ၍ တွေ့မြင်ရပြီး နိုင်ငံများအချင်းချင်း ရှုပ်ထွေးစွာ ရစ်နှစ်ကြာမျှ ကုန်သွယ်ရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့ခြင်း၏ အသီးအပွင့်ကို ဆွတ်ခူးနိုင်ကြပေပြီ။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ၂၀၁၁ ခုနှစ်က ကျင်းပခဲ့သော အာဆီယံထိပ်သီးညီလာခံတွင် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ရရှိရေး အယူအဆကို ကနဦး ထုတ်ဖော်တင်ပြခဲ့ခြင်းဖြစ်၏။ ၂၀၁၂ ခုနှစ် အာဆီယံထိပ်သီးညီလာခံကို ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပစဉ်အတွင်း ဒေသဆိုင်ရာကုန်သွယ်ရေး ဆွေးနွေးပွဲများကို တရားဝင်စတင်စေခဲ့၏။

ဒေသဆိုင်ရာ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် အသက်ဝင်လာအပြီး နှစ်ပေါင်း ၂၀ ကာလအတွင်း သဘောတူညီချက်တွင် ပါဝင်သော နိုင်ငံများအကြား သွင်းကုန်များအပေါ် ကုန်သွယ်စည်းကြပ်ခွန်ကောက်ယူမှု ၉၀ ရာခိုင်နှုန်းခန့်အထိ အပြီးတိုင်ဖျက်သိမ်းရန် ဒေသဆိုင်ရာနိုင်ငံများ မျှော်မှန်းခဲ့ကြလေသည်။

ထို့အပြင် အီလက်ထရွန်နစ်-ကူးသန်းရောင်းဝယ်ရေး (ဝါ)အီး-ကောမာ့စ်၊ ဝါဏိဇ္ဇရေးရာများနှင့် ဉာဏမူပိုင်ခွင့်ကိစ္စရပ်များတွင် ဥပဒေစည်းမျဉ်းများအရ ဒေသတွင်းနိုင်ငံများ တစ်ပြေးညီကျင့်သုံးကြရန်လည်း ဦးတည်ခဲ့ကြလေသည်။

**အထောက်အကူပေးနိုင်မည်**

ကုန်သွယ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများကို တညီတညွတ်တည်း တစ်သဝေမတိမ်း ကျင့်ကြံလိုက်နာကြခြင်းဖြင့် "နိုင်ငံတကာထောက်ပို့ကွန်ရက်ကြီး"(ဝါ) ထုတ်လုပ်သူမှသည် စားသုံးသူအထိ ဆက်နွှယ်နေသောထောက်ပံ့ရေးလမ်းကြောင်း ချောမွေ့စေရေးအတွက်လည်းကောင်း၊ ကုန်သွယ်ရေးအုပ်စုအတွင်းရှိ နိုင်ငံများ၏ ပို့ကုန်စရိတ်စကများ လျှော့ချနိုင်စေရေးအတွက် လည်းကောင်း အထောက်အကူ ပေးနိုင်ပေလိမ့်မည်။

"အာရ်ဆက်" သဘောတူညီချက်၏ ထူးခြားသော အင်္ဂါရပ်တစ်ခုမှာ အာရှတိုက်ရှိ စီးပွားရေးထိပ်သီးလေးနိုင်ငံအနက် သုံးနိုင်ငံတို့ဖြစ်သော တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားတို့ ပါဝင်ကြခြင်းဖြစ်ပြီး အရှေ့အာရှဒေသ သုံးနိုင်ငံအကြား ပထမဆုံးအကြိမ် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို မကြုံစဖူး ထူးထူးကဲကဲရရှိလိုက်ကြခြင်းဖြစ်သည်။

အာရှ၏စီးပွားရေး ထိပ်သီးအိန္ဒိယနိုင်ငံမှာမူ "အာရ်ဆက်" တွင် ပူးပေါင်းပါဝင်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့၏။ အကြောင်းမူကား ယင်းသဘောတူညီချက်တွင် ပါဝင်ခြင်းဖြင့် ပြည်တွင်းရှိ လုပ်ငန်းများနှင့် ထုတ်လုပ်သူများအပေါ် ထိခိုက်နစ်နာမှု ရှိလာနိုင်ခြင်းကြောင့် ဖြစ်သည်ဆို၏။

"အာရ်ဆက်" သဘောတူညီချက်သည် မိမိနိုင်ငံ၏ ပြည်သူ ပြည်သားများအပေါ် အကျိုးစီးပွားအရ ထိခိုက်နစ်နာမှုရှိလာနိုင်သည့်အမြင်ကို ထင်ဟပ်နေသည်ဟုဆိုကာ အိန္ဒိယနိုင်ငံက လက်တွဲဖြုတ်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့်နှစ်မှစ၍ ဒေသဆိုင်ရာ ကုန်သွယ်ရေးမိတ်ဖက်ပြုရေးဆွေးနွေးပွဲများမှ ဖယ်ကြဉ်ထွက်ခွာခဲ့၏။ ၂၀၁၃ ခုနှစ်မှစ၍ ဒေသတွင်းကုန်သွယ်ရေးအုပ်စု ထူထောင်ရေးရည်မှန်းချက်အရ ဆွေးနွေးညှိနှိုင်းမှုများကို အခါခပ်သိမ်းပြုလုပ်လာခဲ့ပြီး ယင်းနိုင်ငံအနေဖြင့် ယင်းအုပ်စုတွင် ပါဝင်မည်ဟု အများက မျှော်လင့်စောင့်စားခဲ့ကြ၏။ သို့ဖြစ်စေကာမူ လွန်ခဲ့သည့်နှစ် နိုဝင်ဘာ ၄ ရက်အရောက်တွင် ဒေသဆိုင်ရာကုန်သွယ်ရေးဆွေးနွေးပွဲများမှ ထွက်ခွာရန် အိန္ဒိယနိုင်ငံက ဆုံးဖြတ်ခဲ့၏။

နိုင်ငံတော်၏ စီးပွားရေးရှုထောင့်အမြင်အရ အကျိုးစီးပွားချင်းလွန်ဆွဲရသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အပြီးတိုင် ညှိနှိုင်းဖြေရှင်းရန် နောက်ဆုံးအချိန်ဇယား သတ်မှတ်ချက်ရှိခဲ့သော်လည်း ပြေလည်မှုအနေအထားသို့ မရောက်ရှိခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားကြသည်။

လယ်ယာထွက်ကုန်ပစ္စည်းများ ကုန်သွယ်ခြင်း၊ နို့ထွက်ကုန်ပစ္စည်းများ ကုန်သွယ်ခြင်းဟူသော လုပ်ငန်းရပ်ကြီးများနှင့်ပတ်သက်၍ ပြည်တွင်းရှိ ထုတ်လုပ်သူများ၏ အကျိုးစီးပွားများ အထိအခိုက်မခံလိုရကား အိန္ဒိယမှာ "အာရ်ဆက်" နှင့်အတူ ခရီးဆက်ရန် မဖြစ်နိုင်တော့ချေ။ ပြည်တွင်းရှိ လယ်ယာဦးကြီးများနှင့် မွေးမြူရေးသမားများကလည်း သူတို့၏ အကျိုးစီးပွားများကို ထိခိုက်စေနိုင်သော ဒေသတွင်း ကုန်သွယ်ရေးသဘောတူညီချက်ကို လက်ခံနိုင်ခြင်းမရှိဟုဆိုကာ ဆန္ဒပြခဲ့ကြပြီး ကွန်ဂရက်လွှတ်တော်တွင် အဆုံးအဖြတ်ရယူရာတွင်လည်း "အာရ်ဆက်" တွင် ပါဝင်ခြင်း မပြုသည့်ဘက်မှ အလေးသာခဲ့လေသည်။

"အာရ်ဆက်" သဘောတူညီချက်ကို အိန္ဒိယလက်ခံလိုက်မည်ဆိုလျှင် မိမိ၏နိုင်ငံအတွင်းသို့ သွင်းကုန်ပစ္စည်းများ အောတိုက်ဝင်ရောက်လာကာ ပြည်တွင်းရှိ ထုတ်လုပ်သူများ စီးပွားပျက်ရမည့်အရေးအတွက် ယင်းနိုင်ငံက ရတက်မအေးခဲ့ပေ။

**အကျိုးစီးပွားပျက်စီးရအံ့**

အိန္ဒိယနိုင်ငံ၏ ဈေးကွက်များအတွင်းသို့ တရုတ်နိုင်ငံလုပ်ကုန်ပစ္စည်းများ၊ ဩစတြေးလျနှင့် နယူးဇီလန်လုပ် နို့ထွက်ကုန်ပစ္စည်းများ တံခါးမရှိ ဓားမရှိ အောတိုက်ဝင်ရောက်လာခြင်းဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ အကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးရပေအံ့ဟူ၍ ရှုမြင်ကြသည်။

"အာရ်ဆက်" သဘောတူညီချက်အရ အိန္ဒိယနိုင်ငံသည် ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ တင်ပို့သော ကုန်ပစ္စည်းများအပေါ် ကုန်သွယ်စည်းကြပ်ခွန် ၈၆ ရာခိုင်နှုန်း၊ အာဆီယံ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ တင်ပို့သော ကုန်ပစ္စည်းများအပေါ် ကုန်သွယ်စည်းကြပ်ခွန် ၉၀ ရာခိုင်နှုန်းအထိ အဆင့်အလိုက် လျှော့ချပေးလာရပေလိမ့်မည်။

ဈေးကွက်ဖွင့်ပေးရေးကို ဦးတည်သည့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များသည် "ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒ" ကို ချေဖျက်ကာ ကမ္ဘာနှင့်ချီ၍ "ယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်း" ကို မြှင့်တင်အားပေးသည်ဟု ဆိုသော်လည်း ကုန်သွယ်ရေးအရ အင်အားချင်းမမျှတအနေအထားဖြင့် ကာလကြာရှည်ခရီးဆက်ရမည့်အရေးမှာ နိုင်ငံတိုင်းအတွက် ရင်လေးစရာဖြစ်ရ၏။

မျက်မှောက်ကာလဒေသဆိုင်ရာ ကုန်သွယ်ရေးအခင်းအကျင်းကိုကြည့်ပါက "အာရ်ဆက်" အဖွဲ့ဝင် နိုင်ငံအများစုနှင့် ကုန်သွယ်ရာတွင် အိန္ဒိယနိုင်ငံဘက်မှ ကုန်သွယ်ရေး "လိုငွေပြမှု" က အလေးသာနေ၏။ အိန္ဒိယနိုင်ငံသည် ယင်း၏ ကုန်သွယ်ဖက်နိုင်ငံများအတွက် အလွန်တရာကြီးကျယ်ခမ်းနားလှသည့် ဈေးကွက်ကြီးတစ်ခုအဖြစ် ရပ်တည်ပေးနေသော်လည်း "အာရ်ဆက်" သဘောတူညီချက်အရ ယင်းနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုပေးသော လုပ်ငန်းများအတွက် အကျိုးကျေးဇူးများလှဟု ဆိုနိုင်ပေအံ့။

အိန္ဒိယနိုင်ငံသည် အပြန်အလှန်ကုန်သွယ်ရေးနှင့် ဒေသဆိုင်ရာကုန်သွယ်ရေး သဘောတူညီချက်အများအပြားနှင့်အတူ ကုန်သွယ်မှုပြုလာခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပေပြီ။

**သဘောတူညီချက်များရရှိ**

အိန္ဒိယနိုင်ငံသည် ကုန်သွယ်ရေးအရ အထူးအခွင့်အရေးပေးအဆင့်ကို ရရှိထားသလို လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များကို နိုင်ငံပေါင်း ၅၄ နိုင်ငံခန့်နှင့်လည်းကောင်း၊ အလုံးစုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များကို နိုင်ငံပေါင်း ၁၈ နိုင်ငံခန့်နှင့်လည်းကောင်း ရရှိခဲ့ပြီးဖြစ်၏။

အိန္ဒိယနိုင်ငံ၏ "ကုန်သွယ်ရေး ချိန်ခွင်လျှာ" အပေါ် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များက အကျိုးသက်ရောက်မှု မည်သို့ရှိပုံကို သုတေသီများက လေ့လာသုံးသပ်ရာတွင် "ကိုယ့်နိုင်ငံက တင်ပို့ရမှုက နည်းနည်း၊ သူများနိုင်ငံက တင်သွင်းရမှုက များများ" အခြေအနေကို တွေ့မြင်ရသည်ဆို၏။

အိန္ဒိယနှင့် တရုတ်နိုင်ငံအကြား "လာဒက်ဒေသ" တွင် ပိုင်နက်နယ်မြေ အငြင်းပွားမှုအရ စစ်ရေးတင်းမာမှုများရှိခဲ့ခြင်းသည်လည်း တရုတ်နိုင်ငံပါဝင်နေသော "အာရ်ဆက်" သဘောတူညီချက်သစ်တွင် အိန္ဒိယပါဝင်လိုခြင်းမရှိသော အကြောင်းတရား တစ်စိတ်တစ်ဒေသအဖြစ် တွေ့မြင်ရပြန်သေးသည်။

**ကူပံ့ပေးမည့်သဘောတူညီချက်**

"အာရ်ဆက်" သဘောတူညီချက်ကိုစီးပွားရေး ရှုထောင့်အမြင်အရ ကြည့်သည်မဟုတ်မူ၍ နိုင်ငံရေးရှုထောင့်အမြင်အရ ကြည့်သူများက ယင်းသဘောတူညီချက်သည် တရုတ်နိုင်ငံအတွက် ဒေသဆိုင်ရာနိုင်ငံများအပေါ် စီးပွားရေးနှင့် နိုင်ငံရေးတို့အရ "ဩဇာ" လွှမ်းမိုးမှုရှိလာအောင် ကူပံ့ပေးမည့်သဘောတူညီချက်အဖြစ် ဝေဖန်နေကြသည်။

အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာတွင် ထူးထူးကဲကဲ ကုန်သွယ်ရေး "လိုငွေပြမှု" ရှိနေခြင်း၊ အိန္ဒိယနိုင်ငံ၏ သွင်းကုန်ပမာဏတွင် တရုတ်နိုင်ငံ၏ ဝေစုမှာ အကြမ်းအားဖြင့် ၁၄ ရာခိုင်နှုန်းသာ ရှိခြင်း၊ အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ သံရိုင်း၊ ဓာတ်သတ္တုပစ္စည်းများနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံးဓာတုပစ္စည်းများ အဓိကဖြစ်နေပြီး အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံထံမှ သွင်းကုန်တင်သွင်းမှုကိုကြည့်လျှင် စက်နှင့်စက်ကိရိယာပစ္စည်းများ၊ အင်ဂျင်နီယာသုံးပစ္စည်းများကဲ့သို့သော ကုန်ထုတ်လုပ်ငန်းသုံးပစ္စည်းများဖြစ်ခြင်း စသည့်အချက်များကို တွေ့မြင်နိုင်သည်။

"အာရ်ဆက်" သဘောတူညီချက်တွင် အိန္ဒိယပါဝင်ခြင်းမရှိခြင်းကြောင့် ယင်းနိုင်ငံမှာ ဒေသတွင်းကုန်သွယ်ရေးလောကတွင် အထီးကျန်ဆန်ဆန် ရပ်တည်လာရမည်ဟု ရှုမြင်ကြသော်လည်း မိမိနိုင်ငံ၏ ပို့ကုန်များအတွက် အားသာချက်မရှိသော သဘောတူညီချက်အဖြစ် "အာရ်ဆက်"နှင့် လက်တွဲဖြုတ်ကာ ကိုယ်ပိုင်ကုန်သွယ်ရေးဗျူဟာသစ်များ ခင်းကျင်းလျက် ခရီးဆက်ပေလိမ့်မည်။

အိန္ဒိယနိုင်ငံနည်းတူ အမေရိကန်ပြည်ထောင်စုသည်လည်း ၂၀၁၇ ခုနှစ်တွင် အာရှ-ပစိဖိတ်ကုန်သွယ်ရေးသဘောတူညီချက်ကို ကျောခိုင်းခဲ့ပြီးဖြစ်သည်။

ယခုအချိန်တွင်မူ "အာရ်ဆက်" တွင် ပါဝင်သော နိုင်ငံများ၏ ခေါင်းဆောင်များက "ကိုဗစ်" ကမ္ဘာ့ကပ်ရောဂါအလွန်ကာလတွင် စီးပွားရေးပြန်လည်နာလန်ထူလာစေရေးအတွက် ယင်းသဘောတူညီချက်က အထောက်အကူပေးမည်ဟု မျှော်လင့်ချက်ကြီးကြီးမားမားရှိနေကြသည်။ "အာရှရာစုခေတ်" ၏ အရုဏ်ဦးအဖြစ် "အာရ်ဆက်" သဘောတူညီချက်ပေါ်ထွန်းလာပြီဟု ကျွန်ုပ်တွေးတောမိရင်း "အာရှရာစုခေတ် စာမျက်သစ် လှစ်ပြချိန်" ဟု ကျူးရင့်မိပါသတည်း။ ။

Ref: News Agencies



PHOTO: Asean.org

## အမေရိကန်ပြည်ထောင်စု၏ အသက်အကြီးဆုံးသမ္မတအဖြစ် မှတ်တမ်းဝင်မည့် ရွေးကောက်ခံသမ္မတ ဘိုင်ဒင်မှာ မွေးနေ့ရက်ကို လုပ်ငန်းတာဝန်များဖြင့် ကုန်ဆုံး

**ဝါရှင်တန် နိုဝင်ဘာ ၂၁**

အမေရိကန်ရွေးကောက်ခံ သမ္မတ ဘိုင်ဒင်သည် ယမန်နေ့က အသက် ၇၈ နှစ်ပြည့်မြောက်ခဲ့ပြီး သူ၏မွေးနေ့တွင် အစိုးရတာဝန်လွှဲပြောင်းရေးဆိုင်ရာ လုပ်ငန်းစဉ်များဖြင့် အချိန်ကုန်ဆုံးခဲ့ကာ အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ နန်စီပလိုစီနှင့် အထက်လွှတ်တော်အမတ် ရှူမားတို့နှင့် တံခါးပိတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘိုင်ဒင်သည် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည့် ၂၀၂၁ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အသက် ၇၈ နှစ်နှင့် နှစ်လရှိမည်ဖြစ်ရာ အမေရိကန်သမိုင်းတွင် အသက်အကြီးဆုံးသမ္မတအဖြစ် မှတ်တမ်းဝင်ထားသည့် သမ္မတဟောင်း ရော်နယ်ရီဂင်၏နေရာကို ဘိုင်ဒင်က ရယူတော့မည်ဖြစ်သည်။

ရော်နယ်ရီဂင်မှာ ၎င်းသမ္မတတာဝန်မှ အနားယူခဲ့သည့် ၁၉၈၉ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အသက် ၇၇ နှစ်နှင့် ၃၄၉ ရက်ရှိပြီဖြစ်သော်လည်း ဘိုင်ဒင်မှာ သမ္မတ တာဝန်စတင်ထမ်းဆောင်ချိန်မှာပင် ရော်နယ်ရီဂင် အနားယူခဲ့သည့် အချိန်ထက် အသက်အရွယ် ကြီးနေမည်ဖြစ်သည်။

ဘိုင်ဒင်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါတားဆီးရေး၊ အလုပ်လက်မဲ့နှုန်းနှင့် လူမျိုးရေးခွဲခြားမှု မြင့်တက်နေသည့် အမေရိကန်ပြည်ထောင်စုအား လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိအောင် ဆွဲတင်ခြင်းဖြင့် အသက်အရွယ်ဆိုသည်မှာ ကိန်းဂဏန်းတစ်ခုမျှသာဖြစ်သည်ဆိုသည်ကို သက်သေပြရမည်ဖြစ်သည်။

ဘိုင်ဒင်မှာ အမေရိကန်ပြည်ထောင်စုသမိုင်းတွင် အသက်အငယ်ဆုံး အထက်လွှတ်တော်အမတ်များထဲမှ တစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့သော်လည်း ဇနီးဖြစ်သူ ကားမတော်တဆမှုဖြင့် ဆုံးပါးသွားမှုအပါအဝင် မိသားစုကိစ္စရပ်များကြောင့် သမ္မတလောင်းအဖြစ် တစ်ကြိမ်တစ်ခါမျှ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုခဲ့ခြင်းဖြစ်သည်။

ပါတီနှစ်ရပ်လုံး၏ ဥပဒေရေးရာအကြံပေးအဖြစ် ဆောင်ရွက်နေသူ နိုင်ငံရေးသိပ္ပံကျွမ်းကျင်ပညာရှင် ရော့စ်ဘိက်ကာက “သူ( ဘိုင်ဒင်)ရော သူ့ဝန်ထမ်းတွေအားလုံးကပါ ဘိုင်ဒင် သမ္မတအဖြစ် အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ရေး ကြိုးပမ်းကြမှာဖြစ်ပါတယ်။ ဘိုင်ဒင်မှာ သမ္မတ တာဝန်ကို ထမ်းဆောင်ဖို့ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာနှစ်ရပ်လုံး သန်စွမ်းမှုရှိပါတယ်” ဟု ထောက်ခံချက်ပေးခဲ့သည်။

**ကိုးကား-အေဘီစီ**
**ဘာသာပြန်-မေလွဲ့သင်း**







## သမ္မတရွေးကောက်ပွဲနောက်ပိုင်း သမ္မတ ဒေါ်နယ်ထရမ့် နိုင်ငံတကာကွန်ဖရင့်သို့ ပထမဆုံးအကြိမ် တက်ရောက်

**ဝါရှင်တန် နိုဝင်ဘာ ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နိုဝင်ဘာ ၂၀ ရက်တွင် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (အေပက်)ဆိုင်ရာ အွန်လိုင်းထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယင်းသို့တက်ရောက်ခြင်းသည် အမေရိကန်သမ္မတ ရွေးကောက်ပွဲ ကျင်းပခဲ့သည့် နိုဝင်ဘာ ၃ ရက်နောက်ပိုင်း နိုင်ငံတကာကွန်ဖရင့်သို့ ထရမ့်၏ ပထမဆုံးအကြိမ် တက်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၀ ရက်တွင် ပြုလုပ်ခဲ့သည့် အေပက်ထိပ်သီးအစည်းအဝေးပြီးနောက် အိမ်ဖြူတော်က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး ယင်းကြေညာချက်တွင် ခိုင်မာသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် အင်ဒို-ပစိဖိတ်ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို တိုးမြှင့်လုပ်ဆောင်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် မကြုံစဖူးသော စီးပွားရေးနာလန်ထူမှုကို ပြန်လည်တည်ဆောက်မည့် အမေရိကန်နိုင်ငံ၏ ကတိကဝတ်နှင့် စပ်လျဉ်း၍ သမ္မတထရမ့်က ထပ်လောင်းအတည်ပြုပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

လာမည့်ဆယ်စုနှစ်နှစ်ခုအတွက် အေပက်၏ ဦးစားပေးအစီအစဉ်ဖြစ်သည့် လွတ်လပ်၍တရားမျှတသော ကုန်သွယ်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မူဝါဒသစ်တစ်ရပ်ကိုလည်း သမ္မတထရမ့်နှင့် တခြားသောခေါင်းဆောင်များက ထောက်ခံချက်ပေးခဲ့ကြောင်းလည်း အိမ်ဖြူတော်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၂၀၁၇ ခုနှစ်အတွင်းက ကျင်းပခဲ့သည့် အေပက်ထိပ်သီးအစည်းအဝေးသို့လည်း တက်ရောက်ခဲ့သူဖြစ်ပြီး အွန်လိုင်းမှ ပြုလုပ်မည့် ဂျီ-၂၀ နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးသို့လည်း တက်ရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ခြောက်သန်းကျော်ရှိလာ

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၁**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၃၉၇ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ခြောက်သန်းကျော်ရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ၅၅၂ ဦးရှိခဲ့သဖြင့် သေဆုံးသူ စုစုပေါင်း ၁၆၈၆၁၃ ဦးရှိလာခဲ့ကြောင်းလည်း သိရသည်။ ဘရာဇီးနိုင်ငံတွင် ပြီးခဲ့သည့်သီတင်းပတ်များအတွင်းက ကိုဗစ်-၁၉ ရောဂါကူးစက်၊ သေဆုံးမှု သိသိသာသာတိုးလာခဲ့ပြီး အများစုမှာ ဆော်ပေါ်လိုနှင့် ရီယိုဒီဂျနေးရိုးတို့မှ ဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ လူဦးရေအများဆုံးဖြစ်သည့် ဆော်ပေါ်လိုပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၀၀၃၄၈ ဦးရှိခဲ့ပြီး သေဆုံးသူ ၄၁၁၇၉ ဦးရှိခဲ့ကာ ရီယိုဒီဂျနေးရိုးပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၆၉၁၅ ဦးရှိခဲ့ပြီး သေဆုံးသူ ၂၁၉၃၈ ဦးရှိခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွင် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နောက်တွင် တတိယအများဆုံးနိုင်ငံဖြစ်ပြီး သေဆုံးမှုတွင်မူ အမေရိကန်နိုင်ငံပြီးနောက် ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ပါတီ၏ အရှုံးရလဒ်အတွက် စိတ်ပျက်သော်လည်း ကိန်းဂဏန်းများကို လိမ်လည်၍မရကြောင်း ရီပတ်ဘလီကန်ပါတီအတွင်းရေးမှူး ပြောကြား

**ဂျော်ဂျီယာ နိုဝင်ဘာ ၂၁**

အမေရိကန်ရွေးကောက်ပွဲရလဒ်အတွက် အငြင်းပွားနေသည့် ဂျော်ဂျီယာပြည်နယ်၏မဲများကို ပြန်လည်ရေတွက်ရာတွင် ရွေးကောက်ခံသမ္မတ ဘိုင်ဒင်က မဲရလဒ်အနည်းငယ်အသာဖြင့် အနိုင်ရရှိခဲ့ကြောင်း ရီပတ်ဘလီကန်ပါတီအတွင်းရေးမှူး ရက်ဖန်စပါဂါက အတည်ပြုခဲ့သည်။

ဂျော်ဂျီယာပြည်နယ်၏မဲများကို ပြန်လည်ရေတွက်ရာတွင် ဒီမိုကရက်ပါတီကိုယ်စားပြု ဘိုင်ဒင်က မဲအရေအတွက် ၁၂၆၇၀ ဖြင့် ပြိုင်ဘက် ရီပတ်ဘလီကန်သမ္မတ ထရမ့်ကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မစ္စတာ ရက်ဖန်စပါဂါက ၎င်း၏ ရီပတ်ဘလီကန်ပါတီ၏ အရှုံးရလဒ်အတွက် စိတ်ပျက်မိသော်လည်း ကိန်းဂဏန်းများကိုမူ လိမ်လည်၍မရကြောင်း ပြောကြားခဲ့သည်။ ဘိုင်ဒင်မှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်ရှိသမ္မတ ထရမ့်ကို မဲအရေအတွက် ၅ ဒသမ ၉ သန်း အသာရခဲ့သလို လိုအပ်သည့်ဒေသမဲအရေအတွက် ၂၇၀ ထက် များစွာကျော်လွန်ကာ ၃၀၆ ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ထရမ့်၏ ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးအဖွဲ့က ဂျော်ဂျီယာ၊ မစ်ချီဂန်နှင့် ပြည်နယ်အချို့ မဲရလဒ်များနှင့်ပတ်သက်ပြီး ပြန်လည်ရေတွက်ရန် တောင်းဆိုခဲ့ခြင်းကြောင့် မဲများကို ပြန်လည်ရေတွက်ပေးခဲ့ခြင်းဖြစ်သည်။ ပြန်လည်ရေတွက်နေသည့် ပြည်နယ်အများစုတွင်လည်း ဘိုင်ဒင်ကသာ အနိုင်ရရှိခဲ့သည်။ ထရမ့်ကမူ ရွေးကောက်ပွဲတွင် ၎င်းသာ အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း နိုဝင်ဘာ ၂၀ ရက်တွင် အံ့အားသင့်ဖွယ်ရာ ထပ်မံကြေညာခဲ့သည်။

**ကိုးကား- ဘီဘီစီ၊ ဘာသာပြန်-မေလွဲ့သင်း**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၅၈၀၄၀၀၀၃ ဦး |
| သေဆုံးသူ | ၁၃၈၀၂၅၇ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၄၀၂၃၂၈၈၇ ဦး |

## စင်ကာပူက ဂျပန်နှင့် မလေးရှားမှ ဝင်ရောက်လာသူများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များဖြင့် တင်းကျပ်လျက်ရှိ

**စင်ကာပူ နိုဝင်ဘာ ၂၁**

စင်ကာပူနိုင်ငံအစိုးရက ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု မြင့်တက်လျက်ရှိသည့် ဂျပန်နှင့် မလေးရှားနိုင်ငံတို့မှ ဝင်ရောက်လာသော ခရီးသွားများအားလုံးကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များဖြင့် တင်းကျပ်လျက်ရှိကြောင်း သိရသည်။

စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်အသစ်များကို နိုဝင်ဘာ ၂၀ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။ အဆိုပါ စည်းကမ်းချက်အသစ်များအရ ဂျပန်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ဝင်ရောက်လာသည့် ခရီးသွားများအားလုံးသည် ၁၄ ရက်ကြာ ကန့်သတ်စောင့်ကြည့်ခံရမည်ဖြစ်ရာ နိုဝင်ဘာ ၂၂ ရက်ည ၁၁ နာရီ ၅၉ မိနစ်တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်းလည်း သိရသည်။ ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား အပြန်အလှန် ခရီးသွားလာခွင့်ဆိုင်ရာသဘောတူညီချက်အပေါ် အခြေခံ၍ စက်တင်ဘာလလယ်ပိုင်းမှ စတင်ကာ ဂျပန်နိုင်ငံမှ ကာလတိုအားဖြင့် ဝင်ရောက်လာသည့် စီးပွားရေးဆိုင်ရာ ခရီးသွားများအနေဖြင့် ခရီးသွားအစီအစဉ်ကို ကြိုတင်၍တင်ပြလာပါက သီးခြားခွဲထားစောင့်ကြည့်ခံရခြင်းမှ ကင်းလွတ်ခွင့်ပြုထားခဲ့ကြောင်း သိရသည်။ သို့ရာတွင် ယင်းဆောင်ရွက်ချက်သည် ကာလရှည်အကျုံးဝင်တော့မည် မဟုတ်ပေ။

စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိခဲ့သည်မှာ နိုဝင်ဘာ ၂၀ ရက်အထိဆိုလျှင် ၁၀ ရက်ကြာရှိခဲ့ပြီဖြစ်သော်လည်း တခြားနိုင်ငံများမှ ရောက်ရှိလာသူများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ တွေ့ရှိခဲ့ကြောင်း သိရသည်။ ကမ္ဘာလုံးဆိုင်ရာကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုများကြောင့် နိုင်ငံ၏နယ်စပ်များ၌ ကိုဗစ်-၁၉ ရောဂါအစီအမံများကို ဆက်လက်ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ကြောင်းလည်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ကြေညာချက်တွေကို အားလုံးလိုက်နာတဲ့အချိန်၊ လိုက်နာမှုအားအကောင်းဆုံးအချိန်မှာ ကိုဗစ်-၁၉ကူးစက်မှု လျော့ကျသွားမှာ ဖြစ်ပါတယ်

## ဒေါက်တာထွန်းမြင့်

ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်ဒုတိယလှိုင်း စတင်ခဲ့သည့်အချိန်မှစ၍ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာခဲ့ပြီး လူသေဆုံးမှုများလည်း များပြားလာခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေးနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန် စီမံချက်များချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးတို့အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည် -

**တွေ့ဆုံမေးမြန်း - မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်(MNA) နှင့်**
**ကျော်ဇေယျာဝင်း**

ဒေါက်တာထွန်းမြင့်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်
ကုသရေးဦးစီးဌာန
(ယမန်နေ့မှ အဆက်)

**မေး။ ။** ရန်ကုန်တိုင်းဒေသကြီးက ကိုဗစ်ကူးစက်မှုနဲ့ လူသေဆုံးမှု ဘာကြောင့်များလာသလဲဆိုတာ သိချင်ပါတယ်။

**ဖြေ။ ။** ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုက ပြီးခဲ့တဲ့ ဩဂုတ် ၁၇ ရက်နောက်ပိုင်းမှာ ကူးစက်မှုတွေ မြင့်တက်လာတယ်။ ကိုဗစ်ပထမလှိုင်းမှာတုန်းကတော့ ကူးစက်မှုနည်းတဲ့အတွက် နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်ခဲ့ပါတယ်။ အဲဒီကာလတုန်းကတော့ ပြည်ပကပြန်လာတဲ့သူတွေက တွေ့တယ်။ အဲ့ဒီကနေ တစ်ဆင့်ကူးစက်တယ်။ အဲ့ဒီတုန်းက နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်ခဲ့ကြတယ်။

ကိုဗစ် ဒုတိယလှိုင်းမှာတော့ ဩဂုတ် ၁၇ ရက်ကစပြီး Positive လူနာ ၃၇၅ နောက်မှာ ကူးစက်မှုများလာတယ်။ များလာတဲ့အခြေအနေကတော့ ဒီကာလမှာ တခြားပြည်နယ် / တိုင်းဒေသကြီးတွေက ရန်ကုန်ကို ဝင်လာတာ အထူးသဖြင့် အနောက်ဘက်ကနေ ဝင်လာတယ်လို့ သုံးသပ်လို့ရပါတယ်။ ဟိုဘက်မှာ တစ်လလောက် ဖြစ်တဲ့အချိန်မှာ ရန်ကုန်ကိုခရီးသွား ဘယ်လောက်ဝင်လာမလဲ ဆိုတာ မှန်းကြည့်လို့ရပါတယ်။ ဒီလူတွေအားလုံးကလည်း ရန်ကုန်တိုင်းဒေသကြီးထဲမှာ နေထိုင်ကြတယ်။

### လက်ခံရဆုံးအခြေအနေ

ပြီးတဲ့အခါကျတော့ ရန်ကုန်တိုင်းဒေသကြီးကို ဖြတ်ပြီးတော့ တခြားပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးကို သွားကြတဲ့သူတွေပါတယ်။ တခြားပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးကလည်း အခုဆိုရင်များလာတဲ့ အခြေအနေတွေ တွေ့ရတယ်။ ရန်ကုန်တိုင်းဒေသကြီးကတော့ ကူးစက်မှုအများဆုံးဖြစ်ပါတယ်။ ရန်ကုန်က လူနေထူထပ်တာလည်းပါတယ်။ ဒီထဲမှာလည်း ရွှေ့ပြောင်းသွားလာနေရတဲ့ အလုပ်သမားတွေရဲ့အခြေအနေတွေ၊ စက်ရုံတွေရဲ့အခြေအနေတွေ၊ နောက်တစ်ခုက ဈေးတွေ။ ဈေးတွေဆိုရင်လည်း အနယ်နယ်အသီးသီးက ရန်ကုန်မြို့နဲ့ ကူးလူးဆက်ဆံနေကြတယ်။ ရန်ကုန်မြို့တော်ကြီးက အားလုံးကိုလက်ခံထားရတော့ ကိုဗစ်-၁၉ မှာ လည်း လက်ခံရဆုံးအခြေအနေမှာကို ရောက်နေပါတယ်။

ဒါကြောင့်မို့ ရန်ကုန်မှာတော့ ကူးစက်မှုတွေက ဒီလို အခြေအနေကြောင့် များလာတာကတစ်ပိုင်း၊ ပြည်သူလူထုကိုလည်း ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေထိုင်ရေးနဲ့အညီ နေကြပါ၊ Mask တပ်ကြပါ၊ လက်သန့်ဆေးတွေ စနစ်တကျသုံးကြပါ၊ လူစုလူဝေးမလုပ်ကြပါနဲ့ဆိုပြီး ပြည်သူလူထုကို ကျန်းမာရေးအသိပညာ ပိုပြီးပေးရမယ့် အခြေအနေပါ။

ဒီလိုအခြေအနေမှာ ကျန်းမာရေးအသိပညာ ပိုပြီး လုပ်ရမယ့် ပြည်သူလူထုတွေနဲ့ ပိုပြီးတွေ့နေရတယ်။ ပြည်သူလူထုရဲ့ လိုအပ်ချက်အရလည်းပဲ ကူးစက်မှုက ပိုပြီးဖြစ်လာတယ်လို့ ပြောလို့ရတယ်။ ကိုဗစ်-၁၉ ရောဂါ ဘယ်တော့ပြီးမလဲဆိုရင် ကိုဗစ်-၁၉ ပြီးမယ့်အခြေအနေကတော့ ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ကြေညာချက်တွေကို အားလုံးလိုက်နာတဲ့အချိန်၊ လိုက်နာမှုအားအကောင်းဆုံးအချိန်မှာ ကိုဗစ်-၁၉ ကူးစက်မှု လျော့ကျသွားမှာ ဖြစ်ပါတယ်။

**မေး။ ။** ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး လူထုလှုပ်ရှားမှု စီမံချက် ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။

**ဖြေ။ ။** ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကွင်းဆက်ဖြတ်တောက်ရေးက ဆေးရုံပေါ်ကနေ ထိုင်ကုနေရုံနဲ့ အဆင်မပြေဘူး။ အဆင်မပြေတော့ ဒီနေရာမှာ အဓိကကျတာက ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကို အရှိန်မြှင့်ဆောင်ရွက်ဖို့က အရေးကြီးပါတယ်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေ အရှိန်မြှင့်မှပဲ ကိုဗစ်-၁၉ ရောဂါ ကွင်းဆက်ကို ဖြတ်တောက်ပြီးတော့ ပြည်သူလူထုကို အမြန်ဆုံးကယ်တင်နိုင်မယ့် အခြေအနေပါ။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေ ရှေ့တန်းတင်ဆောင်ရွက်ဖို့က အရေးကြီးတယ်။ အရေးကြီးတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးမှာ လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်မယ့် ကမ်ပိန်းတစ်ခု ရေးဆွဲထားပါတယ်။

စာမျက်နှာ ၁၅ သို့ ○

ရန်ကုန်တိုင်း ဒေသကြီးကို ဖြတ်ပြီးတော့ တခြားပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးကို သွားကြတဲ့သူတွေပါတယ်။ တခြားပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးကလည်း အခုဆိုရင် များလာတဲ့အခြေအနေတွေ တွေ့ရတယ်။ ရန်ကုန်တိုင်းဒေသကြီးကတော့ ကူးစက်မှု အများဆုံးဖြစ်ပါတယ်။ ရန်ကုန်က လူနေထူထပ်တာလည်းပါတယ်။ ဒီထဲမှာလည်း ရွှေ့ပြောင်းသွားလာနေရတဲ့ အလုပ်သမားတွေရဲ့အခြေအနေတွေ၊ စက်ရုံတွေရဲ့ အခြေအနေတွေ၊ နောက်တစ်ခုက ဈေးတွေ။ ဈေးတွေဆိုရင်လည်း အနယ်နယ်အသီးသီးက ရန်ကုန်မြို့နဲ့ ကူးလူးဆက်ဆံနေကြတယ်။ ရန်ကုန်မြို့တော်ကြီးက အားလုံးကို လက်ခံထားရတော့ ကိုဗစ်-၁၉ မှာလည်း လက်ခံရဆုံး အခြေအနေမှာကို ရောက်နေပါတယ်။


ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်း ယာယီတိုးချဲ့လူနာဆောင် အဆောက်အအုံကိုတွေ့ရစဉ်။


ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ လူနာများအားကုသရန် ပြင်ဆင်ထားမှုကိုတွေ့ရစဉ်။

❍ စာမျက်နှာ ၁၄ မှ

ရေးဆွဲထားတဲ့အထဲမှာ လှုပ်ရှားမှုအနေနဲ့ ကဏ္ဍသုံးခုပါပါတယ်။ ပထမတစ်ခုက လူထူထပ်တဲ့ ဈေးတွေ၊ ကုန်တိုက်တွေ၊ အဝေးပြေးကားဂိတ်တွေ၊ ရေဆိပ်တွေ၊ လေဆိပ်တွေ ဒီနေရာတွေမှာ ပါးစပ်နဲ့နှာခေါင်းစည်း (Mask)တွေ၊ မျက်နှာအကာ (Face shield)တွေ မဖြစ်မနေတပ်ပါ။ ဒီအတွက်ကို ဈေးတွေမှာ နမူနာ စတင်ဆောင်ရွက်နေပါပြီ။ နိုဝင်ဘာ ၁၅ ရက်ကစပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဈေးပေါင်း ၁၇၆ ဈေးမှာ ဈေး ၁၂၀ လောက်ကို ပါးစပ်နဲ့နှာခေါင်းစည်းတွေ၊ မျက်နှာအကာတွေ ဝေငှပါတယ်။ ဈေးရောင်းတဲ့သူတွေဆိုရင်လည်း ပါးစပ်နဲ့နှာခေါင်းစည်းတွေ၊ မျက်နှာအကာတွေ တပ်ရမယ်။ ဈေးလာဝယ်တဲ့သူတွေဆိုရင်လည်း ပါးစပ်နဲ့ နှာခေါင်းစည်းတွေ၊ မျက်နှာအကာတွေ တပ်ရမယ်။ မတပ်ထားရင် ဒီမှာတပ်ပေးမယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထောက်ပံ့ပေးထားတာ Mask အခုရေ တစ်သန်းရှိပါတယ်။ Face shield အခုရေ တစ်သိန်းရှိပါတယ်။ ဒါတွေကို ဈေးတွေမှာ ဝေငှမယ်။

**ငါးကြိမ်လောက် ကြေညာပေးမယ်**

ဒုတိယအနေနဲ့ အဲဒီလိုဝေငှရင်း ပညာပေးတဲ့အလုပ်တွေပါ ဆက်ဆောင်ရွက်သွားပါမယ်။ အဲဒီအတွက်လည်း လက်ကိုင်စပီကာနဲ့ ကြေညာပေးသွားမယ်။ တစ်နေ့ကို ဈေးတွေ၊ ရပ်ကွက်တွေထဲမှာ တစ်နေ့ငါးကြိမ်လောက် ကြေညာပေးသွားမယ်။ ကြေညာတဲ့အခါမှာလည်း ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး နေ့စဉ်အခြေအနေတွေကို ပြောပြသွားမယ်။ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ပြည်သူလူထု လိုက်နာရမယ့် အချက်တွေကိုလည်း ကြေညာပေးသွားမယ်။ နာမည်ကျော်တေးသံရှင်တွေကလည်း အသိပညာပေး တေးသီချင်းတွေနဲ့ ဖျော်ဖြေပေးသွားမယ်။

တတိယအချက်အနေနဲ့ ပန်းဖလက်တွေ ဝေငှသွားပါမယ်။ အဲဒီအတွက်လည်း ပန်းဖလက်အခုရေ ငါးသိန်းပုံနှိပ်ရိုက်ပြီးပါပြီ။ အရင်ကတော့ ပြည်သူလူထု လိုက်နာရမယ့်အချက်တွေကိုပဲ ဖြန့်ဝေထားတယ်။ အခုကတော့ ရန်ကုန်တိုင်းဒေသကြီးအတွက်ကိုပဲ ဈေးရောင်းချတဲ့သူတွေက ဘယ်အချက်တွေလိုက်နာရမယ်၊ ဈေးဝယ်သူတွေက ဘယ်အချက်တွေလိုက်နာရမယ်ဆိုတာတွေ ပန်းဖလက်မှာ ထည့်ရေးထားပါတယ်။ ပြည်သူလူထုကို အရှင်းလင်းဆုံး အသိပေးထားတယ်။ လူထုလှုပ်ရှားမှုအနေနဲ့ ကဏ္ဍသုံးခုကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီကဏ္ဍသုံးခုကို အရှိန်မြှင့်ပြီး ဆောင်ရွက်မယ်ဆိုရင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကွင်းဆက်တွေကို ဖြတ်တောက်နိုင်မှာဖြစ်ပါတယ်။ ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်မယ်ဆိုရင် တစ်ဖက်မှာလည်း လူသေဆုံးမှုနှုန်း ကျဆင်းသွားမှာဖြစ်ပါတယ်။

**ဒေါက်တာမြင့်မြင့်အေး(ဆေးရုံအုပ်ကြီး)**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

**မေး။ ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ကိုဗစ်-၁၉ ရောဂါ Positive လူနာတွေကုသပေးဖို့အတွက် ပြည့်ပြည့်စုံစုံ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို သိချင်ပါတယ်။**



ဒေါက်တာထွန်းမြင့်
ဒုတိယညွှန်ကြားရေးမှူးချုပ်



ဒေါက်တာမြင့်မြင့်အေး
ဆေးရုံအုပ်ကြီး

ဖြေ။ ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေနဲ့ အစပိုင်းက ကိုဗစ်လူနာတွေ လက်ခံကုသပေးတဲ့ ဆေးရုံတော့ မဟုတ်ပါဘူး။ သံသယလူနာပဲ လက်ခံပြီးတော့ တကယ့်အတည်ပြုလူနာတွေကိုတော့ သက်ဆိုင်ရာသတ်မှတ်ထားတဲ့ဆေးရုံတွေကို ပို့ပေးရပါတယ်။ ကိုဗစ် ဒုတိယလှိုင်းမှာတော့ လူနာတွေများလာတဲ့အတွက်ကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ကိုဗစ် Positive လူနာတွေထားဖို့ သတ်မှတ်ပေးတဲ့အတွက်ကြောင့် အနီဆောင်ကြီးကို ပြင်ဆင်ခဲ့ပါတယ်။ အရေးပေါ်ကနေစပြီး ပြင်ဆင်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အရေးပေါ်မှာဆိုရင် ဖျားနာစောင့်ကြည့်ကုသဆောင်၊ ခွဲစိတ်လူနာစောင့်ကြည့်ဆောင်နဲ့ ဝင်ဝင်ချင်းနေရာတွေမှာ စတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီမှာရှိတဲ့ အရေးပေါ်ခွဲစိတ်ခန်းကိုလည်း ကိုဗစ်အတည်ပြုလူနာတွေကို ခွဲစိတ်ကုသဖို့အတွက် ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါတွေကတော့ အရေးပေါ်မှာ ပြင်ဆင်ခဲ့ရတဲ့ ဌာနတွေဖြစ်ပါတယ်။ အဲဒီထဲမှာ လူနာတွေများလာရင် အဆောင်တစ်ခုတည်ဆောက်ရတယ်။ ပင်မအနီဆောင်ကြီးတစ်ခုလုံးကို ကိုဗစ်လူနာတွေထားဖို့ ပြင်ဆင်တဲ့အချိန်မှာ အောက်ဆုံးမြေညီထပ်မှာ သံသယလူနာတွေထားခဲ့ပြီး ပထမထပ်ကနေစပြီး အပေါ်ဆုံးထပ်အထိ အရင်က ၅/၆ အရိုးကုသဆောင်ကို ICU နဲ့ HDU လူနာ ၃၀ အတွက် ပြင်ဆင်ရပါတယ်။ စက်ကိရိယာအပြည့်အစုံ ထားပေးထားပါတယ်။

Control Room ကနေ မော်နီတာနဲ့ကြည့်ရတဲ့ စက်ကိရိယာ လူနာအယောက် ၃၀ အတွက် ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ အပေါ်ထပ် ၁၁/၁၂ မှာ ကိုဗစ်လူနာအယောက် ၄၀ ထားဖို့ ပြင်ဆင်ခဲ့ပါတယ်။ ၁/၂/၇/၈/၁၃/၁၄ အခန်းတွေမှာလည်း ကိုဗစ်လူနာတွေထားဖို့ ပြင်ဆင်ခဲ့ပါတယ်။ အလယ်မှာရှိတဲ့ အရင်က လက်ပိုင်းဆိုင်ရာ ခွဲစိတ်မှုဌာန ၃/၄ မှာ အတည်ပြုလူနာတွေ ခွဲစိတ်ပြီးထားဖို့ တစ်ခြမ်းကို ခုတင် ၁၂ လုံးထားပြီး တစ်ဖက်မှာ ကျောက်ကပ်ဖြစ်နေတဲ့ Positive လူနာတွေ ကျောက်ကပ်ဆေးနိုင်အောင် ကျောက်ကပ်ဆေးစက်လေးလုံးကို အရေးပေါ် ပြင်ဆင်ပြီး ကျောက်ကပ်ဆေးတဲ့ လုပ်ငန်းတွေပါ လုပ်ပေးရပါတယ်။

အဲဒါတွေကတော့ အစပိုင်းပြင်ဆင်ခဲ့ရတာဖြစ်ပါတယ်။ နောက်ပိုင်း တဖြည်းဖြည်း Positive လူနာတွေ ရန်ကုန်ဆေးရုံကြီးကို လာကြတယ်။ ရန်ကုန်ဆေးရုံကြီးမှာ ကုသပေးနေတဲ့အတွက် လူနာတွေက ဒီမှာပဲ ကုသချင်တယ်။ ICU လူနာတွေအတွက် အဓိကထားပြီး ကုသပေးနေတယ်။ စက်ကိရိယာစုံစုံလင်လင်နဲ့ ကုသပေးနိုင်တာဖြစ်တဲ့အတွက် လူနာတွေက များလာပါတယ်။ ပင်မအဆောင်ကြီးရှေ့မှာ အဆောင်တစ်ခု တည်ဆောက်နေပါတယ်။ အဲဒီအဆောင်က လူနာ ၈၀ ဆံ့ပါတယ်။ ပြင်ဆင်နေတုန်းပဲ ရှိပါသေးတယ်။

**အထူးကြပ်မတ် ကုသဆောင်ဖွင့်ခဲ့**

လူနာတွေကို ဆေးဝါးအပြည့်အစုံ၊ စက်ကိရိယာအပြည့်အစုံ ဆောင်ရွက်ပေးထားပါတယ်။ လူနာတွေအတွက် အောက်ဆီဂျင် အဓိကလိုအပ်တဲ့အတွက်ကြောင့် Liquid အောက်ဆီဂျင်ပေးနိုင်အောင် အောက်ဆီဂျင်စက်တစ်လုံးကိုလည်း တည်ဆောက်ထားပါတယ်။ အရင်က အနီဆောင်ကြီးမှာ အောက်ဆီဂျင်ပိုက်လိုင်းတွေ ခုတင်တိုင်းမှာ မရှိပါဘူး။ အခုကတော့ လိုသလောက် အောက်ဆီဂျင်ပေးနိုင်အောင် ဆောင်ရွက်ထားပါတယ်။ အရင်က လူနာတစ်နေ့ အယောက် ၄၀ လောက် သေဆုံးခဲ့တယ်။ အခု ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ခုတင် ၃၀ ပါတဲ့ အထူးကြပ်မတ်ကုသဆောင် ဖွင့်ခဲ့တယ်။ မြောက်ဥက္ကလာပဆေးရုံမှာ ခုတင် ၂၀ ပါတဲ့ အထူးကြပ်မတ်ကုသဆောင် ဖွင့်လှစ်ခဲ့တယ်။ အဲဒီလို ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် သေဆုံးမှုလျော့ကျသွားတယ်။ သမားတော်ကြီးတွေ၊ မေ့ဆေးဆရာဝန်ကြီးတွေရဲ့ ကျေးဇူးလည်းပါပါတယ်။ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေပါတယ်။ ရက်ရှည်လာလို့ ပင်ပန်းကြပေမယ့် ဆရာဝန်စိတ်ဓာတ်၊ သူနာပြုစိတ်ဓာတ်နဲ့ အားလုံးဝိုင်းဝန်းပြီး ကြိုးစားကြတဲ့အတွက် အသက် ၈၀ ကျော် ၇၀ ကျော်တွေ ကောင်းပြီးဆေးရုံက ဆင်းသွားကြတဲ့သူတွေ ရှိပါတယ်။ ရန်ကုန်ဆေးရုံကြီးက ရောဂါအခြေအနေ ဆိုးရွားတဲ့သူတွေ အများဆုံးလက်ခံတဲ့နေရာဖြစ်တဲ့ အတွက်ကြောင့် ကောင်းပြီးဆင်းသွားတဲ့ လူနာတွေလည်းရှိသလို ဆုံးပါးသွားတဲ့လူနာတွေလည်း ရှိပါတယ်။

**ယခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။**

**ပထမတစ်ခုက လူထူထပ်တဲ့ ဈေးတွေ၊ ကုန်တိုက်တွေ၊ အဝေးပြေးကားဂိတ်တွေ၊ ရေဆိပ်တွေ၊ လေဆိပ်တွေ ဒီနေရာတွေမှာ ပါးစပ်နဲ့နှာခေါင်းစည်း (Mask)တွေ၊ မျက်နှာအကာ (Face shield)တွေ မဖြစ်မနေတပ်ပါ။ ဒီအတွက်ကို ဈေးတွေမှာ နမူနာစတင်ဆောင်ရွက်နေပါပြီ။ နိုဝင်ဘာ ၁၅ ရက်ကစပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဈေးပေါင်း ၁၇၆ ဈေးမှာ ဈေး ၁၂၀ လောက်ကို ပါးစပ်နဲ့နှာခေါင်းစည်းတွေ၊ မျက်နှာအကာတွေ ဝေငှပါတယ်။ ဈေးရောင်းတဲ့သူတွေဆိုရင်လည်း ပါးစပ်နဲ့နှာခေါင်းစည်းတွေ၊ မျက်နှာအကာတွေ တပ်ရမယ်။ ဈေးလာဝယ်တဲ့သူတွေဆိုရင်လည်း ပါးစပ်နဲ့နှာခေါင်းစည်းတွေ၊ မျက်နှာအကာတွေ တပ်ရမယ်။ မတပ်ထားရင် ဒီမှာတပ်ပေးမယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထောက်ပံ့ပေးထားတာ Mask အခုရေ တစ်သန်းရှိပါတယ်။ Face shield အခုရေ တစ်သိန်း ရှိပါတယ်။ ဒါတွေကို ဈေးတွေမှာ ဝေငှမယ်။**



ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ကိုဗစ်-၁၉ လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ လူနာများအား ကုသပေးရန် ပြင်ဆင်ထားမှုကို ထိန်းချုပ်ခန်းမှ တွေ့ရစဉ်။

# မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာနေထိုင်ရေးအစီအစဉ်(Stay at home)”တွင် အကျုံးဝင်သောမြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသောမြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)”**ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင် -

- ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

❖ ကျောဖုံးမှ

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၂၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၈,၀၉၀) ဦး | (၁,၀၀၄,၃၅၇) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၄၃၄) ဦး | (၇၇,၈၄၈) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၇၈) ဦး | (၅၇,၆၇၉) ဦး |
| သေဆုံးလူနာ | (၂၇) ဦး | (၁,၇၂၂) ဦး |

- ယနေ့ သေဆုံးသူ (၂၇) ဦးအနက် ရောဂါအခံရှိသူ (၂၃) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၇၈) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၃၁၁) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၇၆၇) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၄၂၃) ဦးတွင်-
  - Hotel Quarantine - (၁၃၁) ဦး
  - Facility Quarantine - (၂၃၅) ဦး
  - Community Based Facility Quarantine - (၁,၀၀၀) ဦး
  - Anosmia Center - (၅၇) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် ⁄ သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၂၂၇၇၀၂၄ | ၇၃၁၇၇၃၁ | ၂၆၀၃၁၂ |
| ၂။ | အိန္ဒိယ | ၉၀၅၀၆၁၃ | ၈၄၇၈၁၂၄ | ၁၃၂၇၆၄ |
| ၃။ | ဘရာဇီး | ၆၀၂၀၁၆၄ | ၅၄၂၂၁၀၂ | ၁၆၈၆၆၂ |
| ၄။ | ပြင်သစ် | ၂၁၀၉၁၇၀ | ၁၄၉၅၂၁ | ၄၈၂၆၅ |
| ၅။ | ရုရှား | ၂၀၆၄၇၄၈ | ၁၅၇၇၄၃၅ | ၃၅၇၇၈ |
| ၆။ | စပိန် | ၁၅၈၉၂၁၉ | စိစစ်ဆဲ | ၄၂၆၁၉ |
| ၇။ | ဗြိတိန် | ၁၄၇၃၅၀၈ | စိစစ်ဆဲ | ၅၄၂၈၆ |
| ၈။ | အာဂျင်တီးနား | ၁၃၅၉၀၄၂ | ၁၁၇၇၈၁၉ | ၃၆၇၉၀ |
| ၉။ | အီတလီ | ၁၃၄၅၇၆၇ | ၅၂၀၀၂၂ | ၄၈၅၆၉ |
| ၁၀။ | ကိုလံဘီယာ | ၁၂၃၃၄၄၄ | ၁၁၃၈၅၈၁ | ၃၄၉၂၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၉၃၃၀၈ | ၄၁၃၉၅၅ | ၁၅၇၇၄ |
| ၂။ | ဖိလစ်ပိုင် | ၄၁၆၈၅၂ | ၃၇၅၅၄၈ | ၈၀၈၉ |
| ၃။ | မြန်မာ | ၇၇၈၄၈ | ၅၇၆၇၉ | ၁၇၂၂ |
| ၄။ | စင်ကာပူ | ၅၈၁၄၈ | ၅၈၀၅၈ | ၂၈ |
| ၅။ | မလေးရှား | ၅၃၆၇၉ | ၄၀၄၉၃ | ၃၃၂ |
| ၆။ | ထိုင်း | ၃၉၀၂ | ၃၇၅၆ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၃၀၅ | ၁၁၄၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၀၅ | ၂၉၅ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| ၁၀။ | လာအို | ၂၅ | ၂၃ | ၀ |

# မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေဝတ်ဆင်ရေး လူထုလှုပ်ရှားမှုဆောင်ရွက်

**မော်လမြိုင်**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်ဝတ်ဆင်ရေး လူထုလှုပ်ရှားမှု ပြုလုပ်ခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီမှစတင်ကာ လူစည်ကားရာ နေရာများတွင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ မော်လမြိုင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတိုးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းတို့ကဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများစုပေါင်းကာ မြို့ပေါ်ရှိ လူစည်ကားရာနေရာများဖြစ်သည့် ဈေးများနှင့် လမ်းဆုံလမ်းခွနေရာများတွင် နှာခေါင်းစည်းများ၊ မျက်နှာအကာအကွယ်များနှင့် လက်ဆေးဆပ်ပြာခဲများကို ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်ဝတ်ဆင်ရေး လူထုလှုပ်ရှားမှုပြုလုပ်ခြင်းကို မွန်ပြည်နယ် အတွင်းရှိ မော်လမြိုင်မြို့နယ်အပြင် အခြားမြို့နယ်များတွင်လည်း နိုဝင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိ လူစည်ကားရာနေရာများတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**တပ်ကုန်း**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အိမ်အပြင်ထွက်သူတိုင်း နှာခေါင်းစည်းဝတ်ဆင်သွားလာသည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ မြို့တွင်း လူစည်ကားရာနေရာများနှင့် အသွားအလာများသောနေရာများတွင် နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီက နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှုများ ပြုလုပ်ခြင်းကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ မြို့တွင်းရှိ လူစည်ကားရာနေရာများဖြစ်သော မြို့မဈေး၊ ယာယီပျံကျဈေးနှင့် မီးပွိုင့်လမ်းဆုံ၊ ကားဂိတ်၊ မြင်းလှည်းဂိတ်တို့တွင် နှာခေါင်းစည်းဝတ်ဆင်လာခြင်းမရှိသူများကို နှာခေါင်းစည်းပေးကာ ဝတ်ဆင်စေခြင်း၊ နှာခေါင်းစည်းဝတ်ပြီးမှ အိမ်ပြင်ထွက်ရန် အသိပညာပေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အိမ်အပြင်ထွက်သူတိုင်း နှာခေါင်းစည်း ဝတ်ဆင်သွားလာသည့် အလေ့အကျင့်ကောင်းများရရှိစေရေးအတွက် ပြုလုပ်ရခြင်းဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်နွယ်နွယ်အုန်းက ပြောပြသည်။

**ဆောင်ရွက်**

အဆိုပါနှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒို့တပ်ကုန်းပရဟိတအဖွဲ့ဝင်တို့ ပူးပေါင်း၍ နှာခေါင်းစည်း ၁၂၀၀ ကျော်ကို အခမဲ့ဖြန့်ဝေကာ အပြင်ထွက်တိုင်း နှာခေါင်းစည်းဝတ်ဆင်ရေး လှုပ်ရှားမှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## ရေရှည်စီးပွားရေးလုပ်ငန်းတွေအတွက်လည်း စီစဉ်ထား



ရေရှည်စီးပွားရေးလုပ်ငန်းတွေအတွက်လည်း ကျွန်မတို့ စီစဉ်ထားပြီးတာကတော့ အမှန်ပြောရရင် ၂ လပိုင်းကတည်းက ကိုဗစ်ရောဂါကို စပြီးရင်ဆိုင်ရတော့မယ်ဆိုပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ကပ်ရောဂါကြီးလို့ မကြေညာခင်ကတည်းက စီးပွားရေးနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့အနေနဲ့ ပြည်သူတွေကို မထိခိုက်အောင် ဘယ်လိုစီစဉ်ရမလဲဆိုတာ စပြီးတော့ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ အဲဒီအစီအစဉ်တွေကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်သလို ကျွန်မတို့ အကောင်အထည်ဖော်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ စိုးရိမ်မလွန်ပါနဲ့၊ သတိကတော့ရှိပါ။ ပြည်သူတွေအနေနဲ့ ကိုယ့်ကျန်းမာရေးကိုပဲ သတိပြုပြီးတော့ ဂရုစိုက်စေချင်ပါတယ်။ ပြည်သူတွေဟာ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်မယ်။ ကိုယ့်ကို မကူးအောင်လုပ်မယ်။ ကိုယ်ကနေ တခြားလူတွေကို မကူးအောင်လုပ်မယ်ဆိုရင် နိုင်ငံတော်ရဲ့ဝန်က ထက်ဝက်မက ပေါ့သွားမှာပါ။ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စ၊ ဒါတွေကတော့ နိုင်ငံတော်အစိုးရရဲ့ တာဝန်ဖြစ်တဲ့အလျောက် ကျွန်မတို့အနေနဲ့ အတတ်နိုင်ဆုံးလုပ်သွားပါမယ်။ ဘာတွေလုပ်မယ်၊ ဘယ်လိုအစီအစဉ်တွေရှိတယ်ဆိုတာကိုလည်း ပြည်သူတွေနားလည်အောင်၊ ရှင်းရှင်းလင်းလင်းသိရအောင် ကျွန်မတို့ တစ်ပတ်နှစ်ခါပြောနေတဲ့ ဗီဒီယိုမိန့်ခွန်းတွေထဲမှာ ထည့်ပြောသွားပါမယ်။ ရုပ်မြင်သံကြားကပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာရဲ့ အွန်လိုင်းကပဲဖြစ်ဖြစ်၊ သတင်းစာတွေထဲကဖြစ်ဖြစ်၊ နိုင်ငံပိုင်သတင်းစာထဲကဖြစ်ဖြစ် ပြည်သူတွေကို အမြန်ဆုံးအသိပေးမှာဖြစ်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၁၆–၁၁–၂၀၂၀ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြသော ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်းသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၁–၁၁–၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ**

၁။ (၂၀–၁၁–၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁၅၃၂) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၁၂၈ |
| | | ရွှေပြည်သာ | ၉၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၆၉ |
| | | မရမ်းကုန်း | ၆၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၅၈ |
| | | အင်းစိန် | ၅၈ |
| | | မင်္ဂလာဒုံ | ၅၅ |
| | | ကမာရွတ် | ၅၃ |
| | | လှည်းကူး | ၅၀ |
| | | စမ်းချောင်း | ၄၈ |
| | | သန်လျင် | ၄၇ |
| | | လှိုင်သာယာ | ၃၄ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၄ |
| | | တောင်ဥက္ကလာပ | ၃၃ |
| | | ဗဟန်း | ၃၂ |
| | | ဒေါပုံ | ၂၉ |
| | | [illegible] | ၂၈ |
| | | သင်္ဃန်းကျွန်း | ၂၈ |
| | | သာကေတ | ၂၆ |
| | | ကြည့်မြင်တိုင် | ၂၆ |
| | | မှော်ဘီ | ၂၅ |
| | | လမ်းမတော် | ၂၂ |
| | | လှိုင် | ၁၉ |
| | | ဒလ | ၁၃ |
| | | ဒဂုံဆိပ်ကမ်း | ၁၁ |
| | | [illegible] | ၉ |
| | | ရန်ကင်း | ၈ |
| | | ကျောက်တန်း | ၈ |
| | | မင်္ဂလာတောင်ညွန့် | ၇ |
| | | ပန်းဘဲတန်း | ၆ |
| | | ဗိုလ်တထောင် | ၆ |
| | | ဒဂုံ | ၅ |
| | | ကွမ်းခြံကုန်း | ၅ |
| | | တိုက်ကြီး | ၅ |
| | | ပုဇွန်တောင် | ၄ |
| | | လသာ | ၃ |
| | | ကျောက်တံတား | ၃ |
| | | ခရမ်း | ၃ |
| | | အလုံ | ၂ |
| | | တွံတေး | ၂ |
| | | ကော့မှူး | ၁ |
| | | စုစုပေါင်း | ၁,၁၄၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းမြသာစည် | ၂၁ |
| | | အမရပူရ | ၁၈ |
| | | ချမ်းအေးသာစံ | ၁၈ |
| | | မဟာအောင်မြေ | ၁၆ |
| | | အောင်မြေသာစံ | ၁၄ |
| | | ပုသိမ်ကြီး | ၈ |
| | | ပြည်ကြီးတံခွန် | ၆ |
| | | တံတားဦး | ၂ |
| | | မိတ္ထီလာ | ၂ |
| | | ရမည်းသင်း | ၁ |
| | | မတ္တရာ | ၁ |
| | | မလှိုင် | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | စဉ့်ကိုင် | ၁ |
| | | စုစုပေါင်း | ၁၁၁ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော် | ၁၅ |
| | | ကျိုက်လတ် | ၉ |
| | | ဓနုဖြူ | ၈ |
| | | ဓနုကြည် | ၇ |
| | | ဒေးဒရဲ | ၅ |
| | | ငသိမ် | ၅ |
| | | မော်လမြိုင်ကျွန်း | ၅ |
| | | ဖျာပုံ | ၅ |
| | | ဘိုကလေး | ၄ |
| | | ကန်ကြီးထောင့် | ၃ |
| | | အင်္ဂပူ | ၃ |
| | | ညောင်တုန်း | ၂ |
| | | ဟင်္သာတ | ၂ |
| | | ဇလွန် | ၁ |
| | | မအူပင် | ၁ |
| | | လေးမျက်နှာ | ၁ |
| | | မြောင်းမြ | ၁ |
| | | စုစုပေါင်း | ၇၇ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၂၄ |
| | | ဖြူး | ၁၃ |
| | | မင်းလှ | ၁၁ |
| | | ပဲနွယ်ကုန်း | ၁၀ |
| | | အုတ်ဖို | ၃ |
| | | ဒိုက်ဦး | ၂ |
| | | ကြို့ပင်ကောက် | ၂ |
| | | ထန်းတပင် | ၁ |
| | | သနပ်ပင် | ၁ |
| | | ရေတာရှည် | ၁ |
| | | ဇီးကုန်း | ၁ |
| | | စုစုပေါင်း | ၆၉ |
| ၅။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၁၇ |
| | | မကွေး | ၇ |
| | | ဆိပ်ဖြူ | ၄ |
| | | ဂန့်ဂေါ | ၂ |
| | | ငဖဲ | ၂ |
| | | ချောက် | ၂ |
| | | မင်းဘူး | ၁ |
| | | တောင်တွင်းကြီး | ၁ |
| | | မင်းလှ | ၁ |
| | | စုစုပေါင်း | ၃၇ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၁၂ |
| | | ယင်းမာပင် | ၆ |
| | | မုံရွာ | ၂ |
| | | ပုလဲ | ၂ |
| | | ကလေး | ၁ |
| | | ဝက်လက် | ၁ |
| | | ခရဦး | ၁ |
| | | စုစုပေါင်း | ၂၅ |
| ၇။ | မွန်ပြည်နယ် | သထုံ | ၁၂ |
| | | ကျိုက်မရော | ၃ |
| | | မော်လမြိုင် | ၂ |
| | | မုဒုံ | ၂ |
| | | ကျိုက်ထို | ၂ |
| | | ဘီးလင်း | ၁ |
| | | ချောင်းဆုံ | ၁ |
| | | သံဖြူဇရပ် | ၁ |
| | | စုစုပေါင်း | ၂၄ |
| ၈။ | ရခိုင်ပြည်နယ် | စစ်တွေ | ၆ |
| | | ရသေ့တောင် | ၃ |
| | | ကျောက်တော် | ၃ |
| | | သံတွဲ | ၂ |
| | | အမ်း | ၁ |
| | | ကျောက်ဖြူ | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၉။ | ရှမ်းပြည်နယ် | တောင်ကြီး | ၁၀ |
| | | ပင်လောင်း | ၃ |
| | | နောင်ချို | ၂ |
| | | ရွာငံ | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၁၀။ | ကရင်ပြည်နယ် | မြဝတီ | ၁ |
| | | ဘားအံ | ၃ |
| | | ကော့ကရိတ် | ၃ |
| | | စုစုပေါင်း | ၇ |
| ၁၁။ | နေပြည်တော် | လယ်ဝေး | ၂ |
| | | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၂ |
| | | ဘုတ်ပြင်း | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၃။ | ချင်းပြည်နယ် | ဖလမ်း | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၄။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂၀–၁၁–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၅၃၂) ဦး |

မှတ်ချက်။ (၂၀–၁၁–၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၅၃၂) ဦးတွင် အနံ့မရရှိသူ (၃၅၄) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် - ၁ မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးထိုက်ဇော် ပစ်ခတ်လုပ်ကြံခံရသဖြင့် သေဆုံး

**ကျောက်မဲ နိုဝင်ဘာ ၂၁**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်-၁ မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးထိုက်ဇော်သည် ယနေ့ညနေ ၆ နာရီကျော်ခန့်က ကျောက်မဲမြို့နယ် ပင်တိန်ကျေးရွာရှိ ၎င်း၏ နေအိမ်တွင် သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးထိုက်ဇော်သည် နေအိမ်ရှိဈေးဆိုင်၌ ဈေးရောင်းနေစဉ် ဆိုင်ရှေ့သို့ ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦး ရောက်ရှိလာပြီး တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဦးထိုက်ဇော်၏ ယာဘက်ရင်ဘတ်တွင် ဒဏ်ရာရရှိခဲ့သည်။ ယင်းဒဏ်ရာဖြင့် ကျောက်မဲပြည်သူ့ဆေးရုံသို့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် ရောက်ရှိပြီး ညနေ ၆ နာရီ မိနစ် ၅၀ ခန့်က သေဆုံးသွားကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

# ဖျာပုံမြို့နယ် ခါးပြတ်ကျေးရွာ၌ နေအိမ်ခြောက်လုံး မီးလောင်

**ဖျာပုံ နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ ခါးပြတ်ကျေးရွာတွင် ယမန်နေ့ နံနက် ၁ နာရီခွဲက မီးလောင်မှုဖြစ်ပွား၍ နေအိမ်ခြောက်လုံး မီးလောင်ခဲ့ပြီး လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခါးပြတ်ကျေးရွာနေ ဦးလင်းလင်း၏ နေအိမ်မီးကြွင်းမီးကျန်မှတစ်ဆင့် အနီးဝန်းကျင်နေအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ အဆိုပါမီးလောင်မှုကို ဒေါ်ညီမိးနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ရွာသူရွာသားများက မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးဘေးသင့်မိသားစုဝင်များအား ရွှေထီးကျေးရွာ (အထကခွဲ) သို့ ပြောင်းရွှေ့နေထိုင်ရန် စီစဉ်ပေးလျက်ရှိပြီး ဦးလင်းလင်းအား အရေးယူထားကြောင်း သိရသည်။ **သပြေထွန်း**

# ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ်သိန်း ၅၀၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဆက်စပ်နယ်မြေများအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် အထူးစစ်ဆင်ရေးများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ အဝင်/အထွက် နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်စစ်ဆေးမှုအပါအဝင် ပိတ်ဆို့စစ်ဆေးရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ခဲ့သည်။



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။

ယမန်နေ့ နံနက် ၁၀ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေကျင်စစ်ဆေးရေးဂိတ်၏ တရားမဝင်ရှောင်ကွင်းလမ်းရှိ ရေမြောင်းဘေးတွင် စက္ကူဂျပ်ဖာများအား တွေ့ရှိစစ်ဆေးခဲ့ရာ စက္ကူဂျပ်ဖာများအတွင်းမှ ဘိန်းဖြူ ၈ ဒသမ ၆၂ ကီလို (တန်ဖိုးငွေကျပ်သိန်း ၅၀၀၀) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သတင်းရရှိသည်။

**သတင်းစဉ်**




# ကေတီဗွီ၊ အနှိပ်ခန်း ဖွင့်လှစ်လုပ်ကိုင်သူများနှင့် လာရောက်သူများကို ဖမ်းဆီးအရေးယူထား

**နေပြည်တော် နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ နိုဝင်ဘာ ၁၈ ရက်က ကေတီဗွီဆိုင်၊ အနှိပ်ခန်းဖွင့်လှစ်လုပ်ကိုင်သူများနှင့် လာရောက်သူများကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၈ ရက် နံနက် ၄ နာရီခွဲတွင် ကေတီဗွီဆိုင်နှင့် အနှိပ်ခန်းများ ဖွင့်လှစ်လုပ်ကိုင်နေကြောင်း သတင်း အရ မြင်းခြံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ၁၉ ရပ်ကွက်ရှိ Dream Garden KTV ဆိုင်နှင့် အနှိပ်ခန်းအား သွားရောက်စစ်ဆေးရာ အဆိုပါဆိုင်အတွင်း၌ ဆိုင်မန်နေဂျာဖြစ်သူ သာစည်မြို့နယ် ပေါက်ချောင်းကျေးရွာနေ အုန်းမြိုင်နှင့် ဆိုင်ဝန်ထမ်း ရှစ်ဦး၊ ကေတီဗွီ/အနှိပ်ခန်းများသို့ လာရောက်သူ ၁၉ ဦးနှင့် သီချင်းသီဆိုပေးသူ ၂၄ ဦး စုစုပေါင်း ၅၂ ဦးအား လည်းကောင်း၊

၁၈ ရပ်ကွက်ရှိ "ပန်းတော်ဝင်" ကေတီဗွီဆိုင်နှင့် အနှိပ်ခန်းများအတွင်း၌ ဆိုင်မန်နေဂျာဖြစ်သူ ထနောင်းတိုင်ကျေးရွာနေ မျိုးမင်းသိန်း၊ ဆိုင်ဝန်ထမ်း လေးဦး လာရောက်သူ ရှစ်ဦးနှင့် သီချင်းသီဆိုသူ ၁၄ ဦး စုစုပေါင်း ၂၇ ဦးတို့အားတွေ့ရှိကာ ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သဖြင့် အုန်းမြိုင်ပါ ၅၂ ဦးနှင့် မျိုးမင်းသိန်းပါ ၂၇ ဦးတို့အား မြင်းခြံမြို့မရဲစခန်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ ဈေးဆိုင်ခန်းပေါင်း ၁၈၅ ခန်း မီးလောင်ကျွမ်းမှုဖြစ်ပွား

**မော်လမြိုင် နိုဝင်ဘာ ၂၁**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးဈေး၌ ယနေ့နံနက် ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားရာဆိုင်ခန်းပေါင်း ၁၈၅ ခန်း မီးလောင်ကျွမ်းခဲ့သည်။

ဖြစ်စဉ်မှာ ပိန္နဲကုန်းကျေးရွာနေ ဒေါ်ဆိုင်နား၏ ဈေးဆိုင်ခန်းရှိ လျှပ်စစ်မီတာ အပူလွန်ကဲရာမှ အနီးရှိ ပျဉ်ကာများမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

**ဝိုင်းဝန်းငြိမ်းသတ်**

မီးလောင်မှုကို ကျိုက်မရောမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်သူရပ်ကွက်သားများ၊ တာဝန်ရှိသူများ၊ ကျေးရွာပြည်သူတို့က ဝိုင်းဝန်းငြိမ်းသတ်ကြသည်။ မီးလောင်မှုကြောင့် ဆိုင်ခန်း စုစုပေါင်း ၁၈၅ ခန်း မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ဘေးပတ်ဝန်းကျင်ရှိ နေအိမ်များ မီးလောင်ကျွမ်းမှုမရှိဘဲ လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုက်မရောရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# မိုးကောင်း၊ ပင်လည်ဘူး၊ နောင်ချိုနှင့် နမ့်ခမ်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ည ၉ နာရီခွဲတွင် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာ အိမ်အမှတ်(၁၇၀) နေ မောင်ငယ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူသုည ဒသမ ၂၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈၀ တို့ကိုလည်းကောင်း၊

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခန့်က ကသာခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ် ဝမ်းဘဲအင်း ကျေးရွာအနီးတွင် ပင်လည်ဘူးမြို့မှ ကောလင်းမြို့သို့ ဇော်ဝင်းမောင်းနှင်ပြီး သန်းဝင်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၈၄၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၈၀၀ ကိုလည်းကောင်း၊ မွန်းတည့် ၁၂ နာရီခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ် - မန္တလေးသွား ကားလမ်း အိုရီယမ်တယ် တိုးဂိတ်အနီးတွင်



ဇော်ဝင်း၊ သန်းဝင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

သက်ပိုင်ဦး(ခ)သက်နိုင်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ တို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နမ့်ခမ်းမြို့နယ် နမ္မတီးကျေးရွာအနီး နမ့်ခမ်း-မုံးဝီးသွားကားလမ်းတွင် ထန်ကြားကြိုင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ငါးကီလိုကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရှေ့နေနှင့် အခမ်းအနားမှူး

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် အခမ်းအနားမှူးပါတဲ့"

"ဘာကိုပြောချင်၊ ရေးချင်တာလဲဆရာ"

"အစည်းအဝေးတွေ၊ အခမ်းအနားတွေမှာ အခမ်းအနားမှူးက အဓိကကျတဲ့အကြောင်း ရှေ့နေတစ်ယောက် အနေနှင့် ပြောချင်၊ ရေးချင်တာပါဗျာ"

"ဘယ်စာအုပ်ကို ကိုးကားရည်ညွှန်းချင်လို့ပါလဲ ဆရာ"

"အေးဗျာ၊ ဖတ်ကြည့်ကြရအောင်"

**ပုံနှိပ်မှတ်တမ်း**

ရန်ကုန်မြို့၊ ရွှေရောင်လင်းပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပြီး ရန်ကုန်မြို့နေ ရှင်မတောင်စာပေ ဦးမျိုးဆင့်က ၂၀၁၈ ခုနှစ် ဧပြီလတွင် ထုတ်ဝေသည်။

**စာအုပ်အမည်နှင့် ပြုစုသူ**

စာအုပ်အမည်မှာ "အခမ်းအနားမှူးကောင်းတစ်ယောက်" ဖြစ်သည်။ ရေးသားပြုစုသူမှာ "ဒေါ်သန်းသန်းဝင်း (မြန်မာ့ရုပ်သံ-ငြိမ်း)" ဖြစ်သည်။ ဒေါ်သန်းသန်းဝင်းသည် မြန်မာ့အသံတွင် အစီအစဉ်ကြေညာသူ၊ သတင်းကြေညာသူ၊ စာမူပြုစုသူ၊ အစီအစဉ်ထုတ်လုပ်သူ၊ ထုတ်လုပ်မှု ဒါရိုက်တာ၊ ရုပ်မြင်သတင်းတာဝန်ခံစသည့် တာဝန်များ ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။ သတင်းလောကတွင် တာဝန်အမျိုးမျိုးယူကာ အခမ်းအနားမှူးသင်တန်းများကို နိုင်ငံအနှံ့ စဉ်ဆက်မပြတ် ပို့ချနေသူလည်း ဖြစ်သည်။ အခမ်းအနားမှူး (MC) တာဝန်ကို ယခုတိုင် ထမ်းဆောင်နေဆဲဖြစ်သည်။

**အတွေ့အကြုံ**

ကျွန်တော်သည် အခမ်းအနားပေါင်းများစွာ၊ ဆွေးနွေးပွဲပေါင်းများစွာကို တက်ဖူးသည်။ စိတ်အညစ်ဆုံးအကြောင်းကိုပြောရလျှင် အခမ်းအနားမှူး ခပ်ညံ့ညံ့အကြောင်းကို ပြောရပေလိမ့်မည်။ အချိန်တွေကုန်၊ အလုပ်မဖြစ်၊ ပြေပြစ်မှုမရှိ၊ ရည်မှန်းချက်မထိ၊ ပွဲပျက်ရသည်အထိ ကြုံဖူး၊ တွေ့ဖူးသည်။ မိမိတာဝန်ထမ်းဆောင်ရသော ရုံး၊ ဌာနများတွင် မကြာခဏကြုံရသည့် အခမ်းအနားများမှာ သင်ခန်းစာယူစရာတွေ များလှသည်။ အခမ်းအနားမှူးကောင်း တစ်ယောက်ဖြစ်ဖို့အရေး ဘာကိုအလေးပေးကြမှာလဲ၊ ဘာစာအုပ်ဖတ်ရမည်လဲ၊ ဘယ်သူ့အတွေ့အကြုံကို မှတ်သားနမူနာယူရမည်လဲ၊ ဤနေရာတွင် ဒေါ်သန်းသန်းဝင်း၏စာအုပ်ကို ကျွန်တော်ရည်ညွှန်းလိုပါသည်။ ရှုပါ။

**ဒေါ်သန်းသန်းဝင်း၏ အမှာစာ**

အသက်နှစ်ဆယ်အရွယ်မှစတင်ကာ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်ခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနတွင် နှစ်ပေါင်း ၃၄ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပုံ၊ မူလတာဝန်ဖြစ်သော သတင်းကြေညာခြင်း၊ အစီအစဉ်ကြေညာခြင်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သည့်အပြင် အစီအစဉ်သစ်များ ထုတ်လုပ်ဖန်တီးခြင်း၊ စာမူများရေးသားခြင်း၊ သင်တန်းများပို့ချခြင်းတို့ကို အလုပ်တာဝန်မပျက် ပူးတွဲထမ်းဆောင်ကာ ဝါသနာအလျောက် စိတ်ဝင်တစား ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများကို ဤစာအုပ်အမှာစာတွင် ဒေါ်သန်းသန်းဝင်းက ရေးထားသည်။

MC (Master of Ceremony) သင်တန်းပို့ချချက်များတွင် အဓိကအားဖြင့် "အသံထွက်" မှန်ကန်စေရေးကို ဦးတည်ပုံ၊ မြန်မာစာ၊ မြန်မာစကားကို ဌာန်ကရိုဏ်းကျကျ၊ အသံထွက်မှန်မှန်၊ သဒ္ဒါမှန်မှန်၊ အဖြတ်အတောက်မှန်မှန် သုံးစွဲနိုင်ရန်၊ ယဉ်ကျေးစွာ ပြောဆို ဝတ်စားဆင်ယင်ရန်၊ အသုံးအနှုန်းမှန်ကန်ရန်၊ လေယူလေသိမ်းမှန်ကန်စေရန်၊ အသက်ရှူ/ထုတ် စနစ်ကျစေရန်၊ မိုက်ကရိုဖုန်းအသုံးပြုပုံ ကအစ အနုစိတ်သင်ကြားပေးသည့်အတွက် MC ဘာသာရပ်သည် တိမ်မယောင်နှင့်ခက်ခဲပုံ၊ ခရီးသွားလာရေး ဝေးလံသောဒေသမှတပည့်များ အချိန်သီးသန့်ပေး၍ သင်တန်းတက်ရန် အခြေအနေမပေးသောကြောင့် မလေ့လာမသင်ယူနိုင်သောသူများအတွက် စေတနာကောင်းဖြင့် ဤစာအုပ်ကို ရေးသားပြုစုလိုက်ရပုံ၊ MC ဖြစ်လိုသူများ ဆန္ဒအနီးစပ်ဆုံး ပြည့်ဝကြပါစေဟု ရည်သန်ကြောင်းဖြင့် ဆက်လက်ရေးထားသည်။ ကျွန်တော်ကြိုဆိုလိုက်ပါသည်။

**မာတိကာ**

အောက်ပါအတိုင်း ဖော်ပြထားသည်-

၁။ အခမ်းအနားမှူး (MC) ဆိုသည်မှာ

၂။ MC တစ်ယောက်တွင်ရှိရမည့် အဓိကအရည်အချင်းများ
   (က) သတ္တိ၊ သတိ၊ သိ/တတ်မှု
   (ခ) MC ၏ ရုပ်ပိုင်းဆိုင်ရာများ၊ မျက်နှာ၊ ဆံပင်၊ ဝတ်စားဆင်ယင် ခြယ်သမှု၊ ကိုယ်ဟန်အမူအရာ
   (ဂ) MC နှင့် ကျန်းမာရေး
   (ဃ) MC ၏ စိတ်ပိုင်းဆိုင်ရာများ၊ MCစိတ်ဓာတ်
   (င) MC ၏ အသံပိုင်းဆိုင်ရာများ၊ စကားပြောစတိုင်၊ လေယူလေသိမ်း၊ အဖြတ်အတောက်၊ အသံထွက်ပုံ၊ အသံမပီ၊ အသံယိုင်ခြင်း၊

၃။ အသုံးအနှုန်းဝေါဟာရများကို မှန်ကန်စွာ သုံးစွဲပြောကြားခြင်း မှ နှင့် က ၊ ကို နှင့် အားတို့ကို မှန်ကန်စွာ ပြောကြားခြင်း၊ အထူးသတိပြုရမည့် လေး နှင့် ကြီး၊ ပေး၊ သွား၊ ပါ နှင့် လိုက်

၄။ ကြိုတင်ပြင်ဆင်မှု၊ အစမ်းလေ့ကျင့်မှု၊ အချိန်ကိုက်မှု၊ (မိုက်ကရိုဖုန်းအသုံးပြုပုံ၊ အခမ်းအနားပြင်ဆင်ထားရှိမှု) (စားပွဲ၊ ကုလားထိုင်၊ စာတန်းခေါင်းစီး) အသုံးပြုပုံနှင့် စနစ်တကျထားရှိမှု၊ အတူတွဲလုပ်ကိုင်ရမည့်သူများနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမှုများ (ဗန်းကိုင်များ၊ တီးမှုတ်ဖျော်ဖြေရေး အဖွဲ့ဝင်များ)

၅။ အခမ်းအနားတစ်ခုအောင်မြင်စွာကျင်းပခြင်း၊ အခမ်းအနားအမျိုးမျိုး၊ အစည်းအဝေး အကြီးအသေး၊ အခမ်းအနားနှင့် အစည်းအဝေး၊ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲ၊ ပန်ကြားခြင်း၊ ဖိတ်ကြားခြင်း၊ ဖိတ်ခေါ်ခြင်း၊ အဖွင့်ကြေညာခြင်း၊ အပိတ်ကြေညာခြင်း၊ သတိထားရမည့် ဝါစဉ်၊ အစီအစဉ်အပြောင်းအလဲနှင့် ကြားဖြတ်ကြေညာခြင်း

၆။ ထူးခြားသောအခမ်းအနားများ၊ ဘာသာရေး အခမ်းအနားများ၊ အင်္ဂလိပ်ဘာသာဖြင့် ကြေညာရသော အခမ်းအနားများ

၇။ ကိုယ်တွေ့ကြုံရသော အထစ်အငေါ့လေးများ

၈။ အခမ်းအနားများနှင့် MC ပြောကြားရသော နမူနာပုံစံများ (ဂရုပြုစရာ၊ ရှောင်ရန်၊ ဆောင်ရန်နှင့် အကြံပြုတင်ပြချက်များ)

**အခမ်းအနားအမျိုးမျိုး၊ အစည်းအဝေးအကြီးအသေး၊ အခမ်းအနားနှင့် အစည်းအဝေးမတူညီပုံ၊ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲ၊ ပြန်ကြားခြင်း၊ ဖိတ်ကြားခြင်း၊ ဖိတ်ခေါ်ခြင်း၊ အဖွင့်ကြေညာခြင်း၊ အပိတ်ကြေညာခြင်း၊ သတိထားရမည့်ဝါစဉ်၊ ကြားဖြတ်ကြေညာခြင်းများ၊ ဘာသာရေးအခမ်းအနားများအကြောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ကြေညာရသော အခမ်းအနားများအကြောင်းစသည်ဖြင့် သိမှတ်စရာများကို ဗဟုသုတကြွယ်စွာရေးသား...**

**အခမ်းအနားမှူး (MC) ဆိုသည်မှာ**

'အခမ်းအနားမှူးဆိုတာ'ဘာလဲ။ သိကြတဲ့အတိုင်း အင်္ဂလိပ်လို Master of Ceremony- MC လို့ ခေါ်ကြတယ်။ 'မှူး' ဆိုတဲ့အဓိပ္ပာယ်ကို မြန်မာအဘိဓာန်မှာ နာမ်ဆိုရင် အကြီးအကဲ၊ ကြိယာဆိုရင် အကြီးအကဲပြုသည်၊ ဦးဆောင်သည်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတယ်။ ဒီတော့ "အခမ်းအနားမှူးဆိုတာ အခမ်းအနားတစ်ခု အောင်မြင်ချောမောစွာ ပြီးမြောက်နိုင်ရေးအတွက် ဦးဆောင်သူလို့ ဆိုရပါမယ်။ တာဝန်အရှိဆုံးသူလို့ ပြောချင်ပါတယ်။ အခမ်းအနားတွေမှာသာမက အစည်းအဝေးတွေမှာပါ အခမ်းအနားမှူး လိုအပ်ပါတယ်" ဟုရေးသည်။(စာ-၁)

**MC တစ်ယောက်တွင်ရှိရမည့် အဓိကအရည်အချင်းများ**
**သတ္တိ၊ သတိ၊ သိ/တတ်မှု (သသုံးလုံး)**

"MC တစ်ဦးမှာ အဓိကအားဖြင့် ရှိရမည့်အရည်အချင်းကတော့ "သ"သုံးလုံး ကျေရပါမယ်။ (၁) သတ္တိ၊ (၂) သတိ၊(၃) သိ/တတ် တို့ဖြစ်သည်" ဟုရေးသည်။ (စာ-၅)

**MC ၏ စိတ်ပိုင်းဆိုင်ရာများ**
**MC ၏ စိတ်ဓာတ်**

"MC တစ်ယောက်ဟာ မိမိတာဝန်ယူရတဲ့ အခမ်းအနား၊ အစည်းအဝေးများကို ချောချောမွေ့မွေ့ အဆင်ပြေပြေ ပြီးမြောက်စေရမယ်ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချမှု (Confidence) အပြည့်အဝရှိဖို့ အလွန်အရေးကြီးပါတယ်။ ဘယ်လိုအပြောင်းအလဲတွေရှိလာလာ စိတ်ကို အေးအေးထားပြီး မှန်မှန်ကန်ကန်ဖြစ်စေအောင် ခေါင်းအေးအေးနှင့် စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး လုပ်တတ်ဖို့ အလွန်အရေးကြီးပါတယ်။ ရုတ်ချည်းဖြစ်လာတဲ့ အပြောင်းအလဲကို စိတ်ပူကြောက်ရွံ့ပြီး စိုးရိမ်စိတ်များနေလျှင် ကြေညာရတာ မပြေပြစ်နိုင်တော့ပါဘူး။ ဒါကြောင့် စိတ်တည်ငြိမ်မှုရှိဖို့ကလည်း အရေးကြီးလှပါတယ်" ဟု သတိပေးထားသည်။ (စာ-၁၀)

**စကားပြော Style**

"Style ဖြစ်ချင်ရင် 'စာ' စကားကိုရှောင်ပြီး 'ပါးစပ်စကား' အသွင်ပြောင်းရပါမယ်။ ဥပမာ-ယနေ့ (ဒီကနေ့)၊ နံနက်ခင်း (မနက်ခင်း)၊ နေရာတွင် (နေရာမှာ)၊ အချိန်တွင် (အချိန်မှာ)၊ သို့ဖြစ်ပါ၍ (တဲ့အတွက်)၊ ၏ (ရဲ့)၊ မည့် (မယ့်)၊ သော (တဲ့)၊ ယခုနှစ် (အခုနှစ်)၊ (ဒီနှစ်)၊ ထို့ကြောင့် (ဒါကြောင့်)၊ ထို့နောက် (အဲဒီနောက်)လို့ပြင်ပြောရပါမယ်" ဟုလည်း စကားလုံးတစ်လုံးချင်း၏ နမူနာကို ဖော်ပြရေးသားထားသည်။ (စာ-၁၃)




**အဖြတ်အတောက်နှင့် လေယူလေသိမ်း**
**ရေးတော့အမှန်၊ ဖတ်တော့အသံ**

အသံထွက်မှန်စေရန် လေ့လာမှတ်သားသင့်သော စာလုံးများ။ ဥပမာ "ကျေးဇူးတင်ပါတယ်"ကို "ကျေးဇူးတင်ပါတယ်" လို့ 'ဇူးကို ဇု' လို့ အသံထွက်မှားတတ်ပါတယ်။

'ယေဘုယျ' ကို 'ယေဘုံယ' လို့ အသံထွက်ရပါမယ်။

'ပြဋ္ဌာန်း' ကို 'ပြတ်ထန်း'၊ 'ပျမ်းမျှ' ကို 'ဖြန်းမျှ' 'အဘိဓာန်' ကို 'အဘိဓါန်' လို့ အသံထွက်ရပါမယ်ဟု အဖြတ်အတောက် လေယူလေသိမ်းကိုလည်း မှန်ကန်စေရန် အသေးစိတ်ညွှန်ပြထားသည်။ (စာ-၂၅)

**အသုံးအနှုန်း**

အသုံးအနှုန်း ဝေါဟာရများကို မှန်ကန်စွာ သုံးစွဲပြောကြားရမည့်အပြင် ကြိုတင်ပြင်ဆင်မှု၊ အချိန်ကိုက်မှု၊ ဗန်းကိုင်များ၏ အခန်းကဏ္ဍများအကြောင်းကိုလည်း လေ့လာဖတ်ရှုရသည်။

**အခမ်းအနားအမျိုးမျိုး**

အခမ်းအနားအမျိုးမျိုး၊ အစည်းအဝေးအကြီးအသေး၊ အခမ်းအနားနှင့် အစည်းအဝေးမတူညီပုံ၊ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲ၊ ပြန်ကြားခြင်း၊ ဖိတ်ကြားခြင်း၊ ဖိတ်ခေါ်ခြင်း၊ အဖွင့်ကြေညာခြင်း၊ အပိတ်ကြေညာခြင်း၊ သတိထားရမည့်ဝါစဉ်၊ ကြားဖြတ်ကြေညာခြင်းများ၊ ဘာသာရေးအခမ်းအနားများအကြောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ကြေညာရသော အခမ်းအနားများအကြောင်းစသည်ဖြင့် သိမှတ်စရာများကို ဗဟုသုတကြွယ်စွာ ရေးသားတင်ဆက်ထားပါသည်။ ကိုယ်တွေ့ကြုံတွေ့ရသော အထစ်အငေါ့လေးများကိုလည်း ဒေါ်သန်းသန်းဝင်းက ပြန်လည်တင်ပြထားရာ ဖြစ်တတ်သော သဘောသဘာဝပေမို့ ငိုအားထက် ရယ်အားသန်မိပါသည်။ ဘယ်လိုအထစ်အငေါ့လဲဆိုတာကိုတော့ စာရှုသူများ ဖတ်ကြည့်ပါဟု ကျွန်တော် တိုက်တွန်းရေးသားပါရစေ။


**နိဂုံး**


အခမ်းအနားမှူးကောင်းတစ်ယောက်ဖြစ်ဖို့ နမူနာများနှင့်တကွ စေ့စေ့ငှငှ တင်ပြရေးသားထားသော ဒေါ်သန်းသန်းဝင်း၏ စာအုပ်ကို လေ့လာဖတ်ရှုပြီး လက်တွေ့လေ့ကျင့် အောင်မြင်နိုင်ကြပါစေကြောင်း . . . ။

ကာတွန်း မိုးထက်မိုး

**ကျားဝါ မေ့မေ့**

စွန့်စားခန်းများ












နှင့်
ငါ့မြေးတွေ အိမ်မှာနေ ရတာပျင်းနေလို့ ဘကြီးသိန်း အိမ်လာဆော့ကြတာလား
ဟုတ်
ဝိုင်ဖိုင်ရလို့ ဂိမ်းဆော့မယ်
စာအုပ်တွေ အများကြီးပဲ - စာဖတ်မယ်
သားက ရီမို့လေယာဉ် လေးနဲ့ ဆော့မယ်..
ဝုပ်...
ဒိုး...
ဂွမ်း
ဟာ! သွားပါပြီ ဒီပန်းအိုးက သက်တမ်း နှစ်သုံးရာရှိတဲ့ ရှေးဟောင်း ပန်းအိုးကွ...
ဖူး- တော်ပါသေးရဲ့ သားက အသစ်ကြီးမှတ်လို့ ဘကြီးသိန်း ဆူမှာလန့် နေတာ..


Animation ကာတွန်း ဇာတ်ကားတွေက ကလေးတွေအတွက် အကျိုးသက်သလား
ကြည့်တတ်ရင် အကျိုးရှိတာပေါ့
TOM & JERRY
MULAN - ဆိုရင်လည်း အမျိုးသမီး တစ်ဦးရဲ့ ရဲစွမ်းသတ္တိရှိမှုကို ဖော်ပြထားတာပါ
Snow White မှာတော့
Walt Disney - က Snow White ရဲ့
DISNEY
ဟုတ်
ဟုတ်


ဟပ်ချိုး
ချစ်ချစ် ဆေးတိုက်မှ ဖြစ်တော့မယ်
မနက်တုန်းက ရေချိုးနေတာမှ အကြာကြီးပဲ...
အဲဒါ အအေးမိ သွားတာ...
ဟပ်ချိုး ဘုရား...
ဘိုးဘိုး မနက်တုန်းက ရေချိုးသေးလား
မနက်က ဈေးကို သွားတာ နေပူထဲ ကြာသွားလို့ ဖြစ်လိမ့်မယ်။
ဘိုးဘိုးကိုလည်း ဆေးတိုက်မှ ဖြစ်မယ်... အဲဒါ အပူမိ သွားတာ

# Stay at Home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

(ယမန်နေ့မှအဆက်)

၃-၁၁-၂၀၂၀ ရက်နေ့မှ ၁၃-၁၁-၂၀၂၀ ရက်နေ့အထိ
လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်း ဆက်လက်ခွင့်ပြုထုတ်ပေးခဲ့သည့်
စက်ရုံ/အလုပ်ရုံ/အလုပ်ဌာနများစာရင်း

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမား ဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၁၀၉၆ | 13037.39.6.2.28 | BSS Co., Ltd | ၁၀ | ၅၀၈,၈၀၀.၀၀ |
| ၁၀၉၇ | 13037.39.7.2.91 | Hotel Azure | ၁၉ | ၁,၁၉၃,၆၀၀.၀၀ |
| ၁၀၉၈ | 13037.39.7.2.124 | SCG-Shwe Me Logistics (Myanmar) Co., Ltd | ၂၂ | ၂,၅၄၁,၀၃၁.၂၀ |
| ၁၀၉၉ | 13041.33.8.2.31 | Many Agrotrade Co,Ltd | ၁၀ | ၇၂၁,၆၀၀.၀၀ |
| ၁၁၀၀ | 13041.38.1.2.191 | ကျောက်စိမ်းညှော့ရိပ်သာ | ၂ | ၅၂,၀၀၀.၀၀ |
| ၁၁၀၁ | 13041.38.3.2.102 | Wai International Manufacturing Co.Ltd | ၃ | ၁၇၂,၈၀၀.၀၀ |
| ၁၁၀၂ | 13041.38.3.2.170 | lithan eduacation Services | ၈ | ၉၆၀,၀၀၀.၀၀ |
| ၁၁၀၃ | 13041.38.7.2.70 | V-MEX Yangon Co.,Ltd | ၂ | ၂၄၀,၀၀၀.၀၀ |
| ၁၁၀၄ | 17001.31.1.2.32 | ရွှေနှင်းဆီဒေါက် | ၆ | ၂၁၆,၀၀၀.၀၀ |
| ၁၁၀၅ | 17001.31.1.2.54 | အောင်အထွေထွေစက်မှုလက်မှု | ၈ | ၂၈၈,၀၀၀.၀၀ |
| ၁၁၀၆ | 17001.31.1.2.98 | အလှကမ္ဘာစတိုး | ၄ | ၁၄၄,၀၀၀.၀၀ |
| ၁၁၀၇ | 17001.31.1.2.106 | ခနဖြိုးဆန်စက် | ၁၂ | ၄၆၈,၀၀၀.၀၀ |
| ၁၁၀၈ | 17001.31.1.2.164 | မြင့်မြင့်ထွန်းဆေးလိပ်ခုံ | ၇ | ၂၂၄,၀၀၀.၀၀ |
| ၁၁၀၉ | 17001.31.1.2.165 | ပဒေသာဆန်စက် | ၁ | ၃၆,၀၀၀.၀၀ |
| ၁၁၁၀ | 17001.31.1.2.175 | ကိုသိန်းအောင်ဝါး၊ခနီ | ၁ | ၂၀,၀၀၀.၀၀ |
| ၁၁၁၁ | 17001.31.1.2.191 | အောင်တံခွန်ဆန်စက် | ၅ | ၁၈၀,၀၀၀.၀၀ |
| ၁၁၁၂ | 17001.31.1.2.193 | ခနသိဒ္ဓိဆန်စက် | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၁၁၁၃ | 17001.31.1.2.203 | အောင်ရတနာဆန်စက် | ၇ | ၄၀၃,၂၀၀.၀၀ |
| ၁၁၁၄ | 17001.31.1.2.216 | ဒိုင်းကြယ်မြေမီးဖိုလုပ်ငန်း | ၁ | ၂၀,၀၀၀.၀၀ |
| ၁၁၁၅ | 17001.31.1.2.224 | ပွင့်ကမ္ဘာဆန်စက် | ၄ | ၁၄၄,၀၀၀.၀၀ |
| ၁၁၁၆ | 17001.31.2.2.10 | ဒေါ်ခင်ဌေးသစ်စက် | ၃ | ၆၀,၀၀၀.၀၀ |
| ၁၁၁၇ | 17001.31.2.2.12 | ပိုင်သစ်ဦးသစ်ခွဲစက် | ၄ | ၁၄၄,၀၀၀.၀၀ |
| ၁၁၁၈ | 17001.31.2.2.111 | အောင်ပြည့်ဆန်စက် | ၅ | ၁၈၀,၀၀၀.၀၀ |
| ၁၁၁၉ | 17001.31.2.2.114 | Seagram Myanmar (or) Asia Beverages Co.Ltd | ၁၅ | ၁,၁၉၁,၂၀၀.၀၀ |
| ၁၁၂၀ | 17001.31.2.2.116 | ငွေလမင်းဆားစက် | ၅ | ၁၈၀,၀၀၀.၀၀ |
| ၁၁၂၁ | 17001.31.2.2.132 | စိန်မေတ္တာဆန်စက် | ၆ | ၂၁၆,၀၀၀.၀၀ |
| ၁၁၂၂ | 17001.31.2.2.134 | အမှတ်(၅၈၅) အောင်သီဟဆန်စက် | ၈ | ၂၅၆,၀၀၀.၀၀ |
| ၁၁၂၃ | 17001.31.3.2.124 | North Shore Group | ၆၇၇ | ၃၇,၉၅၇,၇၈၈.၀၀ |
| ၁၁၂၄ | 17001.31.4.2.11 | ငွေရည်ဝင်းဆန်စက် | ၃ | ၁၀၈,၀၀၀.၀၀ |
| ၁၁၂၅ | 7001.39.1.2.36 | MGS Beverage | ၁၃ | ၇၈၄,၄၀၀.၀၀ |
| ၁၁၂၆ | 7001.39.1.2.66 | ဆင်ဖြူတော်ကွန်ကရစ် | ၁ | ၃၆,၀၀၀.၀၀ |
| ၁၁၂၇ | 7001.39.4.2.23 | Aung Kan Bo Trading CO,LTD | ၂ | ၁၂၀,၀၀၀.၀၀ |
| ၁၁၂၈ | 7001.39.4.2.35 | Kenstar Display Co., Ltd. | ၈ | ၄၆၀,၈၀၀.၀၀ |
| ၁၁၂၉ | 7001.39.6.2.34 | Myanmar Biomass Power | ၁၆ | ၁,၀၉၆,၀၀၀.၀၀ |
| ၁၁၃၀ | 10006.37.1.2.191 | ရွှေမဒီ အထည်ဆိုင် | ၆ | ၁၂၀,၀၀၀.၀၀ |
| ၁၁၃၁ | 10006.37.3.2.103 | 999 အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး | ၅ | ၁၂၀,၀၀၀.၀၀ |
| ၁၁၃၂ | 10006.37.4.2.33 | ရတနာသန့်စံတည်းခိုခန်း | ၆ | ၂၀၆,၀၀၀.၀၀ |
| ၁၁၃၃ | 10006.37.5.2.25 | Kyaw Nyo Myat Trading Co.,Ltd. | ၃၇ | ၂,၂၅၃,၆၀၀.၀၀ |
| ၁၁၃၄ | 11001.31.1.2.28 | Gread Ayeyarwaddy Co;ltd | ၂ | ၇၆,၀၀၀.၀၀ |
| ၁၁၃၅ | 11001.31.1.2.42 | မြို့နယ်ယာဉ်လုပ်ငန်းများထိန်းသိမ်း ကြီးကြပ်ရေးကော်မတီရုံး | ၃၁ | ၁,၄၀၃,၆၀၀.၀၀ |
| ၁၁၃၆ | 11001.31.1.2.194 | OK Hotel | ၅ | ၂၃၇,၆၀၀.၀၀ |
| ၁၁၃၇ | 11001.31.1.2.202 | Cinderella Hotel | ၇ | ၄၀၃,၂၀၀.၀၀ |
| ၁၁၃၈ | 11001.31.1.2.251 | နံ့သာဖြူ(ဟိုတယ်) | ၄ | ၂၄၉,၆၀၀.၀၀ |
| ၁၁၃၉ | 11001.31.1.2.309 | သိန်းသန်း(သစ်ခွဲစက်) | ၃ | ၆၀,၀၀၀.၀၀ |
| ၁၁၄၀ | 11001.31.1.2.310 | သိန်း(သစ်ခွဲစက်) | ၅ | ၁၀၀,၀၀၀.၀၀ |
| ၁၁၄၁ | 11001.31.1.2.322 | အထွဋ်ရုံ(ဟိုတယ်) | ၁၈ | ၁,၁၂၁,၆၀၀.၀၀ |
| ၁၁၄၂ | 11001.31.2.2.112 | ငွေမိုး(ဟိုတယ်) | ၇၄ | ၄,၃၃၄,၈၀၀.၀၀ |
| ၁၁၄၃ | 11001.31.2.2.165 | NCX Invested Co;Ltd (Honda) MLM | ၃၂ | ၂,၄၉၀,၈၀၀.၀၀ |
| ၁၁၄၄ | 11001.31.3.2.105 | Myanmar Lighting Co;,ltd | ၂၀၂ | ၁၈,၀၆၀,၀၀၀.၀၀ |
| ၁၁၄၅ | 11001.31.4.2.41 | Mawlamyine Century Logistics Co;ltd | ၁၉ | ၁,၄၀၀,၈၀၀.၀၀ |
| ၁၁၄၆ | 11001.31.4.2.45 | Proven Technology Industry Co;ltd | ၄ | ၃၁၆,၀၀၀.၀၀ |
| | | စုစုပေါင်း | ၁၀၄,၆၄၃ | ၆,၂၈၇,၃၁၂,၃၄၀ |

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ သားငါးနှင့် စားသောက်ကုန်များ လှည့်လည်ရောင်းချပေး

**ရန်ကုန် နိုဝင်ဘာ ၂၁**

သန့်ရှင်းလတ်ဆတ်သော သားငါး စားသောက်ကုန်နှင့် ဟင်းသီး ဟင်းရွက်များကို သက်သာသော ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်စေရန် ရည်ရွယ်၍ နိုဝင်ဘာ ၂၀ ရက် နံနက် ၇နာရီမှစ၍ ဈေးရောင်းချရေးယာဉ်များဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်၊ တောင်လုံးပြန် ရပ်ကွက်နှင့် ကျီတော်ရပ်ကွက်တို့တွင် မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ စနစ်တကျ ရောင်းချပေးခဲ့သည်။



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်း လုပ်ငန်းရှင်များ ပူးပေါင်း၍ ဈေးရောင်းချရေး ယာဉ်များဖြင့် အောက်တိုဘာ ၂၆ ရက်မှစတင်၍ မြို့နယ်/ရပ်ကွက်များအလိုက် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



## ရန်ကုန်မြို့လယ်၌ Zero Virus Day ပြုလုပ်၍ ကိုဗစ်အသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ရှိဖြစ်ပွားနေသော ကိုဗစ်- ၁၉ ရောဂါထိန်းချုပ်မှု အစီအစဉ်တစ်ရပ်အဖြစ် Zero Virus Day ကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့၏ အဓိကနေရာကြီးနှစ်ခု၌ပြုလုပ်ခဲ့ကြောင်း ဂျိုက်ကာမြန်မာရုံးက ထုတ်ပြန်ထားသည်။

JICA နှင့် YRTA တို့ပူးပေါင်း၍ YBS ခရီးသည်များ၏ နေ့စဉ်သွားလာမှုတွင် ရောဂါပိုးမွှားကာကွယ်တားဆီးမှုသည်အရေးပါကြောင်း အသိပညာပေးအဖြစ် "Zero Virus Day" စီမံကိန်းကို ၂၀၂၀ နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်၌ဖော်ပြသည်။

အဆိုပါလှုပ်ရှားမှုအစီအစဉ်အဖြစ် လက်သန့်ဆေးရည်ဘူးများကို YBS ယာဉ်များအားလုံးပေါ်တွင် တပ်ဆင်အသုံးပြုစေခြင်းနှင့် နှာခေါင်းစည်းများဝေငှခြင်းတို့ကို ဆူးလေမှတ်တိုင် (မဟာဗန္ဓုလပန်းခြံရှေ့)နှင့် စံပြဈေးမှတ်တိုင်တို့တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုသည် JICA နှင့် YRTA တို့ ၂၀၁၈ ဇန်နဝါရီလမှစတင်ပူးပေါင်းဆောင်ရွက်ခဲ့သော "အများပြည်သူသယ်ယူပို့ဆောင်မှုအဆင့်မြှင့်တင်ရေးစီမံကိန်း "၏ ရှေ့ပြေးစီမံကိန်းများထဲမှ တစ်ခုအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးသည် ကိုဗစ်-၁၉ ဖြစ်ပွားမှုအများဆုံးဒေသဖြစ်သည့်အတွက် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ Stay at Home အစီအစဉ်ကိုထပ်မံကြေညာထားပြီး မလိုအပ်လျှင် နေအိမ်ပြင်ပသို့ထွက်ခွာခြင်း မပြုကြရန် သက်ဆိုင်ရာက အသိပေးကြေညာထားသည်။

ထို့အပြင် ရန်ကုန်မြို့ရှိ ဈေးပေါင်း ၁၈၀ တွင်လည်း မျက်နှာနှင့် နှာခေါင်းစည်းများကို မဖြစ်မနေဝတ်ဆင်ကြရန် လှုပ်ရှားအသိပေးမှုများလည်းဆက်လက်ပြုလုပ်လျက်ရှိကြောင်း၊ အစိုးရအပိုင်းက ကုသရေးကို နိုင်နင်းအောင် ဘက်ပေါင်းစုံမှဆောင်ရွက်နေသကဲ့သို့ပြည်သူများကလည်း နှာခေါင်းစည်းကိုမဖြစ်မနေဝတ်ဆင်ခြင်း၊ လက်ဆေးခြင်း စသောကာကွယ်ခြင်းကိုလည်း တိတိကျကျလိုက်နာဆောင်ရွက်ကြရန် လိုအပ်လျက်ရှိသည်။

**မြင့်မောင်**

## ပုသိမ်ကြီးမြို့နယ်၌ တောင်သူများအား ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေး

**မန္တလေး နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၀ ပြည့်နှစ် ဆောင်းရာသီစိုက်ပျိုးရေးစရိတ်ချေးငွေများကို ကျေးရွာအုပ်စုအလိုက် တောင်သူများသို့ ထုတ်ပေးလျက်ရှိရာ ယနေ့အထိကျေးရွာ ခုနစ်အုပ်စု၊ တောင်သူ ၂၀၀ တို့အား ချေးငွေကျပ် ၁၁၅၄ သိန်း ထုတ်ချေးပြီးဖြစ်ကြောင်း မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးထွန်းထွန်းဦးထံမှ သိရသည်။

မြို့နယ်ဘဏ်ခွဲအနေဖြင့် တောင်သူများအား စိုက်ပျိုးရေးစရိတ်ချေးငွေထုတ်ချေးရာတွင် ဘဏ်သို့ချေးငွေလာရောက်ထုတ်ယူခြင်းသာမက Mobile Payment စနစ်ဖြင့် ချေးယူလိုသောတောင်သူများ အဆင်ပြေစေရန် ဝင်းခြံကျေးရွာအုပ်စုရှိ တောင်သူကိုးဦးအား Mobile Payment စနစ်ဖြင့် ချေးငွေကျပ် ၇၁ ဒသမ ၅ သိန်းကို မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မန်နေဂျာဒေါ်ယဉ်နွဲ့၏ကြီးကြပ်မှု၊ မြို့နယ်ချေးငွေအကြံပေးအဖွဲ့၏ ပံ့ပိုးမှုတို့ဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

ပုသိမ်ကြီးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ကိုဗစ်-၁၉ အထူးချေးငွေများအပြင် ၂၀၂၀ မိုးစပါးချေးငွေ၊ ၂၀၂၀ ဆောင်းရာသီ ချေးငွေထုတ်ချေးသည့် တောင်သူပေါင်း ၁၈၇၂ ဦး၊ ဧကပေါင်း ၈၈၄၅ ဧကအတွက် ချေးငွေကျပ် ၄၄၂၂ သိန်းကျော်အား ထုတ်ချေးပြီးဖြစ်ရာ ၂၀၂၀ ပြည့်နှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကိုလည်း စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီဝယ်ယူဖြည့်တင်းနိုင်ရန်အတွက် သတ်မှတ်ထားသည့်ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်ကာ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ တောင်သူပေါင်း ၅၀၀ ကျော်တို့အား ချေးငွေကျပ်သိန်း ၂၇၀၀ ကို ဒီဇင်ဘာလအတွင်း အပြီးထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## မိုးနဲမြို့နယ်၌ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သည့် မိုးနဲ-ကင်တုံ-ဆိုက်ဖယ်-လုံစံစေတီလမ်း (၆/၀)မိုင်အနက် ဆိုက်ဖယ်ရွာသစ်မှ လုံစံစေတီအထိကျန်ရှိသည့် (၂/၀)မိုင် ကျောက်ခင်းခြင်းနှင့် အဆိုပါလမ်းပေါ်တွင် ၅ ပေ Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းလင်းခေးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးသိန်းထွဋ်ဦးက ပြောကြားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ကျေးရွာငါးရွာ အိမ်ခြေ ၃၂၉ အိမ်နှင့် လူဦးရေ ၁၃၁၆ ဦးတို့သည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အသီးအပွင့်များကို ရရှိခံစားနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

# COVID-19 Fund မှ ချေးငွေလျှောက်ထားသည့် လုပ်ငန်း ၆၉၈ ခုသို့ ခွင့်ပြုငွေကျပ် ၂၂ ဒသမ ၇၆၈၅ ဘီလီယံ ဒုတိယအကြိမ် ချေးငွေထုတ်ယူခွင့်ပြု

(ယမန်နေ့မှအဆက်)

### ဒုတိယအကြိမ် Covid-19 Fund မှ တတိယအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း

| စဉ် | ကုမ္ပဏီ/လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၂၇၂ | အောင်ဆွေတင် ပြည်ပအလုပ်အကိုင်ရှာဖွေရေး | အမှတ် (၁၉၇)၊ ၃၉ လမ်း၊ အလယ်၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |
| ၂၇၃ | Star Paradise Services Co., Ltd. | 42nd Street, No.(122), Ground Floor, Ward No.(8), Botataung Township, Yangon Region |
| ၂၇၄ | Green Light ဖိနပ်ထုတ်လုပ် ရောင်းချ ဖြန့်ဖြူးခြင်းလုပ်ငန်း | အမှတ် (၂၁၅)၊ နောင်ရိုး (၃) လမ်း၊ (၁၁) ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၇၅ | Q & D Manufacturing Company Limited | No.(2772/A), Bago River Street, (63) Quarter, South Dagon Industry Zone (2), Yangon |
| ၂၇၆ | La Yeik Wah Agriculture & Mining Company Limited | အမှတ် (၁၁၁၁)၊ ဝေသာလီလမ်း၊ (၂) ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၇၇ | THE FLORIST BY YUN COMPANY LIMITED | အမှတ်(၂၀)၊ ဒုတိယထပ်၊ ပုလဲလမ်း၊ ဝန်ဒါမီးရာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၇၈ | ဦးငွေသန်း သံနန်းဆွဲမှုလီလုပ်ငန်း | ဒါးပိန်တောင်ကျေးရွာ၊ လှည်းကူးမြို့နယ်၊ မြောက်ပိုင်းခရိုင် |
| ၂၇၉ | အာရှကျား အိတ်ထုတ်လုပ်မှုလုပ်ငန်း | အမှတ်(၂၇) သဇင်၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့ |
| ၂၈၀ | သိန်းသန်း စက်မှုလက်မှု- ခြေတုလက်တုလုပ်ငန်း | အမှတ် ၄၄-၄၇၊ မင်္ဂလာဒုံဈေး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၈၁ | Premium Valiant Family Co., Ltd. | အမှတ် (၃)၊ သံချပ်ဝန်ဦးမြူလမ်း၊ (၁၀၉) ရပ်ကွက်၊ ဒဂုံအရှေ့စက်မှုဇုန် အပိုင်း(၁)၊ တိုးချဲ့ (က)၊ အရှေ့ဒဂုံမြို့နယ် |
| ၂၈၂ | Strong Source Holding Co., Ltd. | Level 25, Office Tower 3, Time City Complex, Kamayut Township, Yangon |
| ၂၈၃ | M E F International Company Limited | (19-A) Ward, Hlaw Gar Road, No.(3/428), South Dagon Township, Yangon |
| ၂၈၄ | ဒေါ်မြသန္တာလင်း Five Star CP ကြက်ပေါက် ကြက်စာနှင့် မွေးမြူရေးလုပ်ငန်း | ရန်ကင်းရပ်၊ ကျောက္ကာလမ်း၊ မုံရွာမြို့ |
| ၂၈၅ | Info Net Company Limited | D-110, Shwe Phyu Plaza, 1st Floor, 77 x 78 Street, Between 32 x 33 Corner, Chanayetharzan Township, Mandalay. 24/26, Corner of Strand Rd and Wadan St 2nd Floor Lanmadaw, Yangon. |
| ၂၈၆ | ဝင်း (သွင်းကုန်အစားထိုး လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ် ရောင်းချရေး လုပ်ငန်း) | အမှတ်(၁)၊ (၁)လမ်း၊ (၂)ရပ်ကွက်၊ မြောင်းမြမြို့ |
| ၂၈၇ | ကျော်အောင် စက်မှုလက်မှု | အောင်ဆန်းလမ်း၊ အမှတ် (၁) ရပ်ကွက်၊ မြောင်းမြမြို့ |
| ၂၈၈ | ထွန်းနိုင်ဆွေ အထွေထွေစက်မှုလုပ်ငန်း | လမ်း (၄၀)၊ စက်မှုဇုန်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈၉ | ဦးညာဏ်စိုးလှိုင် (ဆိပ်ကမ်း) | မန္တလေးရပ်၊ မီးလောင်ပြင်လမ်း၊ မော်လမြိုင်မြို့ |
| ၂၉၀ | United Power စက်မှုလုပ်ငန်း | ပပ-၇/၆၄+၆၅+၈၆+၈၇ (ဈ) ရပ်ကွက်၊ ပြည်ကြီးတန်ခွန်မြို့နယ်၊ မန္တလေး |
| ၂၉၁ | ဦးစိန်ဝင်း ဆားထုတ်လုပ်ရေးလုပ်ငန်း | သဃ်န်းကြီးကျေးရွာ၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂၉၂ | KC HEIN HTET COMPANY LIMITED | ပုလဲရောရပ်ကွက်၊ မြို့ဆိုးအုပ်စု၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၂၉၃ | ဝမင်း ကုမ္ပဏီလီမိတက် | အမှတ်-၁၁၆၊ သမိုင်းဘူတာရုံလမ်း၊ ၂ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် |
| ၂၉၄ | ဦးအောင်ကြီး၊ T.C.T သီဟိုဆန် စက်ရုံထုတ်လုပ်ငန်း | ရှမ်းချောင်ရပ်ကွက်၊ မြိတ်မြို့၊ မြိတ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၂၉၅ | ခနသဟာယ ငါးမွေးမြူရေးလုပ်ငန်း | အမှတ်(၄၆)၊ ပတ္တမြားခြံ၊ လမ်းမတော်လမ်း၊ မင်းရပ်ရပ်ကွက်၊ လက်ပံတန်းမြို့ |
| ၂၉၆ | ရွှေပုလဲသီ ကုမ္ပဏီလီမိတက် | အမှတ်(၁၁၈)၊ ဗိုလ်ချုပ်လမ်း၊ ဆိပ်ပယ်ရပ်၊ မြိတ်မြို့ |
| ၂၉၇ | ရွှေအိုး နို့စားနွား မွေးမြူရေး၊ နို့ထွက်ပစ္စည်းနှင့် ရေခဲစက်လုပ်ငန်း | ကုလားမတောင်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၉၈ | ကောင်းကြိုက် ကမ်းဝေးငါးဖမ်းလုပ်ငန်း | ကျားဆိပ်၊ အောင်သုခရပ်ကွက်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၂၉၉ | ဦးမျိုးအောင် ငါးမွေးမြူရေးလုပ်ငန်း | သနပ်ပင်မြို့နယ်၊ လှာပကစ်ကျေးရွာ |
| ၃၀၀ | Little Codelab ကွန်ပျူတာ သင်တန်းကျောင်း | G-1-09, Pearl Condo, Sayarsan Road, Bahan Tsp, Yangon |
| ၃၀၁ | ဦးမောင်မောင် ပုဂ္ဂလိက နှစ်ရှည်စိုက်ခင်းလုပ်ငန်း | ကွင်းချောင်းကျေးရွာ၊ ငပုတောမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃၀၂ | ကြိုးကြာနီ ဖိနပ်လုပ်ငန်း | အမှတ် ၁၂ ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၃၀၃ | ဦးစိုးပိုင် (SP ကုလားပဲခွဲစက်နှင့် အမှုန့်ကြိတ်လုပ်ငန်း) | အမှတ်-၁၆၅/၁၆၈၊ ၁၉ လမ်းနှင့် ခတ္တာလမ်းဒေါင့်၊ ရန်ဝေးရပ်၊ မကွေးမြို့ |
| ၃၀၄ | ဦးမျိုးအောင် ပုစွန်မွေးမြူရေးလုပ်ငန်း | မြစ်နားတန်းရပ်ကွက်၊ ကျောက်ဖြူမြို့ |
| ၃၀၅ | ဝင်းလှိုင် စက်မှုလက်မှု (တွင်ခုံ) | ပပ ၁၉/၃၇၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန် (၁) |
| ၃၀၆ | Ko Maung Maung & Brothers Leather Production Co., Ltd. | အမှတ်-၅၊ ရွာမကျောင်းလမ်း၊ အမှတ်-၁ ရက်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၀၇ | Central Star Manufacturing Company Limited | Mingalar Street, No.(51) 5 Floor, Saunchaung, Yangon Region |
| ၃၀၈ | TET NADI Co., Ltd. | No.(132-134)၊ ၃၁ လမ်း၊ မြေညီထပ်၊ ရန်ကုန်မြို့ |
| ၃၀၉ | စိုးမိသားစု မုန့်ဟင်းခါးဖို လုပ်ငန်း | ကန်သာယာလမ်း၊ မြို့မ (၂) ရပ်ကွက်၊ ပြွန်တန်ဆာမြို့၊ ညောင်လေးပင်မြို့နယ် |
| ၃၁၀ | ပန်းချယ်ရီ ဖိနပ်လုပ်ငန်း | No.(365), Yu Wa Ti Street, (12) Ward, Dagon Myothit (East) Township, Yangon |
| ၃၁၁ | ခိုင်မာလာနှင်းဆီ ပြည်တွင်းထုတ် သွင်းကုန်အစားထိုး ဖိနပ်ချုပ်လုပ်ငန်း | အမှတ် (၂၀၆)၊ ဝဇီယာ (၂) လမ်း၊ (၈) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် |
| ၃၁၂ | Gold Hand အထူးချုပ် ဖိနပ်လုပ်ငန်း | အမှတ် (၆၃၁)၊ နီလာလမ်းသွယ်၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၁၃ | Hero Seven ဖိနပ်လုပ်ငန်း | အမှတ်-၄၈၀/ခ၊ မင်းကျော်ပုံချီလမ်း၊ ၆၉ ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် |
| ၃၁၄ | ဒေါ်အုန်းကြည် သံနန်းဆွဲလုပ်ငန်း | အမှတ် (၂၉၅)၊ ဖောင်ကြီးလမ်း၊ စက်မှုဇုန် (၂)၊ (၆၄) ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၃၁၅ | ဝမ်းဝမ်း ဖိနပ်ချုပ်လုပ်ငန်း | ယ ၇/၂၇၊ အောင်မင်္ဂလာ ၃ လမ်း၊ ရန်အောင် (၁)၊ ပျဉ်းမနားမြို့ |
| ၃၁၆ | CANNAN SHWE PYI COMPANY LIMITED | အမှတ် (၁၄၄/၁၄၂)၊ အခန်း (၄၀၂)၊ ၁၈ လမ်း၊ အထက်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၁၇ | ရောကျော် ဆန်စက် | မဟာဗျူဟာလမ်း၊ မအူကုန်းရပ်ကွက်၊ လက်ပံတန်းမြို့၊ သာယာဝတီခရိုင်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၁၈ | ကြံတိုင်းအောင် ဆန်စက် | ၆-ရပ်ကွက်၊ ကျိုက်လတ်မြို့ |
| ၃၁၉ | အောင်စည်သံဟိန်း ကုမ္ပဏီလီမိတက် | No.114, Kyaung Gyi Su Quarter, Taunggyi Township |
| ၃၂၀ | ပန်းကုံ့ကော် ဖိနပ်လုပ်ငန်း | No.(362), Thu Nandar (8) Street, (Sa) Ward, North Oakkalapa Township, Yangon |
| ၃၂၁ | Htay One Services Agent Co., Ltd. | No,378, U-10, Mahagandayone Stree, 48 Qtr, North Dagon Tsp, Ygn |
| ၃၂၂ | GREEN EMERALD Co., Ltd. | No.6/7-Block-39, No.6 Pinn Ya, Nawaday Garden Housing Hlaingtharyar Township |
| ၃၂၃ | A1 (ဦးကျော်မိုးလှိုင်) သီဟိုစေ့လုပ်ငန်း | အမှတ်(၃၆၉) ဗိုလ်တေဇလမ်း၊ ရွှေပေါက်ကံစက်မှုဇုန်၊ မြောက်ဥက္ကလာ |
| ၃၂၄ | ဒေါ်မြင့်မြင့်အေး ဆန်စက် | ဦးဥတ္တမလမ်း၊ ချောင်းကောက်ရပ်ကွက်၊ တောင်ကုတ်မြို့ |
| ၃၂၅ | ကြယ်ကိုးလုံး ဆန်စက် | မြို့တွင်းကျေးရွာ၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၂၆ | ရွှေပင်သူ (ဦးခင်မောင်နိုင်) ဆန်စက် | ပဲခူး-သနပ်ပင်ကားလမ်းဘေး၊ အောက်စုရပ်ကွက်၊ သနပ်ပင်မြို့ |
| ၃၂၇ | Victor ဖိနပ်လုပ်ငန်း | အမှတ် (၅၂၅)၊ သုန္ဒလမ်း၊ (၁၀၇) ရပ်ကွက်၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၂၈ | ခိုင်မြဲ ပြည်တွင်းထုတ်ကုန် ဖိနပ်လုပ်ငန်း | အမှတ် (၆၈၇)၊ ဇေယျာအေးမြလမ်း၊ (၃၁) ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၂၉ | ဦးဇော်နိုင်ထွန်း (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | D-61၊ အေးသာယာလမ်း၊ (၄)ရပ်ကွက်၊ FMI City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃၀ | ဦးဇာနီမောင် (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | အမှတ် (၄၀၂)၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃၁ | ဦးစိန်ထွန်း (ငါးမွေးမြူရေး) | ကျုံးကျုံးကျကျေးရွာ၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃၂ | ဦးဝင်းမြင့် (ရတနာခိုင်ဖြိုး) ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း | (No.40), War Tan Street, Lanmadaw Township, Yangon |
| ၃၃၃ | ဦးမျိုးဇော် (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | ၆၂၊ ကိုင်းတန်းလမ်း၊ လမ်းမတော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃၄ | ဦးကြီးဟုန် (ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | ညောင်တန်းတံတား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃၅ | ဦးတင်စိန် ငါးလုပ်ငန်း | စံကင်းကြီးကျေးရွာ၊ ထန်းတပင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃၆ | ဦးစောလွင် အောင်မြတ်သူ ပင်လယ်ငါးဖမ်းလုပ်ငန်း | No.(001), Building No.(1), Mya Kan Thar Housing, (5) Ward, Hlaing Township, Yangon |
| ၃၃၇ | နဒီမင်း ပင်လယ်ကမ်းဝေး ငါးဖမ်း ကျားပိုက်လုပ်ငန်း (၃ စီး) | အမာမြို့နယ်၊ နောက်မီးကျေးရွာ၊ ဖျာပုံခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃၃၈ | ဦးသိန်းထွန်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | အမှတ် ၂၆၊ ငုဝါလမ်း၊ စောတောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃၉ | ဦးဝင်းခိုင် ရေထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း | ဒေါဝါးကျေးရွာ၊ ပန်းတနော်မြို့နယ် |
| ၃၄၀ | ဦးဌေးမြင့် ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း | No.(33), Aye Yeik Mon Road, Yadanar Mon Housing, (3) Ward, Hlaing Township, Yangon |
| ၃၄၁ | ဦးအောင်သိန်းထွန်း မွေးမြူရေးလုပ်ငန်း | ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ စိုင်ခြံရွာ၊ ပုသိမ်မြို့ |
| ၃၄၂ | ဦးကျော်မိုးရှိန် ငါးဖမ်းစက်လှေလုပ်ငန်း | အမှတ် (၃၂)၊ ၇ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၄၃ | ဦးထိန်ဝင်း ငါးမွေးမြူရေး | ထနီကျေးရွာ၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃၄၄ | ဌေးဌေးကြွယ် ရွှေဇင်ယော်ဟိန်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | တိုက်၄၈၊ ၃ လွှာ၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန် |
| ၃၄၅ | ဦးကုလား ကမ်းဝေးငါးဖမ်းလုပ်ငန်း | ရောကျေးရွာ၊ ဘိုကလေးမြို့နယ် |
| ၃၄၆ | ဒေါ်သောင်းတင် ပင်လယ်ငါးဖမ်းလုပ်ငန်း | အမှတ် ၄၆၊ ရတနာမွန် ၃ လမ်း၊ ၅ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၄၇ | တက်နေထွန်း ငါးဖမ်းရေယာဉ်အုပ်စု | No.(566), Nwe Ni (9) Street, North Oakkalapa Township, Yangon |
| ၃၄၈ | ဒေါ်တင်တင်ဝင်း ပင်လယ်ငါးဖမ်းလုပ်ငန်း | အမှတ်(က၊ ၁၀-အေ)၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၃၄၉ | ဒေါ်ရီနွဲ့ ပင်လယ်ငါးဖမ်း လုပ်ငန်း | အမှတ် ၁၉၊ အောင်မြေသာစည်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန် |
| ၃၅၀ | ဦးဇော်လင်းစိုး ပင်လယ်ငါးဖမ်းလုပ်ငန်း | No.(32), (7) Street, (3) Ward, Lanmadaw Township, Yangon |
| ၃၅၁ | ဒေါ်နှင်းနှင်းဝင့်ရှိန် ပင်လယ်ငါးဖမ်းလုပ်ငန်း | No.(32), (7) street, Lanmadaw Township, Yangon |
| ၃၅၂ | ကျော်ထွန်းလင်း ငါးဖမ်းလုပ်ငန်း | အမှတ် (၂၁)၊ အနော်ရထာလမ်း၊ လသာမြို့နယ် |
| ၃၅၃ | ဦးမြင့်စံ ငါးမွေးမြူရေးလုပ်ငန်း | အုတ်ဖိုကျေးရွာ၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၅၄ | ဦးမြင့်လွင် (အောင်ဗလစိန် ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်း) | အမှတ်-၂၅၊ ၄ လွှာ၊ လမ်းသွယ်-၁၊ ၄ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် |
| ၃၅၅ | ဦးတင်စိုး ပင်လယ်ငါးဖမ်းလုပ်ငန်း | အမှတ် ၁၇၊ အောင်ချမ်းသာ (၄) လမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၅၆ | ဦးသန်းထွန်းအောင် ဝင်းဖြိုးဟိန်း ပင်လယ်ငါးဖမ်းလုပ်ငန်း | အမှတ် ၄၊ ၃ လွှာ ဘီ၊ ခေမာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၅၇ | သီတာမွန် (၁) ကမ်းဝေးငါးဖမ်းလုပ်ငန်း | ပပဝတီ အမှတ် ၃ ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို၊ ငပုတောမြို့ |
| ၃၅၈ | ဝင်း ပီလောပီနံ အမှုန့်ကြိတ်လုပ်ငန်း | မိတ်သလင်ကုန်းကျေးရွာ၊ လေးမျက်နှာမြို့နယ် |
| ၃၅၉ | ဒေါ်တင်တင်ဝင်း လပြည့်ဝန်း ဆန်စက်လုပ်ငန်း | ရှမ်းစုရပ်ကွက်၊ နန်းမားကျေးရွာအုပ်စု၊ မိုးညှင်းမြို့နယ် |
| ၃၆၀ | ဦးစောမျိုးသန့် စိုက်/မွေး လုပ်ငန်း | ကံအောင်ကျေးရွာ၊ စော်ဘွားရေရှင်အုပ်စု၊ ကလေးမြို့ |
| ၃၆၁ | Myanmar First Thurein Company Limited | အမှတ် ၄၈၀၊ တကောင်း ၆ လမ်း ၊ ၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၆၂ | ပန်းမြို့ လက်ဆောင် သီးစုံယို | အမှတ် ၂၀၊ ဘူတာတိုက်တန်း၊ မဟာဗန္ဓုလလမ်း၊ ပြင်ဦးလွင် |
| ၃၆၃ | A.C.E Education Center | ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့ |
| ၃၆၄ | BURGUNDY HILLS COMPANY LIMITED | 10, SHWE TAUNG KYAR ROAD, SUITE 3, BAHAN TOWNSHIP, YANGON, MYANMAR |
| ၃၆၅ | Trust Concept Company Limited | No.19/A, 3rd Floor, Yonegyi Street, Ohbo Quarter, Kyeemyindaing Township, Yangon Region |
| ၃၆၆ | ကမ်းခြေ (BEACH) အမှတ်တံဆိပ် မှျင်ငပိလုပ်ငန်း | အမှတ်(L-205)၊ စက်မှုဇုန်လမ်းမကြီး၊ ပုသိမ်စက်မှုဇုန်၊ ပုသိမ်မြို့ |
| ၃၆၇ | ရွှေငါး သားရေဖိနပ်နှင့် ကတ္တီပါဖိနပ် အမျိုးမျိုးလုပ်ငန်း | အိမ်အမှတ် (၁၉/၂၀၁)၊ မြင်းခြံမြို့နယ် |

(ဆက်လက်ဖော်ပြပါမည်)

## ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် မြောင်းမြမြို့ဝင် စစ်ဆေးရေးဂိတ် ကြည့်ရှုစစ်ဆေး



**မြောင်းမြ နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးလှမိုးအောင်နှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့ မြပေမာရပ်ကွက်ရှိ မြို့ဝင်စစ်ဆေးရေးဂိတ်၌ နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

ဧရာဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့ဝင်စစ်ဆေးရေးဂိတ်တွင် ခရီးသွားပြည်သူများအား ခရီးသွားထောက်ခံစာများစစ်ဆေးခြင်း၊ ကုန်တင်ယာဉ်များ၏ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား RDT စနစ်ဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အလှူငွေကျပ် ၅၀၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် ကော်မတီအဖွဲ့ဝင်များက လက်ခံခဲ့ကြောင်း သိရသည်။

**ကေခိုင်စိုး(မြောင်းမြ)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း သဲဖြူကျေးရွာ လျှပ်စစ်မီးလင်းရေး၊ လမ်း၊ တံတားဖွင့်ပွဲ တက်ရောက်

**တောင်ငူ နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်ငူခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီက တောင်ငူမြို့နယ် မြောက်ရေကြည် ကျေးရွာအုပ်စု သဲဖြူကျေးရွာ၌ ပြုလုပ်သော လျှပ်စစ်မီးလင်းရေး၊ လမ်း၊ တံတားဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်တို့ထိစပ်နေသည့် သဲဖြူကျေးရွာတွင် လျှပ်စစ်မီးများ ရရှိ၍ လမ်းပန်းဆက်သွယ်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး ကိစ္စရပ်များတွင် များစွာအဆင်ပြေနိုင်ကြပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ရာ ဝိုင်းဝန်းကာ တက်ညီလက်ညီဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့သည်။

**ကိုလွင်(ဆွာ)**



## ကော့သောင်းမြို့၌ ကျန်းမာရေးထောက်ကူပေး

**ကော့သောင်း နိုဝင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း၊ ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ရွှေဇင်ယော်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်ခဲ့ကြသည်။

ရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးမိခင်များအား ကျန်းမာရေးဝန်ထမ်းများက မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးလျှော့ချရေးအသင်းမှ စေတနာ့ဝန်ထမ်းများ အကူအညီဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း၊ ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ပေါင်ချိန်ပေးခြင်း၊ ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးပေးခြင်း၊ အသက် ကိုးနှစ်မှ ၁၀နှစ်အရွယ် မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

**ကျော်စိုး (ကော့သောင်း)**

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ဟားခါးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှုဆောင်ရွက်

**ဟားခါး နိုဝင်ဘာ ၂၁**

ချင်းပြည်နယ် ဟားခါးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှု(Mask Campaign )ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ယနေ့ နံနက် ၉ နာရီက ကိုဗစ်-၁၉ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် နှာခေါင်းစည်း မဖြစ်မနေ ဝတ်ဆင်ရေးလှုပ်ရှားမှုအဖြစ် စတင်ဆောင်ရွက်ရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင့်ထန် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

Mask Campaign ကို ဟားခါးမြို့ လမ်းဆုံနေရာများနှင့် ရာလ်ဒွန်းဈေးများတွင် နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိသူများအား နှာခေါင်းစည်းအခမဲ့ဝတ်ဆင်ပေးခြင်းနှင့် ညစ်ပေသည့် နှာခေါင်းစည်းဝတ်ဆင်သူများအား နှာခေါင်းစည်းအသစ် အခမဲ့ လဲလှယ်ဝတ်ဆင်ပေးခြင်းနှင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ အသိပညာပေး ဟောပြောခြင်းတို့ကို ဟားခါးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် ကော်မတီဝင်များက ဆောင်ရွက်ခဲ့ကြရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင့်ထန် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ Mask Campaignကို ဟားခါးမြို့တွင် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ တစ်ရက်လျှင် နှာခေါင်းစည်းအခုရေ ၁၀၀၀ နှုန်းဖြင့် ဖြန့်ဝေမည့် နေ့ရက်သတ်မှတ်၍ ၁၄ ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ် ကြောင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိသူများအား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟားခါးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီထံမှ သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်ရှိ တောင်ပေါ်ဒေသကျေးရွာချင်းဆက်လမ်းများ အပြီးသတ်ဖောက်လုပ်

**နေပြည်တော် နိုဝင်ဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် အတွင်းရှိ တောင်ပေါ်ဒေသကျေးရွာများရှိ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများကို စီမံကိန်းများချမှတ်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(လားရှိုး)မှ သိရသည်။



အဆိုပါလမ်းများအနက် ကွတ်ခိုင်မြို့နယ် မိုင်းယုလေး-ဂျုံနော-ရောက်ပန်းကုန်း-မုံးဝီးလမ်းမှာ လမ်းအရှည်(၂၇/၀)မိုင်ရှိပြီး ယင်းလမ်းပိုင်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်ကာ မြေသားလမ်း(၁၀/၀)မိုင်ကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြေသားလမ်း(၁၀/၀)မိုင်ကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြေသားလမ်း(၂/၄)မိုင်ကို ဆောင်ရွက်ခဲ့ကာ စုစုပေါင်းလမ်းအရှည် (၂၂/၄)မိုင်ကို မြေသားလမ်းအဆင့်အဖြစ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ ယင်းလမ်းပိုင်းအနက်မှ ကျန်ရှိသည့် လမ်းပိုင်းဖြစ်သော (၄/၄) မိုင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၈၆ ဒသမ ၃၀၈ သန်းဖြင့် မြေသားလမ်းအပြီးသတ် ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပြီး အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက တောင်ပေါ်ကျေးရွာ ၁၈ ရွာနှင့် အိမ်ခြေ ၁၄၉၃ အိမ်မှ လူဦးရေ ၁၁၃၂၃ ဦးတို့မှာ ကွတ်ခိုင်မြို့နယ်နှင့် နမ့်ခမ်းမြို့တို့သို့ အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်ကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်**

## ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ကျပ် ၁၀ သန်းအထက်လုပ်ငန်းများ အိတ်ဖွင့်တင်ဒါရောင်းချ

**ဘားအံ နိုဝင်ဘာ ၂၁**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့သော ငွေကျပ် ၁၀ သန်း အထက်လုပ်ငန်းများ အိတ်ဖွင့်တင်ဒါရောင်းချခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် တင်ဒါရွေးချယ်ရေး ကော်မတီဝင်များ တက်ရောက်ခဲ့ပြီး တင်ဒါစည်းမျဉ်း၊ စည်းကမ်း၊ အမှတ်ပေးစည်းမျဉ်းများနှင့်အညီ ဖွင့်ဖောက်စစ်ဆေးအမှတ်ပေးခဲ့ပြီး တင်ဒါအောင်ကုမ္ပဏီများအား ရွေးချယ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ဘားအံခရိုင်ရုံးအဆောက်အအုံသစ် ဖွင့်လှစ်

**ဘားအံ နိုဝင်ဘာ ၂၁**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ယနေ့ နံနက် ၉ နာရီခန့်က ဘားအံမြို့ အမှတ်(၇)ရပ်ကွက် မန်းဘခိုင်လမ်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဘားအံခရိုင်ရုံး နှစ်ထပ်အဆောက်အအုံသစ်အား ဖွင့်လှစ် ပေးခဲ့သည်။

**အထိမ်းအမှတ်သစ်ပင်စိုက်ပျိုး**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်စိုးတို့သည် အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့်အတူ အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြပြီး ကရင်ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူကျော်က ဖွင့်ပွဲအထိမ်းအမှတ်အလံကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

**တာဝန်ယူတည်ဆောက်**

ယနေ့ဖွင့်လှစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဘားအံခရိုင်ရုံး နှစ်ထပ်အဆောက်အအုံသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၂၃ ဒသမ ၈၉ သန်းဖြင့် Million Effect Co.,Ltd. မှ ဇန်နဝါရီ ၂၃ ရက်တွင် တာဝန်ယူစတင်တည်ဆောက်ခဲ့ပြီး စက်တင်ဘာ ၂၈ ရက်တွင် ပြီးစီး၍ ယနေ့တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်နှင့် စစ်ဆေးချက်ပုံစံများ လိုက်နာဆောင်ရွက်ထားပါက ဆောက်လုပ်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခွင့်ပြုမည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် လမ်းညွှန်ချက် (Version 4.0) နှင့် ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ စစ်ဆေးချက်ပုံစံ ၁၈ ချက်တွင် မိမိလုပ်ငန်းခွင်နှင့် လိုက်လျောညီထွေရှိသည့်အချက်များကို လိုက်နာဆောင်ရွက်ထားပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်၏ ပြောကြားချက်အရ သိရသည်။

**ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ကြီးကြပ်မှုကော်မတီကပြုလုပ်သည့် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းခွင်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အစီအမံများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသိပေးရှင်းလင်းပွဲတွင် ၎င်းက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြန်လည်ဆောင်ရွက်လိုသော ဆောက်လုပ်ရေးစီမံကိန်းများအနေဖြင့် ကော်မတီ၏ စစ်ဆေးချက်ပုံစံ ၁၈ ချက်တွင် လိုက်နာဆောင်ရွက်ထားရှိကြောင်း ဓာတ်ပုံမှတ်တမ်းများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် (Version 4.0)ကို လိုက်နာဆောင်ရွက်ကြောင်း ဝန်ခံကတိပြုချက်တို့ကို တာဝန်ရှိသူကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ကြီးကြပ်မှုကော်မတီသို့ လိပ်မူ၍ ပေးပို့လျှောက်ထားနိုင်ပြီး လျှောက်ထားပြီးပါက လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ကြောင်း အသိပေးရှင်းလင်းပွဲမှ သိရသည်။



"ဆောက်လုပ်ရေးလုပ်ငန်းတွေကို ခွင့်ပြုလိုက်တဲ့အခါမှာလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှာ ကြောက်ရတယ်။ ဒါကြောင့် ကော်မတီက သတ်မှတ်ထားတဲ့အချက် ၁၈ ချက်ရှိတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ (Version 4.0)ရှိတယ်။ အဲဒီဟာနဲ့ ပတ်သက်ပြီး ဆောင်ရွက်ထားတာကို ဓာတ်ပုံနဲ့တင်ပြပြီး ညွှန်ကြားချက်ကို လိုက်နာပါမယ်ဆိုတဲ့ ခံဝန်ကတိ တင်လိုက်တာနဲ့ ချက်ချင်းခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်။ သာမန်အားနည်းချက်ရှိရင်တော့ ချက်ချင်းပြောပြီး ချက်ချင်းပြင်ခိုင်းပါတယ်။ သတ်မှတ်ထားတဲ့အချက်တွေထဲမှာ အရေးကြီးတဲ့အချက်တွေကိုတော့ လိုက်နာဖို့လိုပါတယ်။ ကြီးကြီးမားမား ညွှန်ကြားချက်တွေကို မလိုက်နာရင် တိုင်ကြားလို့ပဲဖြစ်ဖြစ် ရှောင်တခင်စစ်ဆေးလို့ပဲဖြစ်ဖြစ် တွေ့ရင် ယာယီပိတ်သိမ်းမှာဖြစ်ပါတယ်။ ပြုပြင်ပြီးတာနဲ့ ချက်ချင်း ပြန်ခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမျိုးမြင့်က ပြောသည်။

**လုပ်သားထုတစ်ရပ်လုံး မကူးစက်ရေး**

ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်၊ ဆောက်လုပ်ရေးလုပ်ငန်းများ တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက် လုပ်ကိုင်နိုင်ရန်နှင့် ဆောက်လုပ်ရေးကဏ္ဍရှိ လုပ်သားထုတစ်ရပ်လုံး ကပ်ရောဂါမကူးစက်ရေးနှင့် ဖြစ်ပေါ်လာပါက အချိန်မီကုသနိုင်ရန်အတွက် စီမံထားရန် ရည်ရွယ်ချက် သုံးခုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ယခုနှစ် မေ ၄ ရက်တွင် ဖွဲ့စည်းခဲ့သည်။

တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုရန် ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ကြီးကြပ်မှုကော်မတီသို့ တင်ပြထားသည့် ဆောက်လုပ်ရေးလုပ်ငန်းပေါင်း ၄၀၀ ကျော်ရှိပြီး လုပ်ငန်း ၁၀၀ ကျော်ကို ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း အသိပေးရှင်းလင်းပွဲမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမျိုးမြင့်က "ကိုဗစ်အလွန်မှာ ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုတင်စီမံပြီး ဖွဲ့စည်းခဲ့တာပါ။ ဆောက်လုပ်ရေးလုပ်ငန်းတွေကို တိုင်းဒေသကြီးအစိုးရကလည်း မြန်မြန်ဆန်ဆန် ဖွင့်လှစ်စေချင်တယ်။ ရန်ကုန်တိုင်းဒေသကြီးက တစ်နိုင်ငံလုံးရဲ့ စီးပွားရေးကဏ္ဍရဲ့ ၇၀ ရာခိုင်နှုန်းလောက် ဖြစ်နေတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေ ရပ်ဆိုင်းထားရင် နိုင်ငံရဲ့စီးပွားရေးရော အခြေခံဆောက်လုပ်ရေးလုပ်သားတွေနဲ့ ဝန်ထမ်းတွေရဲ့ စားဝတ်နေရေး အခက်အခဲဖြစ်မှာစိုးလို့ ကြီးကြပ်မှုကော်မတီက ဆောက်လုပ်ရေးလုပ်ငန်းတွေ အမြန်ဖွင့်လှစ်ဖို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" ဟု ပြောသည်။

**ဝင်ရောက်ကြည့်ရှုနိုင်**

ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် လိုက်နာရန် သတ်မှတ်ထားသည့် စစ်ဆေးချက် ပုံစံ ၁၈ ချက်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက် (Version 4.0) ကို Yangon City Gallery Facebook Page၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ website၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန website၊ ဆောက်လုပ်ရေးဝန်ကြီးဌာန website၊ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး Facebook Page နှင့် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ အသင်းများ၏ website တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**

❖ **အာဆီယံအဆင့်မှ**

ဖူဆယ်ပြိုင်ပွဲအဖြစ် လက်ရွေးစင်အဆင့် အာဆီယံဖူဆယ်ပြိုင်ပွဲနှင့် အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ၊ သဲသောင်ပြင်ဘောလုံးပြိုင်ပွဲအဖြစ် အာဆီယံ သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ၊ ကလပ်ဘောလုံးပြိုင်ပွဲအဖြစ် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတို့ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ လက်ရှိတွင် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတစ်ခုတည်းသာ ကျင်းပမည့်ရက် ထုတ်ပြန်နိုင်ပြီး ၂၀၂၁ ခုနှစ် ဧပြီ ၁၁ ရက်မှ မေ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကာ ကျန်ပြိုင်ပွဲကျင်းပမည့်ရက်များ ထုတ်ပြန်နိုင်ခြင်းမရှိသေးပေ။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကပ်ရောဂါအခြေအနေကြောင့် ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲအားလုံး ဖျက်သိမ်းခဲ့ရပြီး အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင်ကျင်းပမည့် ပြိုင်ပွဲများနှင့်ပတ်သက်၍ ယခုနှစ်မကုန်မီ အတည်ပြုထုတ်ပြန်ဖွယ်ရှိနေသည်။

မြန်မာအသင်းများသည် လာမည့်နှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများအနက် သဲသောင်ပြင် ဘောလုံးပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲများအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့်အပေါ်မူတည်၍ ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာဘောလုံးအသင်းနှင့် ဖူဆယ်အသင်းအများစုမှာ လာမည့်နှစ်တွင် အာဆီယံအဆင့်ပြိုင်ပွဲများအပြင် အာရှအဆင့်ခြေစစ်ပွဲနှင့် အခြားပြိုင်ပွဲများလည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ကိုဗစ်ကာလ အခြေခံပြည်သူများအား ငါးကြိမ်မြောက် အိမ်တိုင်ရာရောက် ဆန်များအခမဲ့ပေးဝေ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်နေချိန် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ညီညွတ်ရေးလမ်းဝန်းကျင်အတွင်း Stay at Home နေထိုင်နေသော အခြေခံပြည်သူအိမ်ထောင်စု ၇၅၀ အား ငါးကြိမ်မြောက် အိမ်တိုင်ရာရောက် ဆန်များ အခမဲ့ပေးဝေခြင်းကို ယနေ့ နံနက်ပိုင်းတွင် ကောက်ရိုးနွယ်လူမှုအကျိုးပြုအဖွဲ့မှ ဦးဆောင်ကာ ပေးဝေကြောင်း သိရသည်။

ကောက်ရိုးနွယ်လူမှုအကျိုးပြုအဖွဲ့မှ ငါးကြိမ်မြောက်အဖြစ် မရမ်းကုန်းမြို့နယ်အတွင်း ညီညွတ်ရေးလမ်းဝန်းကျင်ရပ်ကွက်နေ အခြေခံပြည်သူအိမ်ထောင်စု ၇၅၀ အား တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်နှုန်းဖြင့် အိမ်တိုင်ရာရောက် အခမဲ့ဝေငှပေးကြောင်း သိရသည်။ အခြားသောစေတနာရှင် အလှူရှင်များအနေဖြင့် ကောက်ရိုးနွယ်လူမှုအကျိုးပြုအဖွဲ့နှင့် လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မြင့်မောင်**

❐ **ကျောဖုံးမှ**

မြိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးအောင်နှင့်အဖွဲ့ဝင်များ၊ ကရုဏာရှင်လူမှုကူညီရေးအသင်းမှ အဖွဲ့ဝင်များသည် ဈေးရောင်း၊ ဈေးဝယ်များနှင့် အများပြည်သူများ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဘေးမှ ကင်းဝေးစေရန်နှင့် အပြင်ထွက်လျှင် နှာခေါင်းစည်းဝတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြည်သူလူထုပူးပေါင်းပါဝင်လာနိုင်စေရန်နှင့် ဈေးသို့လာရောက်ကြသော ဈေးသူ ဈေးသားများ၊ ဈေးရောင်း ဈေးဝယ်များအား မြို့နယ် ကိုဗစ်ကော်မတီမှ လှူဒါန်းသည့် နှာခေါင်းစည်းများ အခမဲ့ပေးဝေခဲ့ကြသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း နေထိုင်သွားလာရေးနှင့် ဆောင်ရန်ရှောင်ရန်များကို လက်ကိုင်အသံချဲ့စက်များဖြင့် အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေဝတ်ဆင်ရေး လူထုလှုပ်ရှားမှု ဆောင်ရွက်

**မာန်အောင်**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းဝတ်ဆင်ရေး Mask Campaign နှင့် ကမ်းခြေသန့်ရှင်းသာယာလှပရေး အမှိုက်ကောက် Campaign တို့ကို နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီက စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျန်အေးနှင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့မဈေးအနီးလမ်းဆုံလမ်းခွနှင့် မြို့ဝင်၊ မြို့ထွက်လမ်းမပေါ်တွင် သွားလာနေသောပြည်သူများအား ကိုဗစ်-၁၉ ရောဂါ အသိပညာပေးခြင်း၊ နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးခြင်း၊ မလိုအပ်ဘဲ အိမ်အပြင်မထွက်ကြရန်နှင့် မဖြစ်မနေထွက်ရပါက နှာခေါင်းစည်းကိုစနစ်တကျ ဝတ်ဆင်သွားလာရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့သည်။

ယင်းနောက် အဆိုပါပူးပေါင်းအဖွဲ့သည် သိမ္ဗလကျေးရွာပင်လယ်ကမ်းခြေသို့သွားရောက်ပြီး ကမ်းခြေသန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ကောက် Campaign ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**



**ကလေးဝ**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်ရေး Mask Campaign ပြုလုပ်ခြင်းနှင့် နှာခေါင်းစည်း အခုရေ ၁၀၀၀ အား အခမဲ့ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီက မြို့မရဲစခန်းရှေ့၌ ဆောင်ရွက်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကလေးဝ မြို့တွင်း ဝင်/ထွက်သွားလာနေသော ပြည်သူများအား နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်ရေးအသိပညာပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်ဟန်(ပြန်/ဆက်)**





**အမာ**

ဧရာဝတီတိုင်းဒေသကြီး အမာမြို့၌ လူသွားလူလာများပြားသည့် ဈေးနှင့် လမ်းဆုံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးနှင့် နှာခေါင်းစည်းမဖြစ်မနေ ဝတ်ဆင်ရေးလှုပ်ရှားမှုအဖြစ် နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီမှစ၍ Mask Campaign ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဈေးများ၊ ဈေးဝယ်သူများနှင့်ဈေးသည်များ၊ လမ်းသွားလမ်းလာဖြတ်သန်းမှုများသည့် လမ်းများတွင် ပါးစပ်နှင့်နှာခေါင်းစည်းများ၊ မျက်နှာအကာများ အခမဲ့ဝေငှခြင်းနှင့် ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များကို သိရှိလိုက်နာစေရေး အသိပညာပေးပြောကြားမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နော်လေး(ပြန်/ဆက်)**

**ဝါးခယ်မ**

ဝါးခယ်မမြို့နယ်ရှိ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးခြင်းနှင့် နေအိမ်ပြင်ပထွက်ခွာပါက နှာခေါင်းစည်း မဖြစ်မနေဝတ်ဆင်ရေး လှုပ်ရှားမှုအဖြစ် Mask Campaign ကို နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီတွင် မြို့မဈေးနှင့် မြို့နယ်အတွင်း လူစည်ကားရာနေရာများ၌ ပြုလုပ်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် Mask Campaign ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်နှင့် ကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက မြို့မဈေးရှိ ဈေးရောင်း/ဈေးဝယ်များ၊ လမ်းသွားလမ်းလာပြည်သူများအား ပါးစပ်နှင့်နှာခေါင်းစည်းများ၊ မျက်နှာအကာများ ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ထားသော ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်မှုများ အသိပညာပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **လွှမ်းသီဟ(ပြန်/ဆက်)**



**လောက်ကိုင်**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန်နှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက တုံချိန်ကြာပန်းအဝိုင်းပတ်နှင့် ကားကွင်းအနီး မီးပွိုင့်လမ်းဆုံတို့တွင် လမ်းသွားလမ်းလာ ပြည်သူများ နှာခေါင်းစည်းများဝတ်ဆင်စေရေး Mask Campaign ပြုလုပ် ဆောင်ရွက်ခဲ့ကြသည်။

**ဇော်ဇော်အောင် (ပြန်/ဆက်)**

**ကျိုက်ဒုံ**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ ကျေးလက်ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် Mask Campaign ပြုလုပ်ခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ နေအိမ်ပြင်ပထွက်တိုင်း နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်ကြရန်၊ မိမိတို့၏လက်ကို ဆပ်ပြာရည်၊ လက်သန့်ဆေးရည်များဖြင့် မကြာခဏ စနစ်တကျဆေးကြောကြရန်နှင့် ဂရုပြုသွားလာနေထိုင်ရမည့် နည်းလမ်းများ အသိပညာပေး ပြောကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များတွင် သွားလာနေကြသည့်ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျလက်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းနိုင်(ပြန်/ဆက်)**



**ပေါင်**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ လူစည်ကားသည့်နေရာများနှင့် ရောဂါကူးစက်နိုင်ခြေ မြင့်နိုင်သည့်နေရာများတွင် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲဆက်သွယ်ပညာပေး လူထုလှုပ်ရှားမှုကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါ လူထုလှုပ်ရှားမှုများတွင် မွန်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီး၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ မြို့မဈေး၊ မုတ္တမကျေးရွာ၊ ဇင်းကျိုက်မြို့တို့ရှိ လူစည်ကားသည့်နေရာများအပြင် အိမ်တိုင်ရာရောက် အသိပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ နှာခေါင်းစည်းဝတ်ဆင်စေခြင်း၊ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းသန်း(ပြန်/ဆက်)**

**မိုးမိတ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဈေးများ၊ မြို့အဝင်အထွက် လမ်းဆုံများနှင့် ဆေးရုံလမ်းဆုံတို့တွင် နှာခေါင်းစည်းများဖြန့်ဝေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြန့်ဝေရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မိုးမိတ်သား(ပြန်/ဆက်)**



**ကျိုက်မရော**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများနှင့် အသွားအလာများသည့်နေရာများတွင် နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီက နှာခေါင်းစည်းဝတ်ဆင်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ နှာခေါင်းစည်းဝတ်ဆင်ရေး လှုပ်ရှားမှုများကို နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်အထိ မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာဖြစ်သည့် မြို့အဝင်ထန်းပင်တန်း၊ ဟသ်ာအဝိုင်းလမ်းဆုံ၊ ကျိုက်မရော-မုဒုံသွား ကျွန်းရွာလမ်းဆုံ၊ ကော့ပနောလမ်းဆုံနှင့် စံပယ်ဂူတံတားကြီးထိပ်တို့တွင် နှာခေါင်းစည်း ဝတ်ဆင်လာခြင်းမရှိသူများအား နှာခေါင်းစည်းများပေးကာ ချက်ချင်းဝတ်ဆင်သွားလာစေခြင်းများကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုချို(ပြန်/ ဆက်)**

**အနိစ္စ**

ကြီး
မြန်
သစ်
ပင်
စိုက်
ပျိုး
လျှင်
စွမ်း
အင်
လည်း
ရ
ပြည်
လည်း
လှ

**ဘုရား၊ စေတီ၊ ကျောင်း၊ ဇရပ်၊ မုဒ်ဦး၊ တရားပွဲ ဒါယိကာမကြီး**

## ဒေါ်ဝင်း (ခ) ဒေါ်ရွှေဝင်း (ကုက္ကိုင်း) (ကမ္ဘာအေး၊ ရေကူး)

## အသက် (၁၀၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ ရေကူးရွာမလမ်း၊ ၁၃၈(က) နေ (ဦးရွှေရ-ဒေါ်ယူ)တို့၏သမီး၊ [ဦးမောင်ထွန်း(အရာခံဗိုလ်-ငြိမ်း၊ ကပစ-၄)]၏ဇနီး၊ (ဦးလှမြင့်-ဒေါ်ငွေးဟန်)၊ ဒေါ်နုနုအေး(လ/ထညွှန်မှူး-ငြိမ်း၊ စက်မှု-၂)၊ ဦးသန်းထွန်း(ဒုဌာနမှူး-ငြိမ်း၊ ရေသန့်၊ မြို့တော်စည်ပင်)-ဒေါ်စုစုအေး(အလပြ-ငြိမ်း၊ မ/၃၉၊ သာကေတ)၊ ဦးထွန်းဝင်း-ဒေါ်တင်တင်ဝင်း၊ ဦးစိုးဝေ-ဒေါ်ဘေဘီ၊ ဦးမျိုးသန့်-ဒေါ်စန်းစန်းအေး၊ (ဦးရွှေလှဝင်း)၊ ဦးစောနိုင်(လ/ထမန်နေဂျာ-ငြိမ်း၊ ကျောက်မျက်ပြတိုက်-ရန်ကုန်)-ရဲအုပ်ခင်သီတာကျော်(Tourist Police)၊ ဦးလှဟန် (Marine Sky Shipping Co.,Ltd)-ဒေါ်သန်းသန်းငွေ၊ ဒုဗိုလ်မှူးကြီးထွန်းထွန်းထွေး (ငြိမ်း)(ညွှန်ကြားရေးမှူး-နှစ်ရှည်၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ရီရီအေးတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ် ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၁၁-၂၀၂၀ (သောကြာနေ့) ညနေ ၆:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၁-၁၁-၂၀၂၀ (စနေနေ့) နံနက် ၁၀:၅၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်အေး

## အသက် (၉၇) နှစ်

စာရေးဆရာ ကိုရိုးကွန့်၊ ကာတွန်းဆရာ အော်ပီကျယ်တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်အေးသည် ၂၀-၁၁-၂၀၂၀ (သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ ပြည်သူ့အရေးဂျာနယ် အယ်ဒီတာအဖွဲ့က မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့အရေးဂျာနယ်အယ်ဒီတာအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး

## ဒေါ်တင့်ဟန်(သံတွဲမြို့)

## အသက်(၉၆)နှစ်

အမှတ်(၈၀)၊ ယင်းမာမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့နေ ဦးတိုးအောင်မြင့် [အမြဲတမ်းအတွင်းဝန် (ငြိမ်း)၊ (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)၊ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်)] -ဒေါ်မာလာဟန်တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်တင့်ဟန်သည် ၁၅-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ (၂:၄၅)နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ်ဒါရိုက်တာအဖွဲ့နှင့်ဘဏ်ဝန်ထမ်းများ**
**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုး

## အသက်(၈၅)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၏ဇနီးဒေါ်ကြူကြူစိုး၏ ဖခင်ဦးစိုး အသက်(၈၅)နှစ်သည် ၂၀-၁၁-၂၀၂၀ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညီနောင်(၂၄)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလှတိုး

## အသက် (၇၈)နှစ်

## ဒေါ်ခင်ကြည်

## အသက်(၇၅)နှစ်

မော်လမြိုင်ကောလိပ်ကျောင်းသားဟောင်း ဦးလှတိုးသည် ၃-၁၁-၂၀၂၀ ရက်တွင်လည်းကောင်း၊ ၎င်း၏ ဇနီးဒေါ် ခင်ကြည်သည် ၁၁-၁၁-၂၀၂၀ ရက်တွင်လည်းကောင်း ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**၁၉၅၉-၁၉၆၅ မော်လမြိုင်ကောလိပ်**
**ကျောင်းသားဟောင်းများ**

## ဒေါ်ကူးပါမော်(ခ)ဒေါ်ချစ်

## အသက် (၉၃) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း၊ ခြံအမှတ်(၃၉-ဘီ) နေ ဦးမောင်စိန်-ဒေါ်ကာမလာ (Golden Everest Co., Ltd.) MD၊ Six Winner Brothers Co.,Ltd. Chairmanတို့၏မွေးမိခင်၊ ဦးကျော်မြင့်-ဒေါ်တင်တင်မိုး၊ ဦးဇော်မင်း-ဒေါ်တင်တင်လှတို့၏ အဘွား၊ မြစ် ခုနစ်ယောက်တို့၏ အဘွားသည် ၂၁-၁၁-၂၀၂၀(စနေနေ့)၊ ည ၆:၁၀ နာရီအချိန်တွင် (၉၆)ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသဖြင့် ၂၂-၁၁-၂၀၂၀(တနင်္ဂနွေနေ့)၊ မွန်းလွဲ ၂:၃၀ နာရီအချိန်တွင် ရေဝေးဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မေရီ (ရှင်မုတ္တီး၊ ထားဝယ်)

## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ရွှေဘိုလမ်း၊ အမှတ်(၁၆)၊ လေးလွှာနေ (ဦးအုန်းသော်)၏ဇနီး၊ ဒေါ်ခင်နန်းရီ၊ ဒေါ်အုန်းအုန်းရီ၊ ဦးဝင်းနိုင်၊ ဦးစိန်သန်း-ဒေါ်စမ်းစမ်းရီ၊ (ဦးတင်ဇော်ဦး)-ဒေါ်ငွေးငွေးရီတို့၏မိခင် မအိမ့်သီရိသူ၊ မဆုမြတ်သီရိဇော်၊ မောင်ဘုန်းပြည့်ပိုင်၊ မောင်အောင်ထွန်းလင်းတို့၏အဘွားသည် ၁၉-၁၁-၂၀၂၀(ကြာသပတေးနေ့) ည ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးများအားအကြောင်းကြားအပ်ပါသည်။ နာရေးကိစ္စအဝဝတွင် ကူညီပေးပါသော၊ ဝမ်းနည်းနှစ်သိမ့်စာနာကြောင်း ပေးပို့ကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား ကျန်ရစ်သူမိသားစုမှ လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်ဇော်(လက်ပံတန်း)

## အသက်(၆၉)နှစ်

**B.Sc(Maths) (Yangon University)**

ရန်ကုန်မြို့၊ အမှတ်(၂၄)၊ သုံးလွှာ(B)၊ ဗိုလ်စောဦးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးကျော်ငြိမ်း-ဒေါ်လှကြိုင်)တို့၏သားကြီး၊ [ဒေါ်ရီရီမြင့်(ခ) ဒေါ်စံပယ် ]၏ခင်ပွန်း၊ ဦးမင်းဟန်-ဒေါ်သီတာမြင့်၊ (ဦးသိန်းမြင့်)-ဒေါ်မိုးသူခိုင်၊ ဦးအေးကျော်- ဒေါ်သန်းနု တို့၏အစ်ကိုကြီး၊ မသီရိဇော်(UAT)၊ ဒေါက်တာနေအောင်(ကျောက်ဆည်ပြည်သူ့ဆေးရုံ)-ဒေါက်တာနီနီဇော် (တောင်သာပြည်သူ့ဆေးရုံ)၊ မောင်ပြည့်ဇော်ဖြိုး-မဇင်ဝင့်ဇော်(ဇော်မေတ္တာဆေးဆိုင်)တို့၏ချစ်လှစွာသောဖခင်၊ မောင်သုတဇော်၊ မောင်ဉာဏဇော်တို့၏အဘိုးသည် ၁၈-၁၁-၂၀၂၀(ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၅ နာရီတွင် SSC (ရွှေဂုံတိုင်ဆေးရုံ)၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၉-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နော်ထူးဖော

## အသက် (၆၂) နှစ်

Flexo Tech Co.,Ltd. CEO ဦးဇော်ထွန်းအောင် – MD ဒေါ်ဖွန့်လတ်မွန်မွန်တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မသွန်းဘုန်းကြယ်စင်ထွန်း၊ မောင်ဘုန်းနေခ တို့၏ချစ်လှစွာသောအဘွား ဒေါ်နော်ထူးဖောသည် ၂၀-၁၁-၂၀၂၀ ရက်တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Flexo Tech Co.,Ltdမှ ဝန်ထမ်းများ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တနန္ဒက

## သိက္ခာတော် (၆၄) ဝါ၊ သက်တော် (၈၄) နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ၈/တောင်ရပ်ကွက်၊ပုဗ္ဗာရုံကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒကသည် ၂၁-၁၁-၂၀၂၀ (စနေနေ့) နံနက် ၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၂-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ပုဗ္ဗာရုံကျောင်း
တပည့်ဒါယကာ၊ ဒါယိကာမများ

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးစီဂျေကဒိုးဇိုး (ခ) ဦးကာလို

**(Mariner Shipping)**

## အသက် (၆၄) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ အမှတ်(၅၆၆/ခ)၊ သီဟသူ(၃)လမ်းနေ ဦးပီဂျေကဒိုးဇိုး- ဒေါ်ဂရေစီတို့၏သား၊ ဦးဂျင်မီ၊ ဦးခရစ်တိုဖာ၊ ဦးဂျက်ဖရီ၊ ဒေါ်ဂျက်နီဖာ၊ ဦးဖီးလစ်တို့၏ညီ/မောင်၊ ဒေါ်တင်တင်ဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဗိုလ်ဗိုလ်ကျော်-မပန်းမြတ်မွန်၊ ကိုဇင်ဝေလင်းတို့၏ဖခင်၊ မသွန်းမြတ်ရတီကျော်၏အဘိုး၊ ကိုတင့်နိုင်-မစုစုလှိုင်တို့၏အစ်ကိုသည် ၂၁-၁၁-၂၀၂၀ (စနေနေ့) နံနက် ၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၃-၁၁-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် မိစ္ဆားတရားနာယူပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်သီတာကြည်(ပဲနွယ်ကုန်း)

## အသက်(၆၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲနွယ်ကုန်းမြို့နေ (ဦးတင်ကြည်-ဒေါ်ခင်ရီ)တို့၏ သမီးကြီး၊ ဗိုလ်ကြီးမျိုးညွန့်(ငြိမ်း)-ဒေါ်တင်နီလာကြည်၊ ဒေါ်တင်သူဇာကြည်၊ (ဦးဝင်းဦး-ဒေါ်တင်ဥမ္မာကြည်)၊ ဦးမိုးဟိန်း-ဒေါ်တင်မာလာကြည်၊ ဦးမင်းသူတင်-ဒေါ်မိုးသီတာ၊ ဦးအောင်သူတင်-ဒေါ်သူဇာမိုးမြင့်ခိုင်တို့၏ အစ်မကြီး၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ကြီးကြီး၊ မြေးသုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၁၁-၂၀၂၀ ရက်၊ ညနေ ၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့်ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား ၂၂-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်၌ တရားတော်နာ ရေစက်ချပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု (ပဲနွယ်ကုန်း)

## ဒေါ်တင်သီတာကြည်

## အသက် (၆၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ MRTV ဝင်း၊ တိုက်(၄)၊ အခန်း(၇) ပြည်လမ်းနေ [ဦးအေးလွင် (ထောင်မှူး-ငြိမ်း)]၏ဇနီး၊ ကိုတင်နေလင်း (MRTV)-မခင်လဲ့လဲ့ဝင်း (MRTV)၊ ကိုတင်အောင်မင်း (Heineken Co.,Ltd)၊ ဗိုလ်မှူးတင်ခိုင်ဝင်း-မနွေးလဲ့ဝတ်ရည်(BPI)၊ ကိုသန့်ဇော်လွင်-မမိုးသန္တာဦးတို့၏ မိခင်၊ မြေး လေးယောက်တို့၏ အဘွားသည် ၂၀-၁၁-၂၀၂၀ ရက်နေ့ ညနေ ၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့်ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်အား ၂၂-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်၌ တရားတော်နာရေစက်ချပြီး ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နော်ထူးဖော

## အသက် (၆၂) နှစ်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်နေ (ဦးစောကြာဒိုး-ဒေါ်ပေါ်မြ)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်နေ [ဦးကျော်လွင် (ခ) ဦးငွေပေါ် ]၏ချစ်လှစွာသောဇနီး၊ ကိုဇော်ထွန်းအောင်-မဖွန့်လတ်မွန်မွန်၊ ကိုကျော်ထွန်းအောင်-နော်လဲ့ပွဲမှူး၊ ကိုလွင်မင်းအောင်တို့၏မွေးသမိခင်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၂၀-၁၁-၂၀၂၀ (သောကြာနေ့) ညနေ ၂:၄၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု






# နိုဝင်ဘာ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၄၃၄ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၀-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၈၀၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၃၄) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၂၀၉) ခု | (၃၂၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၆၁၇) ခု | (၄၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၈၁) ခု | (၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မုံရွာ) | (၃၃၁) ခု | (၁) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၄၅) ခု | (၅၂) ဦး |
| ရန်ကုန်မြို့ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၅၅) ခု | (၃) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၀၄) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၈၃) ခု | (၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၄၆) ခု | (၃၀၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၄၀၉) ခု | (၆၆၈) ဦး |
| **စုစုပေါင်း** | **(၁၈,၀၉၀) ခု** | **(၁,၄၃၄) ဦး** |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖

# အာဆီယံအဆင့် ဘောလုံး၊ ဖူဆယ်ပြိုင်ပွဲများနှင့် ပတ်သက်၍ အာဆီယံဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်မည်

**ရန်ကုန် နိုဝင်ဘာ ၂၁**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင်ကျင်းပမည့် အာဆီယံအဆင့် ဘောလုံး၊ ဖူဆယ်ပြိုင်ပွဲများနှင့်ပတ်သက်၍ ထုတ်ပြန်မည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင် ပုံမှန်ကျင်းပနေသည့်ပြိုင်ပွဲများအပြင် ရွှေ့ဆိုင်းထားသည့်ပြိုင်ပွဲများနှင့် ပြန်လည်ကျင်းပရန် စီစဉ်ထားသည့်ပြိုင်ပွဲများအပါအဝင် ပြိုင်ပွဲစုစုပေါင်း ကိုးခုနှင့်အထက် ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

**ထပ်မံထုတ်ပြန်မည်**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် နှစ်စဉ် ဘောလုံးနှင့် ဖူဆယ်ပြိုင်ပွဲ ကိုးခုနှင့်အထက် ကျင်းပလျက်ရှိပြီး ကပ်ရောဂါအပေါ်မူတည်၍ လာမည့်နှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများ ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင် ဘောလုံးအမျိုးသားပြိုင်ပွဲများအဖြစ် အာဆီယံဆုဇူကီးဖလားပြိုင်ပွဲ၊ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲများအဖြစ် လက်ရွေးစင်အဆင့် အာဆီယံအမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ၊

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖

# ရှာင်မြို့နယ်ရှိ မြိုင်ဈေး၌ နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်



**ရှာင် နိုဝင်ဘာ ၂၁**

လတ်တလော ဖြစ်ပေါ်လျက်ရှိသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်၌ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြိုင်ဈေးသို့ ဈေးရောင်း၊ ဈေးဝယ်လာရောက်ကြသည့် ပြည်သူများအား နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှုအဖြစ် ယနေ့နံနက် ၈ နာရီက အဆိုပါဈေးအတွင်း၌ ဆောင်ရွက်ကြသည်။

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် မြိုင်တိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ ဈေးတာဝန်ခံဦးရန်နိုင်ထွေး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊

စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ❐

## ကြေးမုံ ယနေ့ ဖတ်စရာ


အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မော်လမြိုင်ရုံးခွဲ) ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပ — စာမျက်နှာ » ၅

အာရှရာစုခေတ် စာမျက်နှာသစ် လှစ်ပြချိန် — စာမျက်နှာ » ၁၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်နှင့် စစ်ဆေးချက်ပုံစံများ လိုက်နာဆောင်ရွက်ထားပါက ဆောက်လုပ်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခွင့်ပြုမည် — စာမျက်နှာ » ၂၅



